# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**စောင့်ရှောက်ထားအပ်သောစိတ်**

အလွန့်အလွန်မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော၊ အလိုရှိရာအာရုံ၌ ကျလေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သော စိတ်သည် ချမ်းသာကို ရွက်ဆောင်တတ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၆)


၁၃၈၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၆ ရက် | ၂၀၂၂ ခုနှစ်၊ မေ ၂၀ ရက်၊ သောကြာနေ့ | အတွဲ (၆၁)၊ အမှတ် (၂၂၇)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက် လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နေပြည်တော်ကောင်စီနယ်မြေ ဖွံ့ဖြိုးတိုးတက်ရေးအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

## နေပြည်တော်ကို Green City ၊ Clean City ၊ Smart City ဖြစ်အောင် ဆောင်ရွက်ပြီး ကုန်ထုတ်လုပ်မှုလုပ်ငန်းများကိုလည်း စံပြအဖြစ်ဆောင်ရွက်နိုင်မည်ဆိုပါက မိမိတို့နိုင်ငံအတွက် အခွင့်အလမ်းများ များစွာတိုးတက်လာမည်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နေပြည်တော်ကောင်စီနယ်မြေ ဖွံ့ဖြိုးတိုးတက်ရေးအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် မေ ၁၉**

နေပြည်တော်ကောင်စီနယ်မြေ ဖွံ့ဖြိုးတိုးတက်ရေးအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦး၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီး သန်းထွန်းဦးနှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းတို့

*စာမျက်နှာ ၃ ကော်လံ ၁ ✻*

**ယနေ့** ဖ တ် စ ရာ


**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ငြိမ်းချမ်းရေးဖိတ်ခေါ်ကမ်းလှမ်းမှုအရ ငြိမ်းချမ်းရေးဆွေးနွေးရန် သျှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ (RCSS/SSA)အဖွဲ့မှ ဥက္ကဋ္ဌ ဦးယွက်စစ် ဦးဆောင်သည့် ငြိမ်းချမ်းရေး ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ရောက်ရှိ** — ပြည်တွင်းသတင်း စာ - ၄

**လမ်းကွန်ရက်များ တိုးတက်ကောင်းမွန် စေခြင်းဖြင့် ပဲခူးတိုင်းဒေသကြီး လူမှုစီးပွားဖွံ့ဖြိုးစေမည်** — ဆောင်းပါး စာ - ၉

**မိုးခါးရေ သောက်ခြင်းနှင့် အပြောင်းအလဲ** — ဆောင်းပါး စာ - ၁၀

မြန်မာ့အလင်း

# နေပြည်တော်ကောင်စီနယ်မြေမှ အစပြုကာ စံနမူနာပြနိုင်ရေး

နိုင်ငံတော်၏မြို့တော် နေပြည်တော်ကောင်စီနယ်မြေကို မြန်မာနိုင်ငံ၏ အချက်အချာဒေသတွင် တည်ဆောက်ထားခြင်းဖြစ်သည်။ နေပြည်တော်ကိုဗဟိုပြု၍ အရပ်လေးမျက်နှာ၊ အရပ်ရှစ်မျက်နှာတို့ သွားလာရန် လျင်မြန်လွယ်ကူသည်။ စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများအတွက် ရေမြေအခြေခံကောင်းများရှိပြီး ရေအားလျှပ်စစ်ထုတ်လုပ်မှုနှင့် နီးကပ်လျက်ရှိခြင်းကြောင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တည်ထောင်နိုင်ရန် လိုအပ်သော စွမ်းအင်ကိုလည်း လွယ်ကူစွာရရှိနိုင်သည်။

နေပြည်တော်ကောင်စီနယ်မြေ ဖွံ့ဖြိုးတိုးတက်ရေး အစည်းအဝေးကို မေ ၁၉ ရက်က ကျင်းပရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နေပြည်တော်ကောင်စီနယ်မြေသည် နိုင်ငံတော်၏မြို့တော်ဖြစ်သည့်အတွက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အဓိကထား ဆောင်ရွက်ပြီး Green City၊ Clean City၊ Smart City အဖြစ် တိုးတက်အောင်ဆောင်ရွက်၍ အခြားတိုင်းဒေသကြီးနှင့်ပြည်နယ်များ၏ စံပြနယ်မြေတစ်ခုဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်ရန် ထည့်သွင်းမှာကြားခဲ့သည်။

နေပြည်တော်ကောင်စီနယ်မြေအတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ စနစ်တကျ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရန်မှာ စိုက်ပျိုးမွေးမြူသည့် တောင်သူလုပ်ငန်းရှင်များ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရေး၊ စီမံခန့်ခွဲမှုများကောင်းမွန်ရေးတို့ လိုအပ်သကဲ့သို့ တောင်သူများ၏ လုံ့လဝီရိယအားထုတ်ကြိုးပမ်းမှုများဖြင့် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ ထုတ်လုပ်မှုများ မြင့်မားအောင် အလုပ်လုပ်နိုင်ကြရန်လည်း လိုသည်။ စိုက်ပျိုးရေးနှင့် မွေးမြူရေးတို့မှာ ဆက်စပ်နေသည့် လုပ်ငန်းများဖြစ်ပြီး စိုက်ပျိုးမွေးမြူရေးမှ ထွက်ရှိလာသည့် ထုတ်ကုန်များကို အခြေခံကာ စားသောက်ကုန်ထုတ်လုပ်သည့် စက်ရုံ၊ အလုပ်ရုံ အသေးစား၊ အငယ်စား၊ အလတ်စား များစွာတို့ကိုလည်း ထူထောင်နိုင်သည်။

လက်ရှိအခြေအနေတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ စိုက်ပျိုးမွေးမြူထုတ်လုပ်မှုများမှာ ရေမြေသယံဇာတ၊ လမ်းပန်းဆက်သွယ်ရေးနှင့် စွမ်းအင်တို့ အခြေခံကောင်းများရှိသလောက်ကို အကျိုးရှိဆုံး၊ အမြင့်မားဆုံး အသုံးချနိုင်ခြင်း မရှိသေးသည်ကို တွေ့ရသည်။ အများစုမှာ တောင်သူများ၏ မိရိုးဖလာပုံစံများကိုသာ တွေ့ရပြီး လူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန် လိုအပ်ချက်များကိုလည်း တွေ့ရသည်။ တစ်ရာသီအတွင်း သီးထပ်သီးညှပ်များ စဉ်ဆက်မပြတ်စိုက်ပျိုးနိုင်ပြီး စိုက်ပျိုးမွေးမြူရေးနှင့် ဆက်စပ်သည့် စားသောက်ကုန်နှင့် အခြားကုန်ထုတ်လုပ်မှုများ ထူထောင်လုပ်ကိုင်နိုင်ပါက ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်း ကောင်းမွန်ခြင်းနှင့်အတူ လူနေမှုဘဝများလည်း မြင့်မားလာမည်ဖြစ်သည်။


စိုက်ပျိုးရေးနှင့်မွေးမြူရေး ကုန်ထုတ်လုပ်ငန်းများကို နေပြည်တော်ကောင်စီနယ်မြေမှအစပြုကာ စံနမူနာပြဆောင်ရွက်ခြင်းသည် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များအတွက် အတုယူဆောင်ရွက်ကြရမည့် မော်ဒယ်ဖြစ်သည့်အလျောက် အထူးအောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ကြရမှာဖြစ်သည်။ နေပြည်တော်ကောင်စီနယ်မြေ၏ အောင်မြင်မှုကို စံပြအဖြစ် နမူနာယူကာ လိုက်ပါဆောင်ရွက်ကြခြင်းဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၏ ဖွံ့ဖြိုးတိုးတက်မှုများနှင့်အတူ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုအဆင့်တစ်ခုဆီသို့ တက်လှမ်းနိုင်မည်ဖြစ်ပါကြောင်း။ ။

## ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် မေ ၁၉**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

၂၁-၅-၂၀၂၂ ရက် (စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ(၅၄) အမှတ်(၂၁)၌ ဘက်လိုက်မှုမရှိဘဲ မှန်မှန်ကန်ကန်ဆုံးဖြတ်တတ်သည့် ဘုရားလောင်းရာပြတ်အမတ်နှင့် တံစိုးလက်ဆောင်ယူကာ ဘက်လိုက်ဆုံးဖြတ်တတ်သည့် ရာပြတ်အမတ်တို့အကြောင်းကို တင်ဆက်ထားသည့် “မိုက်မဲသောရာပြတ်” မျက်နှာဖုံးဇာတ်လမ်း၊ တိရစ္ဆာန်ထဲတွင် ဉာဏ်ရည်ထက်မြက်သော ချင်ပန်ဇီမျောက်ဝံအကြောင်းကို ဗဟုသုတရဖွယ် ရေးဖွဲ့ထားသည့် “ချင်ပန်ဇီမျောက်ဝံ” သုတဆောင်းပါး၊ သူဌေးကြီးတစ်ဦးသည် မိမိတွင်ရှိသော ဥစ္စာပစ္စည်းများကို နှမြောတွန့်တို၍ မလှူရက်၊ မသုံးစွဲရက်သော်လည်း သူခိုးခိုးယူ၍ ကုန်ဆုံးသွားရပုံကို သရုပ်ဖော်တင်ဆက်ထားသည့် “ကပ်စေးနဲ့သူ” နှစ်မျက်နှာကာတွန်း၊ အစားအစာကိုသာ မက်မော၍ မိမိကြုံတွေ့ရမည့်ဒုက္ခကို မစူးစမ်းမဆင်ခြင်မိသော မျောက်လေးအကြောင်းကို ရေးဖွဲ့ထားသည့် “အမြီးတိုသွားတဲ့ မျောက်စပ်စု” ပုံပြင်၊ ဖြတ်ထိုးဉာဏ်ကောင်းသော ဖိုးသားအကြောင်းကို ဟာသဖြစ်ဖွယ်တင်ဆက်ထားသည့် “ဖိုးသား” တစ်မျက်နှာ ကာတွန်း၊ ညီအစ်ကိုမောင်နှမပင်ဖြစ်သော်လည်း အရာရာကို မျှမျှတတဆောင်ရွက်မှသာ လေးစားမှုရမည်ဖြစ်ကြောင်းကို ပညာပေးတင်ဆက်ထားသည့် “မေတ္တာအသွားအပြန်” ဝတ္ထု၊ သူတစ်ပါးကို အနိုင်ကျင့်ပါက မိမိတွင်လည်း ဒုက္ခရောက်နိုင်ပုံကို သရုပ်ဆော်ရေးဖွဲ့ထားသည့် “မင်းမင်း” နှစ်မျက်နှာကာတွန်း၊ ပိုင်ရှင်မသိရှိဘဲ သူတစ်ပါးပစ္စည်းများကို မယူသင့်ကြောင်း ပညာပေးရေးဖွဲ့ထားသည် “ဦးစောနှင့် နိုးတူး” နှစ်မျက်နှာကာတွန်း၊ သက်ရှိသက်မဲ့များကို တစ်ခုနှင့်တစ်ခု




နှိုင်းယှဉ်ရာတွင် အသုံးပြုသည့် Adjective (နာမဝိသေသန)များ အကြောင်းကို လေ့ကျင့်ခန်းများနှင့်တကွ တင်ဆက်ထားသည့် “ရွှေသွေးအင်္ဂလိပ်သဒ္ဒါ” အင်္ဂလိပ်စာသင်ခန်းစာကဏ္ဍ၊ ရွှေသွေးတို့လက်ရာကဏ္ဍနှင့် ကဗျာကဏ္ဍတို့အပါအဝင် ကဏ္ဍစုံလင်စွာ ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

သတင်းစဉ်

## မူမှန်ပြက္ခဒိန်ရောင်းချ

**နေပြည်တော် မေ ၁၉**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန မြန်မာနိုင်ငံပြက္ခဒိန်အကြံပေးအဖွဲ့ ပညာရှင်များက ရေးဆွဲထားသည့် မြန်မာသက္ကရာဇ် ၁၃၈၄-၁၃၈၅ ခုနှစ်၊ ခရစ်သက္ကရာဇ် ၂၀၂၃ ခုနှစ်အတွက် မြန်မာ-ရခိုင်-အင်္ဂလိပ် မူမှန်ပြက္ခဒိန်ကို ၂၀၂၂ ခုနှစ် ဇွန်လမှစတင်၍ တစ်စောင်လျှင် ၁၀၀၀ိ/- (ကျပ်တစ်သောင်းတိတိ)ဖြင့် ရုံးအမှတ်(၃၅) သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန(နေပြည်တော်)တွင် ရောင်းချသွားမည်ဖြစ်သည်။

ပြက္ခဒိန် ရိုက်နှိပ်ထုတ်ဝေဖြန့်ချိသူများအနေဖြင့် မြန်မာနိုင်ငံပြက္ခဒိန်အကြံပေးအဖွဲ့က ရေးဆွဲထားသည့် မူမှန်ပြက္ခဒိန်ကို ဝယ်ယူသုံးစွဲခြင်းဖြင့် ဝိဝါဒကွဲပြားမှုမရှိသော ပြက္ခဒိန်ကို အများပြည်သူတို့အတွက် ရိုက်နှိပ်ဖြန့်ချိနိုင်မည် ဖြစ်ပါကြောင်းနှင့် အနုပညာဦးစီးဌာနအနေဖြင့်လည်း မူမှန်ပြက္ခဒိန်ရောင်းချငွေကို နိုင်ငံတော်ရငွေအဖြစ် နှစ်စဉ်ပေးသွင်းလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် မောင်မယ်သစ်လွင်ကြိုဆိုပွဲကျင်းပ

**ရန်ကုန် မေ ၁၉**

ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၏ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် မောင်မယ်သစ်လွင် ကြိုဆိုပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် သန်လျင်မြို့ရှိ ယင်းတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။



ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားရာတွင် မောင်မယ်သစ်လွင်များအနေဖြင့် အမိတက္ကသိုလ်ကြီးတွင် အေးချမ်းပျော်ရွှင်စွာ အဆင့်မြင့်ပညာရပ်များကို ပြီးမြောက်သည်အထိ သင်ယူလေ့ကျင့်သွားကြရန်လိုကြောင်း၊ ခေတ်ပညာတတ်လူငယ်များဖြစ်ကြပြီး နိုင်ငံအကျိုးသယ်ပိုးနိုင်သည့် သားကောင်း သမီးမွန်များ ဖြစ်ကြစေရန် ဆုတောင်းပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်တွင် ဘက်စုံအသုံးပြုနိုင်ရန်အတွက် အလှူငွေကျပ် ငါးသိန်းကို တိုင်းဒေသကြီး သယံဇာတရေးရာ ဝန်ကြီး ဦးဇော်ဝင်းက ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်ပါမောက္ခချုပ်ဒေါက်တာနေဝင်းဦးထံ ပေးအပ်လှူဒါန်းသည်။

ထိုနောက် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်ပါမောက္ခချုပ်ဒေါက်တာနေဝင်းဦးက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခဌာနမှူးများ၊ မော်ကွန်းထိန်းများ၊ စာကြည့်တိုက်မှူးတို့နှင့် မိတ်ဆက်ကြပြီး ဝိဇ္ဇာဘာသာရပ်၊ သိပ္ပံဘာသာရပ်တို့မှ ပါမောက္ခဌာနမှူးများက ဘာသာရပ်နှင့်ပတ်သက်၍ လည်းကောင်း၊ သင်တန်းရေးရာ ဌာနမှူးနှင့် စာကြည့်တိုက်မှူးတို့က မိတ်ဆက်စကားများ ပြောကြားကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးနှင့် ဧည့်သည်တော်များသည် မောင်မယ်သစ်လွင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

ခရိုင်

(ပြန်/ဆက်)

- **နေပြည်တော်ကောင်စီနယ်မြေသည် နိုင်ငံတော်၏ မြို့တော်ဖြစ်သည့်အတွက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အဓိကထားဆောင်ရွက်ပြီး Green City ၊ Clean City ၊ Smart City အဖြစ် တိုးတက်အောင်ဆောင်ရွက်၍ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ စံပြနယ်မြေတစ်ခုဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်ရန်လို**
- **နေပြည်တော်ကောင်စီနယ်မြေသည် စတုရန်းမိုင် ၂၇၂၄ ရှိပြီး စိုက်ပျိုးမြေဧရိယာစုစုပေါင်း ၃၂၀၀၀၀ ကျော်ရှိ၊ အလားတူ ရေလှောင်တမံ၊ ဆည်နှင့်ကန် စုစုပေါင်း ၃၂ ခုရှိ၊ အရှေ့ရိုးမနှင့် အလယ်ရိုးမကြားတွင်ရှိပြီး ပေါင်းလောင်း(စစ်တောင်းမြစ်)၊ ငလိုက်ချောင်း၊ ဆင်သေချောင်းများအပါအဝင် ချောင်း၊ မြောင်းများရှိပြီး မြေဆီမြေနှစ်ကောင်းမွန်၊ ထို့ကြောင့် နေပြည်တော်ကောင်စီနယ်မြေအတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်၍ရ**

*✻ ရှေ့ဖုံးမှ*

တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် နေပြည်တော်ကောင်စီနယ်မြေသည် နိုင်ငံတော်၏ မြို့တော်ဖြစ်သည့်အတွက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အဓိကထားဆောင်ရွက်ပြီး Green City ၊ Clean City ၊ Smart City အဖြစ် တိုးတက်အောင်ဆောင်ရွက်၍ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ စံပြနယ်မြေတစ်ခုဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း၊ နေပြည်တော်ကောင်စီနယ်မြေသည် စတုရန်းမိုင် ၂၇၂၄ ရှိပြီး စိုက်ပျိုးမြေဧရိယာ စုစုပေါင်း ၃၂၀၀၀၀ ကျော်ရှိကြောင်း၊ အလားတူ ရေလှောင်တမံ၊ ဆည်နှင့် ကန်စုစုပေါင်း ၃၂ ခုရှိကြောင်း၊ အရှေ့ရိုးမနှင့် အလယ်ရိုးမကြားတွင်ရှိပြီး ပေါင်းလောင်း(စစ်တောင်းမြစ်)၊ ငလိုက်ချောင်း၊ ဆင်သေချောင်းများ အပါအဝင်ချောင်း၊ မြောင်းများရှိပြီး မြေဆီမြေနှစ်ကောင်းမွန်ကြောင်း၊ ထို့ကြောင့် နေပြည်တော်ကောင်စီနယ်မြေအတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်၍ရကြောင်း၊ ထို့ကြောင့်လည်း ယခင်က နေပြည်တော်တွင် စိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးနှင့် ကုသရေးတက္ကသိုလ်နှင့် သစ်တောတက္ကသိုလ်တို့ကို ရွှေ့ပြောင်းခဲ့သည်ကို သိရှိရကြောင်း။

**အောင်မြင်အောင် အကောင်အထည်ဖော်**

နေပြည်တော်နယ်မြေအတွင်း ကျွဲ၊ နွား၊ ဆိတ်၊ ဝက်များနှင့် ကြက်များလည်း မွေးမြူဖြစ်ထွန်းလျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ တပ်ကုန်းမြို့ပတ်ဝန်းကျင်တွင်လည်း မွေးမြူရေးဇုန်များ ဖွင့်လှစ်၍ ဆောင်ရွက်လျက်ရှိကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မြေဆီမြေဩဇာများ ကောင်းမွန်ပြီးဖြစ်ကြောင်း၊ နေပြည်တော်ကောင်စီနယ်မြေတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ တက္ကသိုလ်များရှိသကဲ့သို့ ဝန်ကြီးဌာနများ ရုံးစိုက်ရာနယ်မြေလည်းဖြစ်သဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို စံပြဆောင်ရွက်နိုင်ရန်လိုကြောင်း၊ စိုက်ပျိုးရေးအတွက် အဓိကလိုအပ်ချက်မှာ မြေ၊ ရေ၊ နည်းနှင့် မျိုးတို့ဖြစ်ကြောင်း၊ နွေရာသီတွင် စိုက်ပျိုးမြေများ ရေလုံလောက်စွာ ရရှိနိုင်ရေးအတွက်လည်း မြစ်ချောင်းများရှိပြီးဖြစ်သဖြင့် မြစ်ရေတင်လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးခြင်းဖြင့် ရာသီမရွေးသီးနှံများကို သီးထပ်သီးညှပ်များဖြင့် စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း၊ မြေဩဇာများရရှိရေး၊ မျိုးကောင်းမျိုးသန့်များရရှိရေးနှင့် စိုက်ပျိုးရေးနည်းပညာများ ခေတ်မီအောင် ဆောင်ရွက်ပေးခြင်းဖြင့် သီးနှံစိုက်ပျိုးမှုများ များစွာတိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ စိုက်ပျိုး၍ရသည့် မြေများကို စနစ်တကျဖြင့်ပြုပြင်၍ စိုက်ပျိုးရေးလုပ်ငန်များကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ရန်လိုကြောင်း။

မိမိတို့၏ အမျိုးသားရေးရည်မှန်းချက်သည် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးပင်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် စိုက်ပျိုး၍ရသည့် မြေသယံဇာတများ ရှိပြီးဖြစ်ပြီး မွေးမြူရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်၍ရကြောင်း၊ မွေးမြူရေးလုပ်ငန်းများကိုလည်း စနစ်ကျသည့် မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဆိုပါက မွေးမြူရေးထွက်ကုန်များ ထုတ်လုပ်နိုင်ပြီး ဒေသတွင်းလိုအပ်ချက်နှင့် အခြားတိုင်းဒေသကြီးများသို့ပါ တင်ပို့ရောင်းချနိုင်ကြောင်း၊ ယင်းတို့မှ ဇီဝမြေဩဇာများ ထုတ်လုပ်နိုင်ပြီး စိုက်ပျိုးရေးအတွက်လည်း အထောက်အကူပြုကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်မည်ဆိုပါက ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်လာမည်ဖြစ်သကဲ့သို့ အလုပ်အကိုင်အခွင့်လမ်းများ ပေါ်များခြင်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် နေပြည်တော်ကောင်စီနယ်မြေအတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို တစ်နိုင်ငံလုံး၏ စံပြအဖြစ် ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် နေပြည်တော်ကောင်စီမှ တာဝန်ရှိသူများ အနေဖြင့် ကြိုးပမ်းဆောင်ရွက်ကြရန် လိုကြောင်း မှာကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးတင်ထွဋ်ဦးနှင့် ဦးလှမိုး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီး သန်းထွန်းဦးနှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းတို့က နေပြည်တော်ကောင်စီနယ်မြေအတွင်း မြေအသုံးချမှုဆိုင်ရာများ၊ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ထုတ်လုပ်နေမှုအခြေအနေ၊ ရေလှောင်တမံများအတွင်း ရေဝင်ရောက်မှုနှင့် စိုက်ပျိုးရေပေးဝေမှု အခြေအနေ၊ စိုက်ပျိုးရေးလုပ်ငန်းများနှင့် ကုန်ထုတ်လုပ်ငန်းများ စနစ်တကျဆောင်ရွက်နိုင်ရန် စိုက်ပျိုးရေးတောင်သူများကို သမဝါယမအသင်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ရန် စီစဉ်နေမှုအခြေအနေ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိမှု အခြေအနေ၊ သီးနှံများကို သီးထပ်သီးညှပ်စိုက်ပျိုးနိုင်ရန်အတွက် မြစ်ရေတင်စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**ဖြည့်ဆည်းဆောင်ရွက်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စိုက်ပျိုးရေးလုပ်ငန်းများအတွက် နွေရာသီ၌ ရေလိုအပ်ချက်များရှိကြောင်း၊ အဆိုပါရေလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး လျှပ်စစ်မြစ်ရေတင်လုပ်ငန်းများနှင့် နေရောင်ခြည်စွမ်းအင်သုံး မြစ်ရေတင်လုပ်ငန်းများကို အသေးစားမြစ်ရေတင်လုပ်ငန်းများဖြင့် ဆောင်ရွက်မည်ဆိုပါက ငွေကြေးကုန်ကျမှုများလည်း သက်သာမည်ဖြစ်ကြောင်း၊ ရေကိုလည်း လိုအပ်သလောက်သာ အကျိုးရှိစွာဖြင့် အသုံးချရန်လိုကြောင်း၊ စိုက်ပျိုးရေးကို အခြေခံသည့် စီးပွားရေးလုပ်ငန်းများကို အဓိကဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အဓိကသီးနှံဖြစ်သည့် စပါး၊ ပြောင်း၊ ပဲနှင့် ဆီထွက်သီးနှံများရှိသည့်အနက် နေပြည်တော်နယ်မြေအတွင်း စပါးကို အဓိကထားစိုက်ပျိုးမည်ဆိုပါက တတ်နိုင်သမျှ မျိုးအနည်းဆုံးဖြစ်စေရန်နှင့် အထွက်နှုန်းတိုးအောင် ဆောင်ရွက်ရန်လိုကြောင်း၊ နိုင်ငံတော်မှ သတ်မှတ်ထားသည့် အထွက်နှုန်းများအတိုင်း ပြည့်မီစေရန်အတွက် ကြိုးစားစိုက်ပျိုးရန်လိုကြောင်း၊ မျိုးကောင်းမျိုးသန့်ရရှိရေး၊ မြေဩဇာနှင့်သဘာဝ မြေဩဇာများရရှိရေးနှင့် အောင်ရေရရှိရေးတို့အတွက် သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ရှိသူများက ဖြည့်ဆည်းဆောင်ရွက်ပေးရန်လိုကြောင်း၊ သဘာဝမြေဩဇာရရှိရေးအတွက် ကျွဲ၊ နွားမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် ဇီဝမြေဩဇာများကိုလည်း အကျိုးရှိစွာ အသုံးချ၍ရကြောင်း၊ ထို့ကြောင့် ကျွဲ၊ နွားများ မွေးမြူရာတွင် လှောင်မွေးသည့်စနစ်ဖြင့် စနစ်တကျမွေးမြူရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများမှ ထွက်ရှိသည့် ထွက်ကုန်များမှ တိရစ္ဆာန်အစာများလည်း ထွက်ရှိသဖြင့် မွေးမြူရေးလုပ်ငန်းအတွက် လိုအပ်သည့် တိရစ္ဆာန်အစာများ လုံလောက်စွာ ရရှိမည်ဖြစ်ကြောင်း။

**အကျိုးရှိစွာအသုံးချ**

မြေများကို စနစ်တကျ ထိထိရောက်ရောက် အသုံးချ၍ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ယှဉ်တွဲဆောင်ရွက်ရန်လိုကြောင်း၊ နေပြည်တော်နယ်မြေတွင် သရက်စိုက်ပျိုးရေးနှင့် မွေးမြူရေးဆောင်ရွက်ရန် အတွက် ပုဂ္ဂလိကများကို ခွင့်ပြုထားကြောင်း၊ အဆိုပါ စိုက်ပျိုးမွေးမြူရေးပြုလုပ်ရန် ခွင့်ပြုထားသည့် မြေများပေါ်တွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို သတ်မှတ်စည်းကမ်းများနှင့်အညီ စနစ်တကျ ဆောင်ရွက်မှုရှိစေရေး တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်ကြရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တစ်ကေချင်းအထွက်နှုန်းများ တိုးတက်စေရေး တာဝန်ရှိသူများအားလုံး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် လိုကြောင်း၊ တောင်သူများ၏ အကျိုးစီးပွား တိုးတက်အောင် ဆောင်ရွက်ပေးပြီး ကုန်ထုတ်လုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်ပေးမည်ဆိုပါက မိမိတို့ပြည်တွင်း၌ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်များလာမည်ဖြစ်သဖြင့် လုပ်အားများကို အကျိုးရှိစွာ အသုံးချနိုင်မည်ဖြစ်ကြောင်း။

**စနစ်တကျဖြင့် ထိန်းသိမ်း**

စိုက်ပျိုးရေလုံလောက်စွာ ရရှိရေးအတွက် ဆောင်ရွက်ရာတွင် သိုလှောင်ထားသည့် ရေများကိုလည်း စနစ်တကျဖြင့် အသုံးချရန်လိုကြောင်း၊ ရေကို အဟောသိကံ အသုံးမပြုဘဲ ရှိသည့်ရေကို အကျိုးရှိရှိ အသုံးချရန်နှင့် ရေရရှိအောင် ဖန်တီးဆောင်ရွက်ရန် လိုကြောင်း၊ ရေရရှိရေးဆောင်ရွက်ရာတွင် ရေဝေရေလဲ သစ်တောဧရိယာများကို စနစ်တကျဖြင့် ထိန်းသိမ်းထားရှိ၍ ရာသီဥတုကောင်းမွန်အောင် ဆောင်ရွက်ခြင်းနှင့် ရေဖလှယ်ခြင်းလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် စီမံခန့်ခွဲမှုများ ကောင်းမွန်ရန်လိုကြောင်း၊ စီမံခန့်ခွဲမှုများ ကောင်းမွန်အောင် ဆောင်ရွက်နိုင်ခြင်းဖြင့် နေပြည်တော်ကောင်စီနယ်မြေအတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ကုန်ကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

**ကူညီမှုများ ဆောင်ရွက်ပေးမည်**

ဒေသအတွင်းထွက်ရှိသည့် သီးနှံများကိုလည်း အိမ်တွင်းစက်မှုလုပ်ငန်းများဖြင့် Dry food များ ဆောင်ရွက်၍ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ပြီး ပြည်တွင်း ပြည်ပသို့ တင်ပို့ရောင်းချ၍ရကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ရန်အတွက် မီးခိုးမထွက်သည့် အသေးစား၊ အလတ်စား စက်မှုလက်မှုလုပ်ငန်းများအတွက် နိုင်ငံတော်မှ လိုအပ်သည့် ကူညီမှုများ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ နေပြည်တော်ကောင်စီနယ်မြေအတွင်း လမ်းပန်းဆက်သွယ်မှု ကောင်းမွန်သကဲ့သို့ လျှပ်စစ်ဓာတ်အားလည်း လုံလောက်စွာရရှိကြောင်း၊ ထို့ကြောင့် နေပြည်တော်ကို Green City၊ Clean City၊ Smart City ဖြစ်အောင် ဆောင်ရွက်ပြီး ကုန်ထုတ်လုပ်မှုလုပ်ငန်းများကိုလည်း စံပြအဖြစ် ဆောင်ရွက်နိုင်မည်ဆိုပါက မိမိတို့နိုင်ငံအတွက် အခွင့်အလမ်းများ များစွာတိုးတက်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပထမဦးစွာ စိုက်ပျိုးရေးလုပ်ငန်းများကို နည်းစနစ်တကျဖြင့် စိုက်ပျိုး၍ အထွက်နှုန်းများ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ အလားတူ မွေးမြူရေးလုပ်ငန်းများကိုလည်း လှောင်မွေးစနစ်ဖြင့် စနစ်တကျမွေးမြူရန်လိုကြောင်း၊ ထိုမှတစ်ဆင့် အထွက်နှုန်းကောင်းမွန်သည့် သီးနှံမျိုးကောင်းမျိုးသန့်များနှင့် မွေးမြူရေးတိရစ္ဆာန် မျိုးကောင်းမျိုးသန့်များကို တိုးတက်စိုက်ပျိုးမွေးမြူ၍ ဆောင်ရွက်ကြရန်လိုကြောင်း၊ နေပြည်တော်ကောင်စီနယ်မြေအတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်စေရေးအတွက် ကောင်းမွန်သည့် စီမံခန့်ခွဲမှုများနှင့် နည်းလမ်းပေါင်းစုံဖြင့် ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်းဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

> **“မွေးမြူရေးလုပ်ငန်းများကိုလည်း စနစ်ကျသည့် မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဆိုပါက မွေးမြူရေးထွက်ကုန်များ ထုတ်လုပ်နိုင်ပြီး ဒေသတွင်းလိုအပ်ချက်နှင့် အခြားတိုင်းဒေသကြီးများသို့ပါ တင်ပို့ရောင်းချနိုင်၊ ယင်းတို့မှ ဇီဝမြေဩဇာများ ထုတ်လုပ်နိုင်ပြီး စိုက်ပျိုးရေးအတွက်လည်း အထောက်အကူပြု၊ ထိုသို့ ဆောင်ရွက်နိုင်မည်ဆိုပါက ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်လာမည်ဖြစ်သကဲ့သို့ အလုပ်အကိုင်အခွင့်လမ်းများ ပေါ်များခြင်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိနိုင်မည်”**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ငြိမ်းချမ်းရေးဖိတ်ခေါ်ကမ်းလှမ်းမှုအရ ငြိမ်းချမ်းရေးဆွေးနွေးရန် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS/SSA)အဖွဲ့မှ ဥက္ကဋ္ဌ ဦးယွက်စစ် ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ရောက်ရှိ

**နေပြည်တော် မေ ၁၉**

တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရန်နှင့် လက်နက်ကိုင်ပဋိပက္ခ ချုပ်ငြိမ်းရေးတို့အတွက် ရည်ရွယ်၍ ဧပြီ ၂၂ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးရန် ဖိတ်ခေါ်ခဲ့ရာ သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS/SSA)အဖွဲ့မှ ဥက္ကဋ္ဌ ဦးယွက်စစ် ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော် တပ်မတော်လေဆိပ်သို့ ရောက်ရှိရာ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်နှင့် တာဝန်ရှိသူများ၊ ယဉ်ကျေးမှုဦးစီးဌာနမှ တိုင်းရင်းသား၊ တိုင်းရင်းသူများက ကြိုဆိုနှုတ်ဆက်ကြသည်။



အဆိုပါ ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နေ့လယ်ပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ရှိ မြန်မာ-ထိုင်း ချစ်ကြည်ရေး အမှတ်(၂)တံတားသို့ ရောက်ရှိခဲ့ရာ တာချီလိတ် တပ်နယ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပါတီနိုင်ငံရေးအဖွဲ့အစည်းများနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို လိုလားထောက်ခံကြသည့် ဒေသခံတိုင်းရင်းသားများက **"ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ထောက်ခံပါသည်၊ ထာဝရငြိမ်းချမ်းရေးသည် ပြည်သူလူထုတစ်ရပ်လုံး၏ ဆန္ဒအစစ်အမှန်ဖြစ်သည်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ငြိမ်းချမ်းရေးဆွေးနွေးပွဲကိုထောက်ခံပါသည်"** စသည့်စာသားပါ ဆိုင်းဘုတ်များ ကိုင်ဆောင်ကာ တာချီလိတ်မြို့ ပြည်ထောင်စုလမ်းမကြီးမှ လေယာဉ်ကွင်းလမ်းအထိ လှိုက်လှိုက်လှဲလှဲဖြင့် ထောက်ခံကြိုဆိုခဲ့ကြသည်။

ထို့နောက် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS/SSA) အဖွဲ့မှ ဥက္ကဋ္ဌ ဦးယွက်စစ် ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့သည် ကျိုင်းတုံလေဆိပ်မှတစ်ဆင့် လေကြောင်းခရီးစဉ်ဖြင့် နေပြည်တော်သို့ ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ကျောင်းအပ်နှံရေးသီတင်းပတ် မြေစိုက်ပိုစတာစိုက်ထူခြင်း အခမ်းအနားကျင်းပ

နေပြည်တော် မေ ၁၉

**၂၀၂၂-၂၀၂၃ ပညာသင်နှစ် ကျောင်းအပ်နှံရေးသီတင်းပတ် မြေစိုက်ပိုစတာစိုက်ထူခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ ဇမ္ဗူသီရိမြို့နယ် ပျဉ်းမနား-တောင်ညိုလမ်း မြို့မဈေးအနီး၌ ကျင်းပသည်။**

အခမ်းအနားသို့ ပညာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်နိုင်၊ ပညာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးများ၊ နေပြည်တော် ကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ နေပြည်တော် ကောင်စီနယ်မြေ ပညာရေးမှူးနှင့် ခရိုင်/မြို့နယ် ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စု ဝန်ကြီး၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌနှင့် ဒုတိယဝန်ကြီးများက ကျောင်းအပ်နှံရေး သီတင်းပတ် မြေစိုက်ပိုစတာ စိုက်ထူခြင်း အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး ပြည်ထောင်စု ဝန်ကြီး ဒေါက်တာညွန့်ဖေက **"ကျောင်းနေအရွယ် ကလေး အားလုံး ပညာသင်ယူခွင့်ရရှိဖို့ ကျောင်းအပ်နှံကြပါစို့"** ဟူသော မြေစိုက်ပိုစတာကို စက်ခလုတ် နှိပ် ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**






အလားတူ ပြည်ထောင်စု ဝန်ကြီး၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ပျဉ်းမနား-တောင်ညိုလမ်း၊ ရေပန်းဥယျာဉ် မုခ်ဦးအနီး၌ ကျင်းပသည့် ကျောင်းအပ်နှံရေး သီတင်းပတ် မြေစိုက်ပိုစတာ စိုက်ထူခြင်း အခမ်းအနားသို့လည်း တက်ရောက် ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လှူဒါန်းသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရာတွင် အသုံးပြုမည့် ဆေးထိုးအပ် ငါးသန်း ဆက်လက်ရောက်ရှိ

**နေပြည်တော် မေ ၁၉**

တရုတ်ပြည်သူ့ သမ္မတနိုင်ငံမှ မြန်မာနိုင်ငံသို့ ထပ်မံလှူဒါန်းသည့် Sinopharm ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အလုံး ၁၀ သန်း doses နှင့် ဆေးထိုးအပ် ၁၃ ဒသမ ဝ၅၆ သန်းအနက် ပထမအသုတ် ပေးပို့သည့် Sinopharm ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ငါးသန်း doses နှင့် ဆေးထိုးအပ် နှစ်သန်းတို့သည် ယမန်နေ့က ရန်ကုန်မြို့သို့ ရောက်ရှိခဲ့ပြီး ယနေ့ နေ့လယ်ပိုင်းတွင် ဒုတိယအသုတ် ဆေးထိုးအပ် ငါးသန်း ရန်ကုန်မြို့သို့ ဆက်လက်ရောက်ရှိသည်။ **(အောက်ပုံ)**

အဆိုပါ ဆေးထိုးအပ်များ သယ်ဆောင်လာသော Sichun Airline သည် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ချန်ဒူးလေဆိပ်မှ ထွက်ခွာလာခြင်းဖြစ်ပြီး ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကျန်းမာရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနရှိ တာဝန်ရှိသူများက လက်ခံရယူကြသည်။



တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လှူဒါန်းသည့် Sinopharm ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အလုံး ၁၀ သန်း doses နှင့် ဆေးထိုးအပ် ၁၃ ဒသမ ဝ၅၆ သန်းအနက် ကျန်ရှိသော ဆေးနှင့် ဆေးထိုးအပ်များအား မေ ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် ဆက်လက် ရောက်ရှိမည် ဖြစ်ကြောင်းနှင့် ယနေ့ရောက်ရှိလာသည့် ဆေးထိုးအပ်များအား မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဗဟိုကာကွယ်ဆေးသိုလှောင်ခန်းသို့ မော်တော်ယာဉ်များဖြင့်ပို့ ဆောင်ပေးခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သိရသည်။ **သတင်းစဉ်**

## ရွှေတောင်မြို့နယ်၌ ၂၀၂၂ - ၂၀၂၃ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ ဆိုင်းဘုတ်ဖွင့်ပွဲကျင်းပ

**ရွှေတောင် မေ ၁၉**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ်တွင် ၂၀၂၂ - ၂၀၂၃ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ ဆိုင်းဘုတ်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက မြို့နယ်ပညာရေးမှူးရုံးရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရန်ခိုင်စိုး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးနိုင်စိုးနှင့် မြို့နယ်ပညာရေးမှူး ဆရာကြီး ဦးကျော်ဦးတို့က ကျောင်းအပ်နှံရေးနေ့ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ကျောင်းအပ်နှံရေးနေ့ ဆိုင်းဘုတ်အား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးခဲ့ကြသည်။

ဆက်လက်၍ ၂၀၂၂ - ၂၀၂၃ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ ဆိုင်းဘုတ်ရှေ့တွင် မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး ဖွင့်ပွဲသို့ ဖိတ်ကြားထားသော ဌာနဆိုင်ရာများ၊ အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများမှ ကျောင်းအုပ်ဆရာကြီး/ဆရာမကြီးများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **ကိုကိုမင်း( ပြန်/ဆက်)**

## ထူးခြားသည့် နေ့အပူချိန်များ

**နေပြည်တော် မေ ၁၉**

ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်နှင့် ဂန့်ဂေါမြို့နှင့် ဘော်လခဲမြို့တို့တွင် ၃၉ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ **မိုး/ဇလ**

# လျှပ်စစ်ကြောင့် ဓာတ်လိုက်မှုဖြစ်စဉ်များ လျော့နည်းသွားစေရေးအတွက် အသိပညာပေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်

နေပြည်တော် မေ ၁၉

**စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယမန်နေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းရှိ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန လျှပ်စစ်ဓာတ်ခွဲခန်းသို့ ရောက်ရှိပြီး Transformer များ၊ အိမ်သုံးလျှပ်စစ်ပစ္စည်းများ၊ အိမ်သုံးဝိုင်ယာကြိုးများ စံချိန်စံညွှန်းများနှင့် အညီ ထုတ်လုပ်တပ်ဆင်ခြင်း ရှိ/မရှိနှင့် ဓာတ်ခွဲစမ်းသပ်စစ်ဆေးနေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။** (ယာပုံ)



ထို့နောက် ပြည်ထောင်စုဝန်ကြီးက လျှပ်စစ် အန္တရာယ်ကြောင့် ပြည်သူလူထုများ၏ အသက် အိုးအိမ်စည်းစိမ်ပျက်စီးမှုမရှိစေရေးအတွက် စစ်ဆေးရေးလုပ်ငန်းများနှင့် ဓာတ်ခွဲစမ်းသပ်သည့် လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ရန်၊ လျှပ်စစ်ကြောင့် ဓာတ်လိုက်မှုဖြစ်စဉ်များ လျော့နည်းသွားစေရေး အတွက် အသိပညာပေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ရန်၊ လျှပ်စစ်ဓာတ်ခွဲခန်းအတွက် လိုအပ်သော အထောက်အကူပြုပစ္စည်းများ ထပ်မံဖြည့်တင်းနိုင်ရေး စီမံဆောင်ရွက်ရန်၊ ဝန်ထမ်းများ အနေဖြင့် မိမိတို့ ကျွမ်းကျင်တတ်မြောက်ထားသည့် ပညာရပ်များကိုအသုံးပြု၍ ပြည်သူလူထုကို အလုပ်အကျွေးပြုရန်၊ ဓာတ်ခွဲခန်းတွင် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစီအမံများ ချမှတ်ဆောင်ရွက်ရန်၊ ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်နေသည့် စမ်းသပ်စစ်ဆေးမှု နည်းပညာများရရှိရေးအတွက် စဉ်ဆက်မပြတ် လေ့လာသင်ယူရန်မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် သုတေသနဌာနဝင်းအတွင်း တည်ဆောက်လျက်ရှိသည့် အမျိုးသားအဆင့် မူလဓာတ်ခွဲခန်းတည်ဆောက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဓာတ်ခွဲခန်း အတွင်း ထားရှိအသုံးပြုမည့်စက်ပစ္စည်းများ ရောက်ရှိလာပါက စနစ်တကျတပ်ဆင်ရန်၊ ဓာတ်ခွဲခန်း၏ လုပ်ငန်းတာဝန်များ အမြန်ဆုံး ဆောင်ရွက်နိုင်ရေး အတွက် ဓာတ်ခွဲခန်းသုံးစက်ပစ္စည်းများ အချိန်မီ ရောက်ရှိနိုင်ရေး ညှိနှိုင်းဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် သုတေသနဌာန အစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ သုတေသနပညာရှင်များ၏ လုပ်ငန်းဆိုင်ရာကျွမ်းကျင်မှုများကို သတ်မှတ်ရေးဆွဲထားရန်၊ သုတေသနလုပ်ငန်း၏ ရည်မှန်းချက်၊ ရည်ရွယ်ချက်၊ လုပ်ငန်းတာဝန်များကို ပြီးမြောက်အောင် အကောင်အထည်ဖော်နိုင်ရန်အတွက် သုတေသနပညာရှင်များ၏ လုပ်ငန်းဆိုင်ရာ ကျွမ်းကျင်မှုပြုစုရေး၊ လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို စီမံချက်များ ရေးဆွဲဆောင်ရွက်ရန်၊ ပြည်သူလူထု အတွက် လိုအပ်သော ဆေးဝါးအမယ်သစ်များ ထုတ်လုပ်နိုင်ရေးအတွက် ယခုထက် ပိုမိုကြိုးစား ဆောင်ရွက်ရန်၊ ဝန်ထမ်းများ၏ လုပ်ငန်းဆိုင်ရာ ကျွမ်းကျင်မှုများ တိုးတက်မြင့်မားစေရေးအတွက် လေ့ကျင့်သင်ကြားပေးရန် မှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အမြန်လမ်းမကြီးပေါ်ရှိ ကျောက်တံခါးမြို့နယ် အိုင်တုံကွင်းရှိ သုတေသနကြံစိုက်ကွင်းသို့ ရောက်ရှိပြီး သကြားစက်ရုံများအနေဖြင့် လုံလောက်သော ကြံစိုက်ခင်းများရှိရန်လိုအပ်၍ ရှိသည့်စိုက်ကွင်းများ အောင်မြင်အောင် ဆောင်ရွက်ရန်၊ စိုက်ပျိုးမြေများကို ဓာတ်ခွဲစမ်းသပ်၍သင့်လျော်သည့် ကြံမျိုးစိတ်များ စိုက်ပျိုးသွားရန်၊ အထွက်နှုန်းကောင်းသည့် ကြံမျိုးစိတ်များရရှိရေးအတွက် သုတေသနလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးရဲတင့် ကော့သောင်းမြို့ရှိ ပြန်ကြားရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး



**နေပြည်တော် မေ ၁၉**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ယမန်နေ့ မွန်းလွဲပိုင်းက ကော့သောင်းမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများအား တွေ့ဆုံကာ လုံခြုံရေးဂရုစိုက်ရန်၊ ထုတ်လွှင့်မှုမပြတ်တောက်ရေး အလေးထားဆောင်ရွက်ရန် မှာကြားသည်။ **(ဝဲပုံ)**

ယနေ့ နံနက်ပိုင်းတွင် ကော့သောင်းမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင် ပြည်သူ့စာကြည့်တိုက်ကို သွားရောက်စစ်ဆေးကာ စာဖတ်သူ၊ စာငှားသူ တိုးတက်လာစေရေးနှင့် ပြည်သူ့ဆက်ဆံရေး အသိပညာပေးလုပ်ငန်းများ တိုးတက်မှုရှိအောင် ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ခရိုင်ရုံးတွင် ခရိုင်လက်ထောက် ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ၊ ဘုတ်ပြင်းမြို့နယ် ခမောက်ကြီးမြို့၊ ပြည်ကြီးမဏ္ဍိုင်မြို့နှင့် ကရသူရီမြို့တို့မှ ဦးစီးမှူးများ၊ ထပ်ဆင့်လွှင့်စက်ရုံ စက်ရုံမှူးတို့အား တွေ့ဆုံ၍ လူငယ်လူရွယ်များအား အသိပညာပေးရေးနှင့် ကျောင်းနေအရွယ် ကျောင်းသား ကျောင်းသူများ ကျောင်းအပ်နှံရေးတို့အတွက် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊ ပြည်သူများ အကျိုးရှိ၍ သိသင့်သိထိုက်သည့် သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ဖြန့်ဝေပေးရန်နှင့် ဝန်ထမ်းရေးရာ ကိစ္စရပ်များကို မှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

**သတင်းစဉ်**

# တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ် ၄၇ ကျောင်းတို့၌ ကျောင်းသား ကျောင်းသူ ၁၃၇၅၉ ဦး တက်ရောက်လျက်ရှိ

**ရန်ကုန် မေ ၁၉**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ဒဂုံတက္ကသိုလ်၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် မောင်မယ်သစ်လွင် ကြိုဆိုပွဲကို ယနေ့နံနက် ၉ နာရီခွဲက ရန်ကုန်မြို့ ဒဂုံမြို့သစ်မြို့နယ်ဒဂုံတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

မောင်မယ်သစ်လွင်ကြိုဆိုပွဲ အခမ်းအနားသို့ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးဗိုလ်ဌေးနှင့် ကော်မတီဝင်များ၊ ဒဂုံတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသာထွန်းမောင်နှင့် ဒုတိယပါမောက္ခချုပ်များ၊ ဘာသာရပ်ဆိုင်ရာ ပါမောက္ခ (ဌာနမှူး)များနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ သင်ယူသင်ကြားလိုစိတ်ဖြင့် ကြိုးစားသင်ယူကာ ရပ်ရွာ၊ မြို့ပြနှင့် တိုင်းပြည်အကျိုးကို သယ်ပိုးသော သားကောင်းရတနာများဖြစ်စေလိုကြောင်း၊ နိုင်ငံတော်၏ပညာရေးမူဝါဒကို လေးစားလိုက်နာမှုဖြင့် နိုင်ငံတော်၏ ကျေးဇူးသစ္စာကို ခံယူကာ နိုင်ငံတော် တည်ဆောက်ရေးတွင် အလုပ်အကျွေးပြုမည့် အသိပညာရှင်၊ အတတ်ပညာရှင်၊ ကျွမ်းကျင်ပညာရှင်များ ပေါ်ထွန်းလျက် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းတို့ကို စွမ်းစွမ်းတမံ ထမ်းဆောင်မည့် ကျောင်းသား ကျောင်းသူများအဖြစ် ဂုဏ်ယူနိုင်ကြပါစေကြောင်း အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ဒဂုံတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသာထွန်းမောင်က တက္ကသိုလ်သည် လူတိုင်းအတွက် မက်မောတမ်းတစရာ ဖြစ်၍ အထူးသဖြင့် တိုင်းပြည်အတွက် တန်ဖိုးမဖြတ်နိုင်သော သားကောင်းရတနာများကို မွေးထုတ်ပေးရာ နေရာတစ်ခု ဖြစ်ပြီး ပညာထူးချွန်လူရည်မွန်များပေါ်ထွန်းလာရန် ဆရာ ဆရာမများက ဖခင်၊ မိခင်များ သဖွယ် သင်ကြားပေးသွားမည် ဖြစ်ရာ ဒဂုံတက္ကသိုလ်အနေဖြင့် မောင်မယ်သစ်လွင်အပေါင်းအား နွေးထွေးလှိုက်လှဲစွာ ကြိုဆိုပါကြောင်း နှုတ်ခွန်းဆက်စကား ပြောကြားသည်။



ယင်းနောက် ဒဂုံတက္ကသိုလ် ဒုတိယပါမောက္ခချုပ်များ၊ ဘာသာရပ်ဆိုင်ရာ ပါမောက္ခ(ဌာနမှူး)များက မောင်မယ်သစ်လွင်များကို မိတ်ဆက်စကား ပြောကြားသည်။

၂၀၂၀ ပြည့်နှစ်တွင် တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူ ၁၅၀၀ ကျော်အား ဒဂုံတက္ကသိုလ်မှ ယနေ့တွင် မောင်မယ်သစ်လွင် ကြိုဆိုခြင်းဖြစ်သည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန အောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ် ၄၇ ကျောင်းတို့၌ မောင်မယ်သစ်လွင် ကျောင်းသား ကျောင်းသူ ၁၃၇၅၉ ဦး တက်ရောက်လျက်ရှိပြီး ဘွဲ့ကြိုနှင့် ဘွဲ့လွန်ကျောင်းသား ကျောင်းသူ ၄၅၂၃၃ ဦး တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။

**ညီမ်းသူ(သတင်းစဉ်)**

**ဓာတ်ပုံ-ကနူး**

# ဘားအံပညာရေးဒီဂရီကောလိပ်၌ ပထမနှစ်(ဒုတိယနှစ်ဝက်)နှင့် ပထမနှစ်(ပထမနှစ်ဝက်)သင်တန်း ကျောင်းသား ကျောင်းသူများအား ကြိုဆို

**ဘားအံ မေ ၁၉**

ပညာရေးဝန်ကြီးဌာန ဆရာအတတ်ပညာဦးစီးဌာန ဘားအံပညာရေးဒီဂရီကောလိပ် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ပထမနှစ်(ဒုတိယနှစ်ဝက်)နှင့် ပထမနှစ်(ပထမနှစ်ဝက်)သင်တန်း ကျောင်းသား ကျောင်းသူများအား ကြိုဆိုသည့် အခမ်းအနားကို မေ ၁၉ ရက် နံနက်ပိုင်းက အဆိုပါ ဒီဂရီကောလိပ် သီရိခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**




ကျောင်းသား ကျောင်းသူများအား ကြိုဆိုပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ယခုဖွင့်လှစ်သော လေးနှစ်သင် ပညာရေးဒီဂရီကောလိပ်သင်တန်းများကို တက်ရောက်လာကြသော မောင်မယ်သစ်လွင် ကျောင်းသား ကျောင်းသူများကို ဝမ်းမြောက်ဝမ်းသာကြိုဆိုပါကြောင်း၊ ကျောင်းသား ကျောင်းသူများ၏ လုံခြုံရေး၊ နေထိုင်စားသောက်ရေး၊ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်ရေးစသည်ဖြင့် အစစအရာရာအတွက် စနစ်တကျစီမံဆောင်ရွက်ပေးရန် ညွှန်ကြားထားပြီးဖြစ်ကြောင်း၊ မိမိတို့ပြည်နယ်၏ ပညာရေးဖွံ့ဖြိုးတိုးတက်မှု၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ဆောင်နိုင်ရန် သင်တန်းတွင် ကြိုးစားသင်ယူကြရန်လိုပြီး လက်တွေ့ဘဝနှင့်ပေါင်းစပ်သင်ယူနိုင်သော စဉ်းစားတွေးခေါ်သင်ကြားပို့ချပေးနိုင်သော ဆရာ ဆရာမကောင်းများဖြစ်အောင် ကြိုးစားကြစေလိုကြောင်း ပြောကြားသည်။


ထို့နောက် ဘားအံပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီးက ကြိုဆိုနှုတ်ခွန်းဆက်ခြင်းနှင့် သင်တန်းဆိုင်ရာအချက်အလက်များကို ရှင်းလင်းပြောကြားပြီး ကျောင်းသား ကျောင်းသူများက တေးသီချင်းများ၊ အကအလှများဖြင့် သီဆိုကပြဖျော်ဖြေကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တက်ရောက်လာသူများက ကြည့်ရှုအားပေးခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ဘားအံပညာရေးဒီဂရီကောလိပ်၌ ၂၀၂၀ ပြည့်နှစ်တွင် တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့ကြသော ပထမနှစ် (ပထမနှစ်ဝက်) ကျောင်းသား ကျောင်းသူ ၈၀၊ ပထမနှစ်(ဒုတိယနှစ်ဝက်) ၅၉ ဦး စုစုပေါင်း ၁၃၉ ဦး တက်ရောက်လျက်ရှိပြီး မကြာမီ ကာလတွင်လည်း ကျောင်းသား ကျောင်းသူအသစ်များကို ထပ်မံဖြည့်တင်းလက်ခံ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

---

# အာဆီယံနိုင်ငံများအချင်းချင်း ကာကွယ်ဆေးထိုးမှတ်တမ်းများ အပြန်အလှန်အသိအမှတ်ပြုခြင်းစနစ်တွင် မြန်မာနိုင်ငံမှထုတ်ပေးသည့် ကာကွယ်ဆေးထိုးနှံပြီးကြောင်း အီလက်ထရွန်နစ်အထောက်အထားမှတ်တမ်းအား တရားဝင်အသိအမှတ်ပြုထားပြီး




နေပြည်တော် မေ ၁၉

**ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်း၊ စီမံခန့်ခွဲမှုလုပ်ငန်း ဆောင်ရွက်ရာ၌ ကာကွယ်ဆေးထိုးနှံခြင်းနှင့်ပတ်သက်သည့် သတင်းအချက်အလက်များ စုဆောင်းခြင်း၊ ကာကွယ်ဆေးထိုးလွှမ်းခြုံမှုနှင့် ကာကွယ်ဆေးဖြန့်ဝေသုံးစွဲမှုများကို ဆန်းစစ်ကြီးကြပ်ခြင်း၊ ကာကွယ်ဆေးထိုးမှတ်တမ်းများ ထုတ်ပေးခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိရာတွင် အီလက်ထရွန်နစ် သတင်းအချက်အလက်စနစ်ဖြစ်သည့် Vaccination Management Information System-VMIS စနစ်ကို ၂၀၂၁ ခုနှစ် ဇူလိုင်လမှစတင်၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် နီးနွယ်ဝန်ကြီးဌာနများ၏ ပူးပေါင်းကူညီမှုဖြင့် အသုံးပြုဆောင်ရွက်လျက်ရှိသည်။**

ပြည်ပနိုင်ငံများသို့ ခရီးသွားမည့်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးစီးကြောင်း အထောက်အထား (COVID-19 Vaccination Electronic Certificate) ထုတ်ပေးခြင်းကို ၂၀၂၂ခုနှစ် ဧပြီ ၇ ရက်မှစတင်၍ အွန်လိုင်းစနစ်ဖြင့် ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာဖြစ်သည့် https://c19vc.moh.gov.mm မှတစ်ဆင့် ဆောင်ရွက်ပေးလျက်ရှိရာ မြန်မာနိုင်ငံမှ ထုတ်ပေးသော ကာကွယ်ဆေးထိုးနှံပြီးကြောင်း အီလက်ထရွန်နစ် အထောက်အထားမှတ်တမ်း (COVID-19 Vaccination Electronic Certificate) တွင်ပါရှိသည့် QR Code အား မည်သည့် Mobile Phone (သို့မဟုတ်) Tablet ဖြင့် မဆို Scan ဖတ်၍ အချက်အလက်များ ရယူနိုင်သည့်အတွက် အဆိုပါ ကာကွယ်ဆေးထိုး မှတ်တမ်းကို ကိုင်ဆောင်ထားပါက ကာကွယ်ဆေးထိုးနှံပြီးစီးမှုနှင့်ပတ်သက်၍ အလွယ်တကူ တိုက်ဆိုင်စိစစ်နိုင်သည့်အပြင် မည်သည့်နေ့ရက်များတွင် မည်သည့်ကာကွယ်ဆေး အမျိုးအစား ထိုးနှံထားကြောင်းကို အတည်ပြုချက် ရယူနိုင်သည်။

ထို့ပြင် အာဆီယံနိုင်ငံများ အချင်းချင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုး မှတ်တမ်းများ အပြန်အလှန် အသိအမှတ်ပြုနိုင်ရန်အတွက် မြန်မာနိုင်ငံအနေဖြင့် ဆောင်ရွက်ခဲ့ရာ ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာဖြစ်သည့် https://c19vc.moh.gov.mm မှ တစ်ဆင့် ထုတ်ပေးသည့် COVID-19 Vaccination Electronic Certificate အား အာဆီယံနိုင်ငံများ အချင်းချင်း ကာကွယ်ဆေးထိုး မှတ်တမ်းများ အပြန်အလှန် အသိအမှတ်ပြုခြင်းစနစ် (ASEAN Single QR Code Verification Portal) တွင် တရားဝင် အသိအမှတ်ပြုနိုင်ရေးနှင့်စပ်လျဉ်း၍ ၂၀၂၂ ခုနှစ် မေ ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့၌ ကျင်းပသည့် (၁၅)ကြိမ်မြောက် အာဆီယံကျန်းမာရေးဝန်ကြီးများ အစည်းအဝေး (15th ASEAN HEALTH MINISTERS MEETING) တွင် အတည်ပြုပြီးဖြစ်သည်။

သို့ဖြစ်ပါ၍ မေ၁၅ ရက်မှ စတင်ကာ မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့ ခရီးသွားမည့်သူများအတွက် အထက်ဖော်ပြပါ ကာကွယ်ဆေးထိုးနှံပြီးကြောင်း အီလက်ထရွန်နစ် အထောက်အထားမှတ်တမ်း (COVID-19 Vaccination Electronic Certificate) အား ASEAN Covid-19 Vaccine Certificate Single Verification Portal ဖြစ်သော https://asean. healthverify.org မှတစ်ဆင့် စိစစ်အတည်ပြုခြင်းကို ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

---

# ကော့သောင်းမြို့နယ် ဇာဒက်ကြီးကျွန်းရှိ ဘိုးဘွားရိပ်သာ၌ ဒေသခံဆလုံလူမျိုးများနှင့် တပ်မတော်သားမိသားစုဝင် စုစုပေါင်း ၃၁၆ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေး



**နေပြည်တော် မေ ၁၉**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးရန် ရောက်ရှိနေသည့် နယ်လှည့်အထူးကုဆေးအဖွဲ့များပါဝင်သည့် တပ်မတော်ပင်လယ်သွားဆေးရုံ ရေယာဉ် (သံလွင်) သည် ယနေ့တွင် ကော့သောင်းမြို့နယ် ဇာဒက်ကြီးကျွန်းရှိ ဘိုးဘွားရိပ်သာ၌ ဒေသခံဆလုံလူမျိုးများနှင့် တပ်မတော်သား မိသားစုဝင် စုစုပေါင်း ၃၁၆ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာ ရောဂါ ၇၈ ဦး၊ ခွဲစိတ်ရောဂါ ၃၆ ဦး၊ သားဖွား၊ မီးယပ်ရောဂါ ၃၂ ဦး၊ ကလေးရောဂါ ၃၅ ဦး၊ အရိုးရောဂါ ၃၀၊ နား/နှာခေါင်း/လည်ချောင်းရောဂါ ၃၄ ဦး၊ မျက်စိရောဂါ ၃၇ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၃၄ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။

ထို့ပြင် ခွဲစိတ်ကုသရန်လိုအပ်သူ အထွေထွေခွဲစိတ်လူနာ ၁၂ ဦးကို ခွဲစိတ်ကုသမှုများ ဆောင်ရွက်၍ သွားနှင့်ခံတွင်းလူနာ ၁၅ ဦး၊ ဓာတ်မှန်ရိုက်လူနာ ၃၂ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၃၈ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၅၅ ဦး၊ ဓာတ်ခွဲစမ်းသပ်လူနာ ၇၂ ဦး၊ ကွန်ပျူတာ ဓာတ်မှန်ရိုက်လူနာသုံးဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက် ကုသရန် လိုအပ်သည့် ဒေသခံပြည်သူလေးဦးအား ဆေးရုံရေယာဉ်ပေါ်တွင် ဆေးရုံတင်ကုသပေးခဲ့ကြောင်း သတင်းရရှိသည်။


**သတင်းစဉ်**



ပြည်ထောင်စုနယ်မြေအတွင်းရှိ မြို့နယ်များတွင် အခြေခံမဲဆန္ဒရှင်စာရင်း ပြည့်စုံမှန်ကန်ရေးအတွက် မြေပြင်လူဦးရေစာရင်းနှင့် တိုက်ဆိုင်စစ်ဆေးခြင်းအား ကော်မရှင်ဥက္ကဋ္ဌက လိုက်လံကြည့်ရှုအားပေးခြင်း



တိုင်းဒေသကြီး နှင့် ပြည်နယ်များတွင် အခြေခံမဲဆန္ဒရှင်စာရင်း ပြည့်စုံမှန်ကန်ရေးအတွက် မြေပြင်လူဦးရေစာရင်းနှင့် တိုက်ဆိုင်စစ်ဆေးခြင်းအား ကော်မရှင်ဥက္ကဋ္ဌက လိုက်လံကြည့်ရှုအားပေးခြင်း



တက္ကသိုလ်အသီးသီး၌ ပညာသင်ကြားနေသည့် တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများ၏ မှတ်တမ်းဓာတ်ပုံများ

❖ *ကျောဖုံးမှ*

သတင်းစာရှင်းလင်းပွဲမစတင်မီ တက်ရောက်လာကြသူများအား တာဝန်ရှိသူများက ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးအတွက် လိုအပ်သည့် ကျန်းမာရေးဆိုင်ရာစစ်ဆေးမှုများ ဆောင်ရွက်ပေးပြီး သတ်မှတ်အကွာအဝေးအတိုင်း နေရာချထားပေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအစိုးရအနေဖြင့် နိုင်ငံတော်တာဝန်ယူနေသည့် ကာလအခိုက် အတန့်အတွင်း တိုင်းရင်းသား ပြည်သူများ၏ အကျိုးကိုရှေးရှု၍ ပြည်သူလူထု၏ဆန္ဒဖြစ်သော ပါတီစုံဒီမိုကရေစီစနစ်ကို ခိုင်မာတောင့်တင်းအောင် တည်ဆောက်နိုင်ရန် လက်တွေ့ကျကျ စိတ်စေတနာထားဖော်ဆောင်နေမှု၊ ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ လက်တွေ့ကျကျ ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ရန်နှင့် ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအရသာကို တိုင်းရင်းသားပြည်သူအားလုံး ခံစားနိုင်ရန်အတွက် ရိုးသားပွင့်လင်းစွာ ဆွေးနွေးနိုင်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌကိုယ်တိုင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အားလုံးကို တွေ့ဆုံဆွေးနွေးရန် ဖိတ်ခေါ်ခဲ့မှု၊ နိုင်ငံတော်အကြီးအကဲကိုယ်တိုင် EAO အဖွဲ့များ တစ်ဖွဲ့ချင်းအလိုက် တိုက်ရိုက်တွေ့ဆုံဆွေးနွေးခြင်းသည် မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ရတောင့်ရခဲ အခြေအနေနှင့် အချိန်အခါသာဖြစ်ပြီး အဓိကအဆုံးအဖြတ်ပေးနိုင်သူ အချင်းချင်း ရင်းနှီးပွင့်လင်းစွာ တွေ့ဆုံနိုင်ရန် လမ်းဖွင့်ပေးခဲ့ခြင်းဖြစ်သည့် အခြေအနေ၊ ထိုသို့ ငြိမ်းချမ်းရေးဆွေးနွေးရန် ကမ်းလှမ်းချက်အပေါ် လာရောက်ဆွေးနွေးမည့် NCA လက်မှတ်ရေးထိုးပြီးဖြစ်သည့် DKBA ၊ KNU–KNLA/PC ၊ PNLO ၊ NMSP ၊ ALP ၊ RCSS (SSA) ၊ LDU စသည့် အဖွဲ့ ၇ ဖွဲ့နှင့် NCA လက်မှတ်ရေးထိုးခြင်းမပြုရသေးသည့် UWSA ၊ NDAA နှင့် SSPP (SSA) စသည့် အဖွဲ့ ၃ ဖွဲ့၊ စုစုပေါင်း အဖွဲ့ ၁၀ ဖွဲ့တို့၏ ငြိမ်းချမ်းရေး၊ ပြည်သူလူထုအရေးနှင့် ဒေသအကျိုးအပေါ်ထားရှိသည့် စေတနာတရားကို အစိုးရနှင့် ငြိမ်းချမ်းရေးကို လိုလားသည့် ပြည်သူလူထုတစ်ရပ်လုံးက အသိအမှတ်ပြုလေးစားမှုများ၊ ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ လာရောက်ကြမည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၀ ဖွဲ့မှ ဦးဆောင်တက်ရောက်ကြမည့်ပုဂ္ဂိုလ်များသည် အဖွဲ့ကိုယ်စား အဆုံးအဖြတ်ပေးနိုင်သူများသာ ဖြစ်ပြီး တွေ့ဆုံဆွေးနွေးမှုများကို မေ ၂၀ ရက်မှ စတင်ပြုလုပ်သွားမည့် အခြေအနေ။

PDF အမည်ခံအကြမ်းဖက်သမားများ၏ ရဟန်း၊ သံဃာများအပေါ် ပစ်မှတ်ထား လုပ်ကြံသတ်ဖြတ်နေသည့် အခြေအနေ၊ သာသနာတော်၏ ရေသောက်မြစ်ကို ဖြတ်တောက်နေခြင်းသည် အကြမ်းဖက်အဖွဲ့အစည်းများနှင့် အကြမ်းဖက်သမားများ၏ ရည်မှန်းချက်ဖြစ်သည့်အပြင် နောက်ကွယ်မှဆက်စပ်နေနိုင်သည့် အကြောင်းအရာ အချက်အလက်များ၊ ယင်းသည် လူအများစုကိုးကွယ်ရာ ဘာသာတရားကို တိုက်ရိုက်ထိပါးခြင်းဖြစ်သည့်အတွက် အကာအကွယ်ပေးရမည်ဖြစ်ပြီး သံဃာတော်များအား ခြိမ်းခြောက်၊ နှောင့်ယှက်၊ ကိုယ်ထိလက်ရောက်စော်ကားခြင်းများကို သတင်းပေးတိုင်ကြားပါက ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားမည့် အခြေအနေ။

## ပညာရေးမြှင့်တင်ဆောင်ရွက်ချက်များ

ပညာရေးနှင့်ပတ်သက်၍ ၂၀၁၄ ခုနှစ်၊ သန်းခေါင်စာရင်း၊ ၂၀၁၉ ခုနှစ်၊ သန်းခေါင်စာရင်းများအရ မြန်မာနိုင်ငံသားအားလုံး၏ ၃ ပုံ ၁ ပုံခန့်သည် အလယ်တန်းအဆင့် ပညာရေးသာရှိသောကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံသားတိုင်းကို KG+9 (အလယ်တန်းအဆင့်) ပညာပြီးဆုံးသည်အထိ သင်ကြားနိုင်ရေး အလေးထားဆောင်ရွက်လျက်ရှိသည်များ၊ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် အခြေခံပညာအတန်းများ ကျောင်းအပ်နှံရေးရက်သတ္တပတ်ကို မေ ၂၆ ရက်မှ ဇွန် ၁ ရက်အထိ သတ်မှတ်၍ ကျောင်းအပ်လက်ခံမှုကို ဆောင်ရွက်မည်ဖြစ်ပြီး ဇွန် ၂ ရက်တွင် အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်သင်ကြားသွားမည့် အခြေအနေ၊ အခမဲ့ပညာရေးစနစ်ဖြစ်သောကြောင့် KG တန်း၊ Grade–1 မှ Grade–11 အထိ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်၊ ဆရာလမ်းညွှန်စာအုပ်၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများ၊ မူလတန်းကျောင်းသား ကျောင်းသူများအတွက် ကျောင်းဝတ်စုံများ ဖြန့်ဝေဖြည့်ဆည်းပေးမှု၊ မျိုးဆက်သစ်လူငယ်များ၏ ပညာရည်မြင့်မားရေးအတွက် အရည်အသွေးပြည့်ဝ၍ အတွေ့အကြုံရှိသည့် ဆရာ ဆရာမများ လိုအပ်သောကြောင့် တာဝန်မှ ကင်းကွာနေသည့် ပညာရေးဝန်ထမ်းများ ပြန်လည်တာဝန်ထမ်းဆောင်နိုင်ရန် အစိုးရအနေဖြင့် ၂၀၂၂ ခုနှစ်၊ မေ ၁၆ ရက်မှစတင်၍ နိုင်ငံပိုင်ရုပ်မြင်သံကြား မီဒီယာများမှတစ်ဆင့် ပြန်လည်ဖိတ်ခေါ်ထားမှုများနှင့် အခြေခံပညာ ဆရာ ဆရာမ အသစ်များကိုလည်း ထပ်တိုးခန့်အပ်ခဲ့ပြီးဖြစ်သည့်အခြေအနေ၊ တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များနှင့် ကောလိပ်အသီးသီးကို ၂၀၂၂ ခုနှစ်၊ မေ ၁၂ ရက်မှ စတင်ဖွင့်လှစ်ခဲ့မှုနှင့် ကျောင်းသား ကျောင်းသူများ၏ ကျောင်းတက်ရောက်မှုအခြေအနေ၊ ချင်းပြည်နယ်အတွင်း ပညာရေးမြှင့်တင်မှုဆောင်ရွက်ချက်များ။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ငွေကြေးတည်ငြိမ်ရေး၊ ငွေရေးကြေးရေး တည်ငြိမ်ရေးနှင့် နိုင်ငံခြားငွေလဲလှယ်မှုနှုန်း တည်ငြိမ်ရေးအတွက် ကဏ္ဍအလိုက် ဆောင်ရွက်လျက်ရှိမှု၊ ငွေကြေးတည်ငြိမ်ရေးအတွက် အဓိကရည်မှန်းချက်ဖြစ်သော ပြည်တွင်းဈေးနှုန်းတည်ငြိမ်မှုရရှိရန်နှင့် ထိန်းသိမ်းဆောင်ရွက်ရန် ငွေကြေးမူဝါဒကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ ဘဏ်လုပ်ငန်းကဏ္ဍအတွင်း ငွေကြေးလုံလောက်မှုရှိရန်နှင့် ငွေကြေးလွယ်ကူမှုကို ပိုမိုထောက်ပံ့နိုင်ရန် ဆောင်ရွက်ထားရှိမှု၊ ပြည်တွင်းရွှေဈေးကွက်တွင် ဈေးနှုန်းအဆမတန်မြင့်တက်မှုမရှိစေရေး၊ ကမောက်ကမ မဖြစ်စေရေးနှင့် ဖြစ်သင့်သည့် ဈေးထက် ပိုမိုရောင်းဝယ်မှု မရှိစေရေးတို့အတွက် ဆောင်ရွက်လျက်ရှိမှု၊ စီးပွားရေးလုပ်ငန်းများ၊ လုပ်ငန်းရှင်များနှင့်ပတ်သက်၍ ပေါ်ပေါက်နေသည့် ကောလာဟလများ၊ နိုင်ငံရေး၊ စီးပွားရေးနှင့် အုပ်ချုပ်ရေးကဏ္ဍများတွင် စည်းကမ်း နည်းလမ်းမကျစွာ ဆောင်ရွက်နေမှုများနှင့် လုပ်ထုံးလုပ်နည်းကို ကျော်လွန်ဆောင်ရွက်နေမှုများကို နိုင်ငံတော်အစိုးရအနေဖြင့် ပြန်လည်တည့်မတ်၍ လမ်းမှန်ရောက်အောင် ဆောင်ရွက်လျက်ရှိမှုနှင့်ပတ်သက်၍ Video File များ၊ PowerPoint Presentation များဖြင့် ကျယ်ကျယ်ပြန့်ပြန့် ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်ဦးက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲအတွက် ပြင်ဆင်ဆောင်ရွက်မှုအခြေအနေများနှင့် အခြေခံမဲဆန္ဒရှင် စာရင်းပြုစုခြင်း၊ နိုင်ငံရေး ပါတီများအား စစ်ဆေးခြင်းအပါအဝင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များကို PowerPoint Presentation များဖြင့် ရှင်းလင်းပြောကြားသည်။


## ပြန်လည်ရှင်းလင်းပြောကြား

ယင်းနောက် သတင်းဌာနများမှ သတင်းထောက်များ၏ သိရှိလိုသည့် မေးမြန်း မှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးနှင့် ဌာနဆိုင်ရာ သတင်းထုတ်ပြန်ရေးအဖွဲ့ ကိုယ်စားလှယ်များက ပြန်လည်ရှင်းလင်းပြောကြားပြီး သတင်းစာရှင်းလင်းပွဲကို ရုပ်သိမ်းခဲ့သည်။

အဆိုပါသတင်းစာရှင်းလင်းပွဲတွင် သတင်းမီဒီယာများ မှီငြမ်းကိုးကားနိုင်ရေးအတွက် နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေး၊ ပညာရေး၊ နိုင်ငံရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ ဆောင်ရွက်ချက်များနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဆောင်ရွက်ချက် မှတ်တမ်းဓာတ်ပုံများကို ခင်းကျင်းပြသထားရှိရာ တက်ရောက်လာကြသူများက လိုက်လံကြည့်ရှုလေ့လာကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ သတင်းစာရှင်းလင်းပွဲများကို ယခုမေလမှစ၍ တစ်လလျှင်နှစ်ကြိမ် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်းနှင့် သတင်းစာရှင်းလင်းပွဲပြုလုပ်မှု၊ မေးမြန်းဖြေကြားမှု အပြည့်အစုံကို ဆက်လက်ဖော်ပြသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဖိတ်ခေါ်သော ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ထောက်ခံကြောင်းနှင့် ပြည်ပဝင်ရောက်စွက်ဖက်မှုများအား ကန့်ကွက်ကြောင်း ရန်ကုန်လူထု ဆန္ဒထုတ်ဖော် (၁၉-၅-၂၀၂၂)

◆ *ကျောဖုံးမှ*

အမျိုးသား/ အမျိုးသမီး ဗိုလ်လုပွဲ ပွဲစဉ်များ၌ အမျိုးသမီး (နှစ်ယောက်တွဲ) အသင်းလိုက် (Regu) ပြိုင်ပွဲတွင် အိမ်ရှင် ဗီယက်နမ်အသင်းကို (၂-၁) ဖြင့် အနိုင်ရရှိခဲ့ပြီး မြန်မာနိုင်ငံ အတွက် သတ္တမမြောက် **ရွှေတံဆိပ်ဆု**ကို ထိုက်ထိုက် တန်တန် ဆွတ်ခူးရယူပေးနိုင်ခဲ့ပြီး၊ အမျိုးသား (နှစ်ယောက်တွဲ) အသင်းလိုက် ပြိုင်ပွဲတွင် **ကြေးတံဆိပ်ဆု**ကို လည်းကောင်း၊ ပြေးခုန်ပစ် အားကစားနည်းမှ ၂၀ ကီလိုမီတာ အမျိုးသမီး (လမ်းလျှောက်) ပြိုင်ပွဲ ဖိုင်နယ်ပွဲစဉ်၌ မြန်မာ၊ မလေးရှား၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ ယှဉ်ပြိုင်ကြရာတွင် မဇင်မေထက်က **ငွေတံဆိပ်ဆု** ကိုလည်းကောင်း ထပ်မံဆွတ်ခူးရရှိခဲ့ကြသည်။

အလားတူ ဟနွိုင်းမြို့ရှိ Hoai Duc အားကစားရုံ၌ ဂျူဒို အားကစားနည်းမှ (-၅၇) ကီလိုတန်း အမျိုးသမီးတစ်ဦးချင်း ပြိုင်ပွဲတွင် မခြူးမြတ်နိုးဝေနှင့် (-၆၃) ကီလိုတန်းတွင် မနွယ်နီပွင့်လှိုင်တို့က **ငွေတံဆိပ်ဆု** တစ်ခုစီကိုလည်းကောင်း၊ Hai Phong မြို့၌ ကနူး/ကယက် လှေလှော် အားကစားနည်း ကယက်လှေလှော် မီတာ ၁၀၀၀ အမျိုးသား နှစ်ယောက်တွဲပွဲစဉ်၌ မြန်မာ၊ အင်ဒိုနီးရှား၊ စင်ကာပူ၊ ထိုင်း၊ ဗီယက်နမ်နှင့် မလေးရှား နိုင်ငံတို့မှ ယှဉ်ပြိုင်ကစားခဲ့ကြရာ မြန်မာနိုင်ငံမှ **ကြေးတံဆိပ်ဆု**ကိုလည်းကောင်း၊ Tay Ho အားကစားရုံ၌ တိုက်ကွမ်ဒို အားကစားနည်း အတိုက်ပြိုင်ပွဲ (-၄၉) ကီလိုတန်းတွင် မဒေစီဂျူးလိယက်က ငွေတံဆိပ်ဆု၊



ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ ရွှေတံဆိပ်ဆုရ အမျိုးသမီးပိုက်ကျော်ခြင်းအသင်းအား ဆုချီးမြှင့်စဉ်။

(-၈၀) ကီလိုတန်းတွင် မောင်ထက်ဇော်လင်းနှင့် (-၈၇) ကီလိုတန်း ပြိုင်ပွဲတွင် မောင်ကျော်မင်းနိုင်တို့က **ကြေးတံဆိပ်ဆု** တစ်ခုစီကို လည်းကောင်း၊ Soc Son အားကစားရုံ၌ ဗိုဗီနမ်အားကစားနည်းမှ (-၆၅) ကီလိုတန်းတွင် မဇင်မာခိုင်က **ကြေးတံဆိပ်ဆု**ကို လည်းကောင်း မြန်မာနိုင်ငံအတွက် ဆုတံဆိပ်များ ထပ်မံဆွတ်ခူးပေးနိုင်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့်အဖွဲ့သည် ယနေ့ ယှဉ်ပြိုင်လျက်ရှိသော အားကစားနည်းများမှ ပြေးခုန်ပစ်အားကစားပြိုင်ပွဲ၊ အလေးမအားကစားပြိုင်ပွဲ၊ ဗိုဗီနမ်နှင့် ပိုက်ကျော်ခြင်းအားကစား ပြိုင်ပွဲများတွင် မြန်မာအသင်း ဝင်ရောက်ယှဉ်ပြိုင်ကစားနေမှုများကို သွားရောက်ကြည့်ရှုအားပေးခဲ့သည်။

ယနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ပြေးခုန်ပစ်၊ စစ်တုရင်၊ သေနတ်ပစ်၊ ဘိလိယက်၊ လက်ဝှေ့၊ ဂျူဒို၊ တိုက်ကွမ်ဒို၊ အလေးမနှင့် ဗိုဗီနမ် အားကစားနည်းများတွင် မြန်မာ အားကစားအဖွဲ့များမှ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး မေ ၂၀ ရက် ပြိုင်ပွဲ ပွဲစဉ်များအဖြစ် စစ်တုရင်၊ ပိုက်ကျော်ခြင်း၊ သေနတ်ပစ်၊ E-Sports၊ ဘော်လီဘော၊ ကနူးလှေလှော်၊ ဂျူဒို၊ ဗိုဗီနမ်၊ အလေးမ၊ လက်ဝှေ့နှင့် ဘိလိယက်အားကစားပြိုင်ပွဲများကို ဆက်လက်ဝင်ရောက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(၃၁) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ယနေ့အထိ ရွှေတံဆိပ်ခုနစ်ခု၊ ငွေတံဆိပ် ၁၂ ခုနှင့် ကြေးတံဆိပ် ၂၀ တို့ကို ဆွတ်ခူးရရှိထားပြီး စုစုပေါင်း ဆုတံဆိပ် ၃၉ ခုဖြင့် နိုင်ငံအလိုက် အဆင့်(၇) တွင် ရပ်တည်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



ဗီယက်နမ်နှင့် မလေးရှား အသင်း ယှဉ်ပြိုင်နေစဉ်။

## ဆီးဂိမ်း အမျိုးသားဘောလုံး ဗိုလ်လုပွဲအဖြစ် ထိုင်းနှင့် ဗီယက်နမ်အသင်းတို့ ကစားမည်

**ရန်ကုန် မေ ၁၉**

(၃၁) ကြိမ်မြောက် ဆီးဂိမ်း အမျိုးသားဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို မေ ၁၉ ရက်က ဆက်လက်ကျင်းပရာ ထိုင်းအသင်းနှင့် ဗီယက်နမ်ဗိုလ်လုပွဲ တက်ရောက်သွားသည်။

ဆီမီးဖိုင်နယ်ပွဲစဉ်များတွင် ထိုင်းအသင်းက အင်ဒိုနီးရှားအသင်းကို တစ်ဂိုး-ဂိုးမရှိ၊ အိမ်ရှင်ဗီယက်နမ်အသင်းက မလေးရှားအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ လက်ရှိချန်ပီယံ ဗီယက်နမ်အသင်းနှင့် မလေးရှားအသင်းတို့ပွဲမှာ အပြန်အလှန်ရှိခဲ့ပြီး ဗိုလ်လုပွဲတက်ရေး အားကုန်ထုတ်ကစားခဲ့သဖြင့် ပွဲကောင်းတစ်ပွဲဖြစ်ခဲ့သည်။ မလေးရှားအသင်းသည် အိမ်ရှင်အသင်းနှင့် တွေ့ဆုံရသော်လည်း ခံစစ်ဦးစားပေးမကစားဘဲ အပြန်အလှန် တိုက်စစ်ဆင်ကစားရာ ဂိုးသွင်းခွင့်များ အပြန်အလှန် ရရှိခဲ့သည်။ မိနစ် ၉၀ ပြည့်သည်အထိ ဂိုးမရှိသရေကျနေသဖြင့် အချိန်ပို ဆက်လက်ယှဉ်ပြိုင်ခဲ့ရပြီး ဗီယက်နမ်အသင်းအတွက် အနိုင်ဂိုးကို ၁၁၀ မိနစ်တွင် ငုယင်သီလင်က သွင်းယူခဲ့သည်။ ထိုင်းအသင်းက ပွဲပြီးခါနီးနာကျင်အချိန်ပိုဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ထိုင်းအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ၉၀+၄ မိနစ်တွင် ဝီရာသီက သွင်းယူပေးခဲ့သည်။ မေ ၂၂ ရက်တွင် ဗိုလ်လုပွဲအဖြစ် ထိုင်းအသင်းနှင့် ဗီယက်နမ်အသင်း၊ တတိယနေရာ လုပွဲအဖြစ် အင်ဒိုနီးရှားအသင်းနှင့် မလေးရှားအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ရဲရင့်လွင်၊ ဓာတ်ပုံ-VFF

## ဆီးဂိမ်း အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် မြန်မာအသင်း အဆင့် ၅ နေရာလုပွဲကစားရမည်

**ရန်ကုန် မေ ၁၉**

ဆီးဂိမ်း အမျိုးသားဘော်လီဘော ပြိုင်ပွဲ အုပ်စုပွဲစဉ်အပြီးတွင် မြန်မာအသင်းသည် ဆီမီးဖိုင်နယ်နှင့် လွဲချော်ခဲ့ပြီး အဆင့် ၅ နေရာလုပွဲသာ ကစားရမည်ဖြစ်သည်။ မြန်မာအသင်းသည် ဆီမီးဖိုင်နယ်တက်ရောက်ရေး အဆုံးအဖြတ်ပွဲတွင် အိမ်ရှင်ဗီယက်နမ်အသင်းကို သုံးပွဲပြတ် အရေးနိမ့်ခဲ့သဖြင့် ဆီမီးဖိုင်နယ်နှင့် လွဲချော်ခဲ့ခြင်း ဖြစ်သည်။ မြန်မာအသင်းသည် အင်ဒိုနီးရှား၊ ဗီယက်နမ်၊ မလေးရှားတို့နှင့် တစ်အုပ်စုတည်း ကျရောက်ခဲ့ပြီး မလေးရှားတစ်သင်းတည်းကိုသာ အနိုင်ရပြီး ကျန်နှစ်သင်းကို အရေးနိမ့်ခဲ့သဖြင့် ဆီမီးဖိုင်နယ်နှင့် လွဲချော်ခဲ့ခြင်းဖြစ်သည်။ အမျိုးသားဘော်လီဘောပြိုင်ပွဲကို အုပ်စုနှစ်ခုခွဲ၍ ပြုလုပ်ခဲ့ပြီး အုပ်စုပွဲစဉ်များအပြီးတွင် အုပ်စု (က) တွင် အင်ဒိုနီးရှားအသင်းက အုပ်စု ပထမ၊ ဗီယက်နမ်အသင်းက အုပ်စု ဒုတိယ၊ အုပ်စု (ခ) တွင် ထိုင်းအသင်းက အုပ်စုပထမ၊ ကမ္ဘောဒီးယားအသင်းက အုပ်စုဒုတိယရရှိကာ ဆီမီးဖိုင်နယ် တက်ရောက်ခဲ့သည်။

အုပ်စု (က) တွင် တတိယ နေရာရခဲ့သည့် မြန်မာအသင်းသည် အဆင့် ၅/၆ နေရာလုပွဲ တိုက်ရိုက်ကစားခွင့်ရခဲ့ပြီး အုပ်စုအောက်ဆုံး ရပ်တည်မှုအရ မလေးရှားနှင့် ဖိလစ်ပိုင်အသင်းမှာ အဆင့် ၅/၆ နေရာလုပွဲအတွက် Play-off ထပ်မံကစားခဲ့ရပြီး ဖိလစ်ပိုင်အသင်းက သုံးပွဲပြတ် အနိုင်ရခဲ့သဖြင့် မြန်မာအသင်းနှင့် အဆင့် ၅ နေရာလုပွဲ ကစားရမည်ဖြစ်ကာ မလေးရှားအသင်းမှာမူ အဆင့် ၇ နေရာသာရရှိခဲ့သည်။

မြန်မာအသင်းနှင့် ဖိလစ်ပိုင်အသင်းသည် အဆင့် ၅ နေရာလုပွဲအဖြစ် မေ ၂၀ ရက် **(ယနေ့)** ကစားရမည်ဖြစ်သည်။

ရဲရင့်လွင်

## ဘိလိယက်နှစ်ယောက်တွဲပြိုင်ပွဲ ပေါက်စနှင့် မင်းစည်သူထွန်းအတွဲ ဗိုလ်လုပွဲတက်ရောက်

**ရန်ကုန် မေ ၁၉**

ဆီးဂိမ်းဘိလိယက်နှစ်ယောက်တွဲပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို မေ ၁၉ ရက်က ကျင်းပရာ မြန်မာအသင်း ဗိုလ်လုပွဲ တက်ရောက်သွားသည်။ ဆီမီးဖိုင်နယ်တွင် မြန်မာအသင်းက ဗီယက်နမ်အသင်းကို သုံးပွဲပြတ်၊ စင်ကာပူအသင်းက ထိုင်းအသင်းကို ၃-၂ ပွဲဖြင့် အနိုင်ရရှိခဲ့သည်။ မြန်မာအသင်းတွင် ပေါက်စနှင့် မင်းစည်သူထွန်းတို့ ပါဝင်ပြီး အိမ်ရှင်ဗီယက်နမ်အသင်းကို အနိုင်ယူကာ ဗိုလ်လုပွဲ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ဗီယက်နမ်အသင်းကို ပထမပွဲငယ်တွင် ၁၀၀-၂၄ မှတ်၊ ဒုတိယပွဲငယ်တွင် ၁၀၀-၉၆ မှတ်၊ တတိယပွဲငယ်တွင် ၁၀၀-၆၆ မှတ်ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ အခြားဆီမီးဖိုင်နယ်တွင် ပီတာဂေးလ်ခရစ်နှင့် ယီဝေပန် (စင်ကာပူ) အတွဲက ပရာပွတ်နှင့် ထာဝပ် (ထိုင်း) အတွဲကို အနိုင်ယူခဲ့ခြင်းဖြစ်သည်။ ဘိလိယက်နှစ်ယောက်တွဲပြိုင်ပွဲတွင် အောင်မြင်မှုများစွာရရှိထားသည့် ပရာပွတ်နှင့် ထာဝပ်အတွဲမှာ မထင်မှတ်ဘဲ အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းနှင့် စင်ကာပူအသင်းတို့၏ ဗိုလ်လုပွဲကို မေ ၂၀ ရက် **(ယနေ့)** ပြုလုပ်မည်ဖြစ်သည်။ မြန်မာဘိလိယက်အဖွဲ့သည် ယခုယှဉ်ပြိုင်နေသည့် ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခု ရရှိထားပြီး ဘိလိယက်တစ်ဦးချင်းပြိုင်ပွဲတွင် ပေါက်စက ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ပေါက်စသည် နှစ်ယောက်တွဲပြိုင်ပွဲတွင် မင်းစည်သူထွန်းနှင့် တွဲဖက်ကာ ယှဉ်ပြိုင်နေခြင်းဖြစ်သည်။

ရဲရင့်လွင်

## (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှု

၁၉ - ၅ - ၂၀၂၂

| စဉ် | နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | ဗီယက်နမ် | ၁၅၃ | ၉၁ | ၈၃ | ၃၂၇ |
| ၂ | ထိုင်း | ၆၂ | ၆၆ | ၉၅ | ၂၂၃ |
| ၃ | အင်ဒိုနီးရှား | ၄၂ | ၆၁ | ၅၆ | ၁၅၉ |
| ၄ | ဖိလစ်ပိုင် | ၄၀ | ၅၇ | ၇၈ | ၁၇၅ |
| ၅ | စင်ကာပူ | ၄၀ | ၄၁ | ၅၃ | ၁၃၄ |
| ၆ | မလေးရှား | ၃၄ | ၃၇ | ၇၃ | ၁၄၄ |
| ၇ | မြန်မာ | ၇ | ၁၂ | ၂၀ | ၃၉ |
| ၈ | ကမ္ဘောဒီးယား | ၆ | ၁၀ | ၂၄ | ၄၀ |
| ၉ | လာအို | ၁ | ၆ | ၂၂ | ၂၉ |
| ၁၀ | ဘရူနိုင်း | ၁ | ၁ | ၁ | ၃ |
| ၁၁ | တီမောလက်စ်တေ | ၀ | ၂ | ၁ | ၃ |

# လမ်းကွန်ရက်များ တိုးတက်ကောင်းမွန်စေခြင်းဖြင့် ပဲခူးတိုင်းဒေသကြီး လူမှုစီးပွားဖွံ့ဖြိုးစေမည်

.......... ဗညားဦး ..........

ဥဩသာဟူ၍လည်းကောင်း၊ ဟံသာဝတီဟူ၍လည်းကောင်း ခေါ်ဆိုကြသည့်ပဲခူးတွင် မွန်ဘုရင်များ ထီးနန်းစိုးစံခဲ့သည့် သမိုင်းကြောင်းသည် ယနေ့အထိ ထင်ရှားဆဲဖြစ်သည်။ ဟံသာဝတီမင်းနေပြည်တော်တည်ရှိပြီး စည်ကားဝေစည်ခဲ့သည့် ပဲခူးတိုင်းဒေသကြီးသည် ခေတ်အဆက်ဆက် ပြောင်းလဲရှင်သန်ရင်းဖြင့် လူဦးရေ ၄ ဒသမ ၈ သန်းကျော် မှီတင်းနေထိုင်သော လူဦးရေထူထပ်သည့် တိုင်းဒေသကြီးတစ်ခု ဖြစ်လာသည်။

တိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသတွင် နေထိုင်သည့် ကျေးလက်နေပြည်သူ ၇၈ ရာခိုင်နှုန်းကျော်ရှိပြီး စိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်ကြသည်။ သို့ဖြစ်၍ တိုင်းဒေသကြီးအတွင်းမှ ထွက်ရှိသည့် စပါး၊ ကွမ်း၊ ကြံ၊ ပြောင်း၊ မြေပဲ၊ နှမ်း၊နေကြာ၊ ပဲ၊ ရော်ဘာ၊ ဆေးရွက်ကြီး စသည့်စိုက်ပျိုးသီးနှံမျိုးစုံကို အချိန်မီရောင်းဝယ်ဖောက်ကားနိုင်ရန် လမ်းများကောင်းမွန်ရေးသည် အခြေခံလိုအပ်ချက်ဖြစ်လာသည်။



ပဲခူး – သနပ်ပင် – ခရမ်း – သုံးခွ – သန်လျင်လမ်း။

### လမ်းကွန်ရက်များကောင်းမွန်ရေး

ထို့ပြင် တောင်ဘက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဘက်တွင် နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊အရှေ့မြောက်ဘက်တွင် ကရင်ပြည်နယ်၊ အရှေ့တောင်ဘက်တွင် မွန်ပြည်နယ်၊ အနောက်ဘက်တွင် ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်တို့နှင့် ထိစပ်ချိတ်ဆက်ကာ ကုန်စည်ကူးသန်းရောင်းဝယ်ရေးအပါအဝင် လူမှုစီးပွားလှုပ်ရှားမှုများအတွက် ဖြတ်သန်းသွားလာအသုံးပြုမှုများသဖြင့် တိုင်းဒေသကြီးအတွင်းရှိ လမ်းကွန်ရက်များကောင်းမွန်ရေးကို တိုင်းဒေသကြီး လမ်းဦးစီးဌာနအနေဖြင့် အားစိုက်ဆောင်ရွက်လျက်ရှိသည်။

တိုင်းဒေသကြီး လမ်းဦးစီးဌာနသည် ဒေသတွင်းလမ်းများကောင်းမွန်စေရေး ဆောင်ရွက်ရာတွင် AC လမ်း၊ ကွန်ကရစ်လမ်း၊ ကတ္တရာလမ်း၊ ကျောက်ချောလမ်း၊ အမာခံလမ်း၊ မြေလမ်း စသည့်လမ်းအမျိုးအစားများကို ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်၍ ဦးစားပေးဆောင်ရွက်လျက်ရှိသည်။

နှစ်စဉ်ရရှိသော ဘဏ္ဍာရန်ပုံငွေများဖြင့် လမ်းအဆင့်မြှင့်တင်ခြင်း၊ လမ်းဖောက်လုပ်ခြင်း လုပ်ငန်းများဆောင်ရွက်ခဲ့ရာ တိုင်းဒေသကြီးအတွင်း Paved Ratio (ကတ္တရာ ကွန်ကရစ် /ကွန်ကရစ် / ကတ္တရာလမ်းဖြစ်ပြီး လမ်းမိုင်အချိုး) အနေဖြင့် ၈၂ ရာခိုင်နှုန်းအထိတိုးတက်အောင် တိုင်းဒေသကြီး လမ်းဦးစီးဌာနမှ ဖော်ဆောင်နိုင်ခဲ့သည်။

"ကျွန်တော်တို့အနေနဲ့ တိုင်းဒေသကြီးအတွင်းက လမ်းပိုင်းတွေကောင်းမွန်ရေး ဆောင်ရွက်တဲ့နေရာမှာ ပြည်ထောင်စုလမ်းမိုင်အချိုးနဲ့ တိုင်းဒေသကြီး လမ်းမိုင်အချိုးမှာ (၄၁ ရာခိုင်နှုန်း အချိုး ၅၉ ရာခိုင်နှုန်း)ဖြစ်ပြီး လမ်းဦးစီးဌာနက တာဝန်ယူတဲ့ လမ်းမိုင်အချိုးနှင့် B.O.T စနစ်နဲ့ ဆောင်ရွက်တဲ့ လမ်းမိုင်အချိုးမှာ ( ၇၃ ဒသမ ၄ ရာခိုင်နှုန်း အချိုး ၂၆ ဒသမ ၆ ရာခိုင်နှုန်း) ရှိပါတယ်" ဟု တိုင်းဒေသကြီး လမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး (မြို့ပြ) ဦးတိုးတိုးက ပြောကြားသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း လမ်းများ/တံတားများ ကောင်းမွန်စေရန်အတွက် လမ်းဦးစီးဌာနမှ ခရိုင် လေးခု၊ လမ်းအထူးအဖွဲ့ နှစ်ဖွဲ့၊ တံတားဦးစီးဌာနမှ တံတားအထူး အဖွဲ့ တစ်ဖွဲ့ဖြင့် လမ်း/တံတားလုပ်ငန်း များကို တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

"မြို့ပေါ်လမ်းတွေက အားလုံးနီးပါး ကောင်းနေပြီ။ ဒီလိုပဲ တိုင်းဒေသကြီးထဲက တခြားမြို့တွေက လမ်းတွေကောင်းလာတာလည်း အထင်အရှားပါ။ ဒေသတစ်ခုတိုးတက်ဖို့ လမ်းကအခြေခံဖြစ်တဲ့အတွက် လမ်းကောင်းတော့ ပြည်သူစိတ်ချမ်းသာတာပေါ့။ ပြည်သူတွေအနေနဲ့ ဖွံ့ဖြိုးမှုကို မျက်မြင်ခံစားနိုင်တာ လမ်းလို့ဆိုနိုင်ပါတယ်" ဟု ပဲခူးမြို့မှ ဒေသခံ ဦးဝင်းမြင့်က ပြောသည်။

ပဲခူးတိုင်းဒေသကြီး လမ်းဦးစီးဌာနသည် ပြည်ထောင်စုမှ စီမံခန့်ခွဲလျက်ရှိသည့် လမ်း ၁၂ လမ်း (လမ်းမိုင်အရှည် ၅၄၈ မိုင် ၇ဖာလုံ ၃၆၀ ပေ)၊ တိုင်းဒေသကြီးမှ စီမံခန့်ခွဲလျက်ရှိသည့်လမ်း ၄၃ လမ်း (လမ်းမိုင်အရှည် ၇၉၃ မိုင် ၂ ဖာလုံ ၅၀၇ ပေ)၊ လမ်းအရေအတွက်စုစုပေါင်း ၅၅ လမ်း (လမ်းမိုင်အရှည်အားဖြင့် ၁၃၄၂ မိုင် ၂ ဖာလုံ ၂၀၇ ပေ)နှင့် ပေ ၁၈၀ အထက် သံကူကွန်ကရစ်တံတား အပါအဝင် စုစုပေါင်းတံတား ၃၀၃၁ စင်းကို တာဝန်ယူဆောင်ရွက်လျက်ရှိသည်။ အဆိုပါ လမ်းပိုင်းများအနက် လမ်းမိုင် ၃၅၆ မိုင် ၆ ဖာလုံကို ပုဂ္ဂလိကကုမ္ပဏီငါးခုက B.O.T စနစ်ဖြင့် တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

### ဘဏ္ဍာနှစ်အလိုက်သာ ဆောင်ရွက်နိုင်

"တိုင်းဒေသကြီးထဲက ပြည်သူတွေအတွက် လိုအပ်တဲ့ လမ်းပိုင်းတွေကို ဆောင်ရွက်တဲ့အခါ နိုင်ငံတော်အနေနဲ့ ဖွံ့ဖြိုးရေးကဏ္ဍအစုံကို ဆောင်ရွက်ရတဲ့အတွက် ဘဏ္ဍာနှစ်အလိုက်ပဲ ဆောင်ရွက်နိုင်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ဌာနအနေနဲ့ B.O.T စနစ်နဲ့ ပုဂ္ဂလိကကုမ္ပဏီတွေကို ဆောင်ရွက်စေပြီးတော့ ပြည်သူတွေရဲ့ အခြေခံလိုအပ်ချက်ဖြစ်တဲ့ လမ်းကောင်းမွန်ရေးကို ဖြည့်ဆည်းဆောင်ရွက်ရပါတယ်။ ကျွန်တော်တို့က ပြည်သူ့ကိုယ်စားဆောင်ရွက်ရတဲ့ လမ်းရဲ့ ပိုင်ရှင်ပါ။ ဒါကြောင့်မို့ နိုင်ငံ့ဘဏ္ဍာနဲ့ဖြစ်စေ၊ B.O.T စနစ်နဲ့ဖြစ်စေ ဆောင်ရွက်တဲ့ လမ်းတိုင်းကို အရည်အသွေးမီအောင်၊ အချိန်မီပြီးစီးအောင် အဓိကထားပါတယ်"ဟု ပဲခူးခရိုင် လမ်းဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး (မြို့ပြ) ဦးမင်းသူရစိုးက ပြောသည်။

B.O.T စနစ်ဖြင့် မက်(စ်) ဟိုင်းဝေး၊ ရွှေသံလွင်၊ ဟိုက်စတား၊ ကမ္ဘောဇနှင့် Oriental High Way ကုမ္ပဏီတို့က ရန်ကုန်-တောင်ငူ-မန္တလေးလမ်း၊ ရန်ကုန်-ပြည်လမ်း၊ ရန်ကုန်-မော်လမြိုင်-မြိတ်လမ်း၊ စစ်တောင်းတံတား(မုပ္ပလင်)ချဉ်းကပ်လမ်း၊ ပဲခူးမြို့တွင်းလမ်းနှင့် ပြည်မြို့တွင်းလမ်း စသည့် လမ်းပိုင်း ခြောက်ခုကို သက်ဆိုင်ရာလမ်းမိုင်အလိုက် ဆောင်ရွက်လျက်ရှိသည်။

"ကျွန်တော်တို့ ကုမ္ပဏီအနေနဲ့ ရန်ကုန်-မန္တလေးလမ်းမကြီး (ထောက်ကြန့်- ပဲခူးအပိုင်း) မှာ လမ်းအရှည် ၃၃ မိုင် ၅ ဖာလုံကို B.O.T စနစ်နဲ့ တာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်။ ထောက်ကြန့်ကနေ ပဲခူးမြို့ရှောင်လမ်းထိပ်အထိ လမ်းအကျယ် ၇၂ ပေ၊ လမ်းအရှည် ၂၇ မိုင် ၇ ဖာလုံ၊ ပဲခူးမြို့ရှောင်လမ်းထိပ်ကနေ ဆင်ဖြူတွင်းလမ်းခွဲအထိ လမ်းအကျယ် ၂၄ ပေ၊ လမ်းအရှည် ၅ မိုင် ၆ ဖာလုံဖြစ်ပါတယ်။ ပြီးတော့ ပဲခူးမြို့တွင်းလမ်းအနေနဲ့ ပဲခူးမြို့ရှောင်လမ်းထိပ်ကနေ နာရီစင်အထိ လမ်းအကျယ် ၇၂ ပေ၊ လမ်းအရှည် ၄ မိုင် ၇ ဖာလုံ ဖြစ်ပါတယ်"ဟု Max Highway Co.,Ltd ၏ တာဝန်ခံ ဒုတိယအင်ဂျင်နီယာချုပ် ဦးမြင့်သိန်းဌေးက ပြောသည်။

"ကျွန်တော်တို့ တာဝန်ယူဆောင်ရွက်တဲ့ လမ်းတွေမှာ လမ်းအဆင့်မြှင့်တင်မှုအနေနဲ့ ကတ္တရာကွန်ကရစ်ထပ်ပိုးလွှာ အသစ်ခင်းတာ၊ Guard Rail, Road Sign တပ်ဆင်တာ၊ လမ်းလယ်ကျွန်း ပန်းအလှပင်တွေ စိုက်ပျိုးတာ၊ ရန်ကုန်-မန္တလေးလမ်းမကြီးနဲ့ အဓိကလမ်းဆုံတွေကို Intersection Impr-ovement ပြုလုပ်တာတွေ ဆောင်ရွက်လျက်ရှိပါတယ်။ လမ်းထိန်းသိမ်းမှုအနေနဲ့ လမ်းပေါက်တွေ စနစ်တကျဖာထေးတာ၊ Lane Marking ဆေးအသစ်ပြန်ဆွဲတာ၊ လမ်းလယ်ကျွန်းကပ်တုံးတွေ၊ မိုင်၊ ဖာလုံတိုင်တွေ၊ တံတားတွေဆေးသုတ်တာ၊ လမ်းလယ်ကျွန်းသစ်ပင်တွေ အစားထိုးစိုက်ပျိုးတာ၊ လမ်းပခုံးခင်းတာ ဒါတွေကို အသေးစိတ်ဆောင်ရွက်ရပါတယ်။ ကျွန်တော်တို့ တာဝန်ယူထားတဲ့လမ်းတွေနဲ့ ပတ်သက်ပြီး လမ်းဦးစီးဌာနက လမ်းညွှန်မှုပြုသလို လမ်းဦးစီးဌာနနဲ့ B.O.T ကုမ္ပဏီတွေ လစဉ်အစည်းအဝေးပြုလုပ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု၊ ဆောင်ရွက်ပြီးစီးမှုနဲ့ ဆက်လက်ဆောင်ရွက်မယ့် လုပ်ငန်းတွေကို ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်" ဟုလည်း ၎င်းက ဆက်လက်ပြောကြားသည်။

### လုပ်ငန်းစဉ်များချမှတ်ထား

လမ်းများ တိုးတက်ကောင်းမွန်ရေး ဆောင်ရွက်ရာတွင် နှစ်ရှည်ပင်မစီမံကိန်းတွင် ပါဝင်သော နိုင်ငံတကာနှင့် ဆက်သွယ်သည့်လမ်းများ၊ အဓိကပြည်ထောင်စုလမ်းများအား ကတ္တရာလမ်း ၃ ဒသမ ၆၆ မီတာအကျယ်မှ ၅ ဒသမ ၅မီတာ အကျယ်ချဲ့ရန်နှင့် ၇ မီတာအကျယ် ကတ္တရာကွန်ကရစ်လမ်းအဖြစ်ရရှိအောင် ဘဏ္ဍာနှစ်အလိုက် ရရှိရန်ပုံငွေပေါ်မူတည်၍ အဆင့်ဆင့်တိုးမြှင့်ဖောက်လုပ်ရန်၊ တိုင်းဒေသကြီးလမ်းများအား ရာသီမရွေးသွားလာနိုင်သည့် လမ်းဖြစ်ရန်နှင့် ၃ ဒသမ ၆၆ မီတာ (၁၂ ပေ) အကျယ်မှ ၅ ဒသမ ၅ မီတာ (၁၈ ပေ)အကျယ် ကတ္တရာလမ်းအဖြစ် အဆင့်တိုးမြှင့်နိုင်ရန် ဘဏ္ဍာနှစ်အလိုက် ရရှိရန်ပုံငွေပေါ်မူတည်၍ အကောင်အထည်ဖော်ဆောင်ရန်ဟူသည့် လုပ်ငန်းစဉ်များကို လမ်းဦးစီးဌာနမှ ချမှတ်ထားသည်။

ထိုကဲ့သို့ချမှတ်ထားသော လုပ်ငန်းစဉ်များနှင့် အညီဆောင်ရွက်ပြီး အရည်အသွေးပြည့်မီသော လမ်းလုပ်ငန်းများဖြစ်စေရန် လမ်းဦးစီးဌာနမှ အရည်အသွေးစိစစ်ရေးအဖွဲ့များ၏ စစ်ဆေးစိစစ်မှုများဖြင့် တိုင်းဒေသကြီးအတွင်းရှိ လမ်းပိုင်းများကို အကောင်အထည်ဖော်လျက်ရှိသည်။

"လမ်းကောင်းတဲ့အကျိုးကို လမ်းကိုအသုံးပြုတဲ့သူက အသိဆုံးပါ။ ကျွန်တော်က ကုန်ကားမောင်းပြီး

*စာမျက်နှာ ၁၁ သို့*

❖ **လမ်းများတိုးတက်ကောင်းမွန်ရေးဆောင်ရွက်ရာတွင် နှစ်ရှည်ပင်မစီမံကိန်းတွင်ပါဝင်သော နိုင်ငံတကာနှင့် ဆက်သွယ်သည့်လမ်းများ၊ အဓိက ပြည်ထောင်စုလမ်းများအား ကတ္တရာလမ်း ၃ ဒသမ ၆၆ မီတာအကျယ်မှ ၅ ဒသမ ၅မီတာ အကျယ်ချဲ့ရန်နှင့် ၇ မီတာအကျယ် ကတ္တရာကွန်ကရစ်လမ်းအဖြစ်ရရှိအောင် ဘဏ္ဍာနှစ်အလိုက် ရရှိရန်ပုံငွေပေါ်မူတည်၍ အဆင့်ဆင့်တိုးမြှင့်ဖောက်လုပ်ရန်၊ တိုင်းဒေသကြီးလမ်းများအား ရာသီမရွေးသွားလာနိုင်သည့် လမ်းဖြစ်ရန်နှင့် ၃ ဒသမ ၆၆ မီတာ (၁၂ ပေ) အကျယ်မှ ၅ ဒသမ ၅ မီတာ (၁၈ ပေ)အကျယ် ကတ္တရာလမ်းအဖြစ် အဆင့်တိုးမြှင့်နိုင်ရန် ဘဏ္ဍာနှစ်အလိုက် ရရှိရန်ပုံငွေပေါ်မူတည်၍ အကောင်အထည်ဖော်ဆောင်ရန်ဟူသည့် လုပ်ငန်းစဉ်များကို လမ်းဦးစီးဌာနမှ ချမှတ်ထားသည်**

# မိုးခါးရေသောက်ခြင်းနှင့် အပြောင်းအလဲ

သိန်းထွန်း (IR)

❖ **မိုးခါးရေသောက်တဲ့ အလေ့ကြောင့် ကိုယ်တိုင်နဲ့ လူမှုအသိုက်အဝန်းမှာ အကောင်း၊ အဆိုး အကျိုးသက်ရောက်မှုတွေ ရှိနေပါတယ်။ မိုးခါးရေသောက်တဲ့ အလေ့တွေ၊ စဉ်းစားတွေးခေါ်မှုပုံစံတွေနဲ့ အမူအကျင့်တွေဟာ သာမန်အားဖြင့် ဆန်းစစ်ဝေဖန်မှု မရှိတတ်ကြပါဘူး။ ဆန်းစစ်ဝေဖန်မှုမရှိတဲ့အတွက် မှားယွင်းတဲ့အယူအဆတွေကို ကျယ်ကျယ်ပြန့်ပြန့် လက်ခံမိတဲ့အခါ ပြဿနာတွေကို ကျယ်ပြန့်စေတတ်ပါတယ်။ ဒါ့အပြင် အများသဘောအတိုင်းလက်ခံတဲ့ အကျင့်တွေစွဲသွားရင် အကြံဉာဏ်သစ်တွေ၊ အမြင်သစ်တွေ၊ တွေးခေါ်မှုပုံစံသစ်တွေနဲ့ အပြောင်းအလဲတွေဖြစ်လာဖို့ ပိုပြီး ခက်ခဲစေတတ်ပါတယ်။ မိုးခါးရေသောက်တဲ့ပုံစံဟာ အပြောင်းအလဲလုပ်ဖို့အတွက် အင်စတီကျူးရှင်းဆိုင်ရာနဲ့ လူမှုအသိုက်အဝန်းဆိုင်ရာ အဟန့်အတား တိုးလာစေတဲ့ အချက်တစ်ချက်အဖြစ်** The Affluent Society **စာအုပ်ရေးသားခဲ့တဲ့ ဘောဂဗေဒပညာရှင်** John Kenneth Galbraith **က ဖော်ပြခဲ့ပါတယ်**

### မိုးခါးရေသောက်ခြင်း

မြန်မာစကားမှာ အများမိုးခါးရေသောက်လို့ သောက်တယ်ဆိုတဲ့ စကားရှိပါတယ်။ အဓိပ္ပာယ်ကတော့ သူများလုပ်လို့ လိုက်လုပ်တာကို ဆိုလိုတာတွေ့ရပါတယ်။ စကားပုံအရဆို အများမိုးခါးရေသောက်ရင် မိမိပါသောက်မှ အဆင်ပြေမှာမို့ မိမိကိုယ်တိုင် မနှစ်ခြိုက်ပေမယ့် အများနဲ့ မဆန့်ကျင်အောင် အများနည်းတူလုပ်ရတာလို့ ဆိုပါတယ်။

ပုံပြင်ထဲအရတော့ တိုင်းပြည်တစ်ပြည်မှာ မိုးခါးကြီး ရွာလို့ လူတွေလည်း မိုးခါးရေကို သောက်မိကြပြီး ရူးသွပ်ကုန်တယ်လို့ ဆိုပါတယ်။ ဒါပေမယ့် ရှင်ဘုရင်နဲ့ ပုရောဟိတ်အမတ်ကြီးတို့ကတော့ ဗေဒင်နက္ခတ်အရ မိုးခါးကြီး မိုးတွေရွာမှာကို ကြိုသိထားလို့ ရေကောင်းတွေ ကြိုစုဆောင်းထားတယ်။ မိုးခါးကြီးတွေရွာတဲ့အချိန်မှာ အခြားသူတွေကတော့ မိုးခါးကြီးတွေသောက်ပြီး ရူးကုန်ကြပေမယ့် ရှင်ဘုရင်နဲ့ ပုရောဟိတ်ကတော့ ရေကောင်းတွေပဲ သောက်ကြလို့ မရူးဘဲ ကျန်နေကြတယ်။ မိုးခါးရေသောက်လို့ ရူးသွားတဲ့သူတွေအကြားမှာ ကောင်းတာဆိုလို့ နှစ်ယောက်ပဲ ကျန်နေတယ်။ အဲဒီတော့ ရူးနေတဲ့သူအများက မရူးတဲ့သူ နှစ်ယောက်ကို အရူးလို့ စွပ်စွဲပါလေရော။ ကြာတော့ ဘယ်နေနိုင်မလဲ။ ဘုရင်နဲ့ပုရောဟိတ်လည်း နောက်ဆုံး အများနည်းတူ မိုးခါးရေသောက်ဖို့ ဆုံးဖြတ်လိုက်ကြတယ်လို့ ဆိုပါတယ်။ ပတ်ဝန်းကျင်ရဲ့ ဖိအားဒဏ်ကြောင့် သိသိကြီးနဲ့ မိုးခါးရေသောက်လိုက်ရတဲ့ သဘောပါပဲ။

ဒါပေမယ့် မိုးခါးရေသောက်တဲ့ အဓိပ္ပာယ်က ပုံပြင်ထဲကထက် ပိုကျယ်ပြန့်ပါတယ်။ အဓိပ္ပာယ်အရဖြစ်ဖြစ်၊ နယ်ပယ်အရဖြစ်ဖြစ်၊ အကျိုးဆက်အရဖြစ်ဖြစ် ကျယ်ပြန့်ပါတယ်။ မိုးခါးရေသောက်တဲ့ ပုံစံတွေကို နယ်ပယ်တစ်ခုထဲမှာ တွေ့ရတာ မဟုတ်ဘဲ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ အစိုးရဆိုင်ရာအဖွဲ့အစည်းတွေ၊ လူမှုအဖွဲ့အစည်းတွေ၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ဆေးပညာနယ်ပယ်၊ သိပ္ပံပညာနယ်ပယ်၊ ပညာရေး၊ ဘာသာရေး စတဲ့နယ်ပယ်စုံမှာ တွေ့ရပါတယ်။

### ကိုယ်တိုင်နှင့် ပတ်ဝန်းကျင်လွှမ်းမိုးမှု

ပုံပြင်ထဲအရဆိုရင် ကိုယ်က မိုးခါးရေမသောက်လို့ မရူးပေမယ့် ပတ်ဝန်းကျင်ရဲ့ ဖိအားဒဏ် ဒါမှမဟုတ် လွှမ်းမိုးမှုကြောင့် နောက်ဆုံးမှာ မိုးခါးရေသောက်ရတာပါ။ ဒါပေမယ့် ပတ်ဝန်းကျင်ရဲ့ ဖိအား ဒါမှမဟုတ် လွှမ်းမိုးမှုကြောင့်မဟုတ်ဘဲ ကိုယ်ကိုယ်တိုင်က မိုးခါးရေကို မသိလို့ပဲဖြစ်ဖြစ်၊ သိလျက်နဲ့ နှစ်ခြိုက်စွာ သောက်လို့ပဲဖြစ်ဖြစ် ဆိုရင်တော့ ပတ်ဝန်းကျင်နဲ့မသက်ဆိုင်တော့ဘဲ ကာယကံရှင်ရဲ့ ဆန္ဒနဲ့သဘောထားတွေနဲ့သာ တိုက်ရိုက်သက်ဆိုင်ပါတော့တယ်။ ကိုယ့်ပတ်ဝန်းကျင်က လူအများလုပ်ကြလို့ကိုယ်လည်း လိုက်လုပ်လိုက်တာဟာ မိုးခါးရေသောက်တာ ဖြစ်ပါတယ်။

အများနည်းတူ မိုးခါးရေသောက်တဲ့ ပုံစံဟာ လူ့အဖွဲ့အစည်းတစ်ခုအတွင်း ဒါမှမဟုတ် သာမန်လူထုအတွင်း ယခင်ရှိပြီး ယေဘုယျလက်ခံထားကြပြီးတဲ့ တွေးခေါ်မှုပုံစံ၊ အမူအကျင့်၊ ပုံစံနဲ့ အစဉ်အလာတွေကို လက်ခံခြင်း၊ ကျင့်သုံးခြင်းလို့ ဆိုပါတယ်။ တစ်ဖက်မှာ အများနည်းတူ မိုးခါးရေ သောက်တာကို အစဉ်အလာတစ်ခုအနေနဲ့ ယုံကြည်ခြင်း၊ လက်ခံခြင်းနဲ့ ကျင့်သုံးခြင်းကို တွေ့ရပြန်ပါတယ်။ အစဉ်အလာဖြစ်နေတဲ့အတွက် မစွန့်လွှတ်ရဲတာ၊ မစွန့်လွှတ်နိုင်တာနဲ့ ကိုယ်တိုင်က မိုးခါးရေသောက်တဲ့ အစဉ်အလာကနေ မဖောက်ထွက်နိုင်တာကို တွေ့ရပါတယ်။

အစဉ်အလာဆိုရာမှာ သမားရိုးကျ အစဉ်အလာတွေတိုင်း မကောင်းဘူးဆိုတဲ့သဘော မဟုတ်ပါဘူး။ ကောင်းတဲ့ အစဉ်အလာတွေရှိသလို ခေတ်နဲ့အံမဝင်တော့တဲ့ အစဉ်အလာတွေ၊အကျိုးမပြုတော့တာတွေ၊ ဆိုးကျိုးသက်ရောက်စေတဲ့ အစဉ်အလာတွေလည်း ရှိပါတယ်။ မိုးခါးရေသောက်တာချင်း အတူတူမှာ ကိုယ်တိုင်က မိုးခါးရေသောက်မိမှန်းမသိ သောက်မိတတ်ပါတယ်။ မြန်မာစကားမှာတော့ သူများ ယောင်လို့ယောင် အမောင်တောင်မှန်းမသိ မြောက်မှန်းမသိလို့ဆိုပါတယ်။ ကိုယ်တိုင်က မသိလို့ လုပ်လိုက်ခြင်းပါ။ အခြားတစ်ဖက်မှာတော့ ကိုယ်တိုင်က မိုးခါးရေကို နှစ်နှစ်ခြိုက်ခြိုက် ကြိုက်နေသူတွေကိုလည်း တွေ့ရပြန်ပါတယ်။

### လက္ခဏာများ

မိုးခါးရေသောက်တဲ့အလေ့တွေကို လူတစ်ဦးရဲ့ နေ့စဉ်ဘဝ အစိတ်အပိုင်း အတော်များများမှာ တွေ့ရတတ်ပါတယ်။ မိုးခါးရေသောက်တဲ့ အချို့လက္ခဏာတွေဟာ ကာယကံရှင်ရဲ့ ဆုံးဖြတ်ချက်တွေ၊ အပြုအမူတွေနဲ့ စဉ်းစားမှုပုံစံတွေအပေါ် လွှမ်းမိုးနေတတ်ကြပါတယ်။ တွေ့ရတတ်တဲ့ လက္ခဏာတွေထဲမှာဆိုရင် –

(၁) ဆန်းစစ်လေ့လာမှုမရှိဘဲ အချို့သောအတွေးအခေါ် အယူအဆတွေကို လက်ခံခြင်း၊

(၂) ကိုယ်မျှော်လင့်ထားတာတွေနဲ့ ကိုက်ညီတဲ့ အခြားစိန်ခေါ်မှုရှိတဲ့ အချက်အလက်တွေ မရှိခြင်း သို့မဟုတ် မရှာဖွေခြင်း၊

(၃) လူအများစုက တစ်စုံတစ်ခုကို မှန်ကန်တယ်လို့ ယူဆထားတာတွေကို ယုံကြည်ခြင်း၊

(၄) လူအများစုရဲ့ ထင်မြင်ယူဆချက်တွေ မှန်ကန်တယ်လို့ ယူဆထားခြင်း၊

(၅) တစ်စုံတစ်ခုဟာ ကျိုးကြောင်းဆီလျော်ခြင်းကြောင့် မှန်ကန်တယ်လို့ ရိုးရိုးသားသား ထင်မြင်ခြင်း၊

(၆) အစဉ်အလာ ဒါမှမဟုတ် အခွင့်အာဏာကြောင့် တစ်စုံတစ်ခုကို မှန်ကန်တယ်လို့ လက်ခံခြင်းစတဲ့ စရိုက်လက္ခဏာတွေကို တွေ့ရပါတယ်။

### အကျိုးသက်ရောက်မှု

**မိုးခါးရေသောက်တဲ့ အလေ့ကြောင့် ကိုယ်တိုင်နဲ့ လူမှုအသိုက်အဝန်းမှာ အကောင်း၊ အဆိုး အကျိုးသက်ရောက်မှုတွေ ရှိနေပါတယ်။ မိုးခါးရေသောက်တဲ့ အလေ့တွေ၊ စဉ်းစားတွေးခေါ်မှုပုံစံတွေနဲ့ အမူအကျင့်တွေဟာ သာမန်အားဖြင့် ဆန်းစစ်ဝေဖန်မှု မရှိတတ်ကြပါဘူး။ ဆန်းစစ်ဝေဖန်မှုမရှိတဲ့အတွက် မှားယွင်းတဲ့ အယူအဆတွေကို ကျယ်ကျယ်ပြန့်ပြန့် လက်ခံမိတဲ့အခါ ပြဿနာတွေကို ကျယ်ပြန့်စေတတ်ပါတယ်။ ဒါ့အပြင် အများသဘောအတိုင်း လက်ခံတဲ့ အကျင့်တွေစွဲသွားရင် အကြံဉာဏ်သစ်တွေ၊ အမြင်သစ်တွေ၊ တွေးခေါ်မှုပုံစံသစ်တွေနဲ့ အပြောင်းအလဲတွေဖြစ်လာဖို့ ပိုပြီး ခက်ခဲစေတတ်ပါတယ်။ မိုးခါးရေသောက်တဲ့ပုံစံဟာ အပြောင်းအလဲလုပ်ဖို့အတွက် အင်စတီကျူးရှင်းဆိုင်ရာနဲ့ လူမှုအသိုက်အဝန်းဆိုင်ရာ အဟန့်အတား တိုးလာစေတဲ့ အချက်တစ်ချက်အဖြစ် The Affluent Society စာအုပ်ရေးသားခဲ့တဲ့ ဘောဂဗေဒပညာရှင် John Kenneth Galbraith က ဖော်ပြခဲ့ပါတယ်။**

တစ်ခါတစ်ရံမှာတော့ မိုးခါးရေသောက်တဲ့ ပုံစံကြောင့် အများရဲ့သဘောတူညီမှုကို နားလည်လက်ခံလိုက်လျောပေးတဲ့အတွက် ဆုံးဖြတ်ချက်တွေကို မြန်မြန်ဆန်ဆန် ချမှတ်နိုင်ပေမယ့် ပြဿနာတစ်ရပ်ကို အဖြေရှာရာမှာဖြစ်ဖြစ်၊ ကိုင်တွယ်ဖြေရှင်းရာမှာဖြစ်ဖြစ် အခြားမတူညီတဲ့ နည်းလမ်းတွေ၊ အယူအဆတွေနဲ့ ကိုင်တွယ်ဖြေရှင်းဖို့အတွက် အခက်အခဲဖြစ်စေပါတယ်။ ပုံသေကားကျ အတွေးအခေါ်၊ အယူအဆတွေနဲ့ မိုးခါးရေသောက်ပုံစံတွေကြောင့် ပြဿနာဖြေရှင်းတဲ့ နည်းလမ်းအသစ်တွေရှာဖွေဖို့ ဒါမှမဟုတ် ဖောက်ထွက်စဉ်းစားတွေးခေါ်ဖို့အတွက် အရည်အသွေးတွေကို ကျဆင်းစေပါတယ်။

မိမိအနေနဲ့ ကိစ္စရပ်တစ်ခုကို သိပ်ထွေထွေထူးထူးမစဉ်းစားဘဲနဲ့ ယူဆချက်တွေကို အလိုအလျောက်လုပ်နေတဲ့အကျင့် စွဲလာရင် မိမိဟာ မိုးခါးရေသောက်တဲ့ပုံစံမှာ နစ်မြုပ်သွားနိုင်ပါတယ်။ မိုးခါးရေသောက်တဲ့ အလေ့က အခြားသူတွေရဲ့ သဘောထားတွေနဲ့ ကျွမ်းကျင်မှုတွေအပေါ် ယုံကြည်တာကို အများအားဖြင့် အခြေခံထားတတ်ကြလို့ အဲဒီလိုယူဆချက်တွေဟာ တိကျခိုင်မာမှု မရှိနိုင်တာကို သတိပြုဖို့လိုပါတယ်။ အဲဒီလို အခြေခံထားချက်တွေဟာ အမှန်တကယ်လိုအပ်ပြီး အတည်ပြုနိုင်တဲ့ အထောက်အထားတွေ မဟုတ်ခဲ့ဘူးဆိုရင် မှားယွင်းမှုတွေ၊ လွဲချော်မှုတွေဖြစ်လာနိုင်ပြီး အဲဒီအကျိုးဆက်တွေက ကျယ်ကျယ်ပြန့်ပြန့် ထိခိုက်စေနိုင်ပါတယ်။ အထူးသဖြင့် သတင်းနဲ့ အချက်အလက်တွေ မြန်မြန်ဆန်ဆန် စီးဆင်းနေတဲ့ နည်းပညာခေတ်မှာ မိုးခါးရေသောက်တဲ့ အလေ့ကြောင့် အကျိုးသက်ရောက်မှုတွေ ပိုပြီးများပြားစေနိုင်ပါတယ်။

ဒါ့အပြင် မိုးခါးရေသောက်တဲ့ပုံစံဟာ အတွေးအခေါ်၊ အယူအဆနဲ့ အပြုအမူဆိုင်ရာ အပြောင်းအလဲတွေကို နောက်ပြန်ဆွဲစေတတ်ပါတယ်။ တစ်နည်းအားဖြင့် ဖြစ်စဉ်ဖြစ်ရပ် ဒါမှမဟုတ် ပြဿနာရဲ့ဇာစ်မြစ်ကို မှန်မှန်ကန်ကန် ချဉ်းကပ်ခြင်းထက် အများစုရဲ့ သဘောထားပေါ်မှာ ရပ်တည်တတ်ကြလို့ အပြောင်းအလဲဖြစ်ဖို့ ခက်ခဲစေတာပဲ ဖြစ်ပါတယ်။ အများညီ ဤကို ကျွဲဖတ်သလိုပါပဲ။

### တိုးတက်ပြောင်းလဲဖို့

မိုးခါးရေသောက်တဲ့ပုံစံဟာ ပြောင်းလဲလို့မရတဲ့ အလေ့တစ်ခုတော့ မဟုတ်ပါဘူး။ ပြောင်းလဲတယ်လို့ ဆိုရာမှာ မိုးခါးရေသောက်တဲ့ပုံစံကို လုံးဝပစ်ပယ်ဖို့၊ စွန့်လွှတ်ဖို့ ဆိုလိုတာ မဟုတ်ပါဘူး။ သူ့နေရာနဲ့သူ သုံးတတ်ဖို့တော့ လိုပါတယ်။ နေရာတကာမှာ မိုးခါးရေသောက်တဲ့ အလေ့တွေ အမြစ်စွဲနေရင်တော့ တစ်ဦးချင်းမှာဖြစ်စေ၊ အဖွဲ့အစည်း၊ အသိုက်အဝန်း၊ လုပ်ငန်းခွင်တွေမှာဖြစ်စေ တိုးတက်ပြောင်းလဲမှုလုပ်ဖို့ မလွယ်ကူပါဘူး။

**ဩဇာလွှမ်းမိုးမှုရှိတဲ့သူတွေဟာ ပိုနေမြဲ ကျားနေမြဲအခြေအနေမှာ ဘယ်တော့မှ ကျေနပ်ရောင့်ရဲမနေတတ်ကြပါဘူး။ သူတို့ဟာ "ဒါဆိုရင်ဘာလဲ" နဲ့ "ဘာကြောင့် မဖြစ်နိုင်ရမှာလဲ" ဆိုတာကို အမြဲမေးခွန်းထုတ်လေ့ရှိပါတယ်။ ဒါ့အပြင် မိုးခါးရေသောက်တာကို စိန်ခေါ်ဖို့ မတွန့်ဆုတ်တတ်ကြပါဘူး။ သူတို့အနေနဲ့ ရှိပြီးသားတွေကို ဖျက်ဆီးဖို့ဆိုတာထက် ပိုကောင်းအောင် လုပ်တတ်ကြပါတယ်လို့ အရောင်းရဆုံး စာရင်းဝင် Emotional Intelligence 2.0 စာအုပ်ရေးသားတဲ့ ထရာဗစ် ဘရက်ဒ်ဘာရီက ဆိုပါတယ်။**

*စာမျက်နှာ ၁၁ သို့*

❍ **ဩဇာလွှမ်းမိုးမှုရှိတဲ့သူတွေဟာ ပိုနေမြဲကျားနေမြဲအခြေအနေမှာ ဘယ်တော့မှ ကျေနပ်ရောင့်ရဲမနေတတ်ကြပါဘူး။ သူတို့ဟာ "ဒါဆိုရင်ဘာလဲ" နဲ့ "ဘာကြောင့်မဖြစ်နိုင်ရမှာလဲ" ဆိုတာကို အမြဲမေးခွန်းထုတ်လေ့ရှိပါတယ်။ ဒါ့အပြင် မိုးခါးရေသောက်တာကို စိန်ခေါ်ဖို့ မတွန့်ဆုတ်တတ်ကြပါဘူး။ သူတို့အနေနဲ့ ရှိပြီးသားတွေကို ဖျက်ဆီးဖို့ဆိုတာထက် ပိုကောင်းအောင် လုပ်တတ်ကြပါတယ်လို့ အရောင်းရဆုံး စာရင်းဝင်** Emotional Intelligence 2.0 **စာအုပ်ရေးသားတဲ့ ထရာဗစ် ဘရက်ဒ်ဘာရီက ဆိုပါတယ်။**

# ရေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာ

**နေပြည်တော်  မေ ၁၉**

စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူ ပူးပေါင်း ဆောင်ရွက်လျက်ရှိသော POSCO INTERNATIONAL Corporation (Myanmar E&P) သည် ကမ်းလွန်လုပ်ကွက်အမှတ် (A-1) ဧရိယာတွင် SHWE Phase 2 Development Project အရ Offshore Installation Activities လုပ်ငန်းများအား Offshore Construction Vessel, TELFORD 25 (Call Sign: ZDIS3) ဖြင့် ၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၇ ရက်နေ့မှ ၂၀၂၂ ခုနှစ်၊ မေလ ၃၁ ရက်နေ့အထိ ဆောင်ရွက်မည်ဖြစ်ကြောင်း ရည်ညွှန်းပါစာဖြင့် ညှိနှိုင်းမေတ္တာရပ်ခံခဲ့ပြီး ဖြစ်ပါသည်။ သို့ရာတွင် အဆိုပါ နေ့ရက်တွင် လုပ်ငန်းများ မပြီးပြတ်သေးပါသဖြင့် ၂၀၂၂ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့မှ ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့အထိ ဆက်လက် ဆောင်ရွက်မည်ဖြစ်ပါသည်။

Offshore Installation Activities လုပ်ငန်းများ ဆောင်ရွက်မည့် ဧရိယာအကျယ်အဝန်းများကို ဖော်ပြသည့် Coordinate များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-


| Point | Latitude | Longitude |
|---|---|---|
| A | 19° 51' 41.115" N | 92° 24' 04.340" E |
| B | 19° 51' 42.759" N | 92° 33' 27.202" E |
| C | 19° 39' 52.762" N | 92° 33' 29.159" E |
| D | 19° 39' 51.136" N | 92° 24' 06.988" E |

ကမ်းလွန်လုပ်ကွက်အမှတ် (A-1) ဧရိယာတွင် SHWE Phase 2 Development Project အရ Offshore Installation Activities လုပ်ငန်းများအား Offshore Construction Vessel, TELFORD 25 (Call Sign: ZDIS3) ဖြင့် ၂၀၂၂ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့မှ ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်နေစဉ် လုပ်ငန်း ကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ တည်နေရာများမှ ၄ ကီလိုမီတာပတ်လည်အတွင်း သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်းမရှိစေရန် ရေကြောင်းသတိပေးချက် (Notice to Mariners) အား ထုတ်ပြန်ကြေညာထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

*စာမျက်နှာ ၉ မှ*

လမ်းပေါ်မှာ အသက်မွေးဝမ်းကျောင်းရတယ်။ ဒီတော့ ကိုယ့်အသက် အန္တရာယ်ထိခိုက်မှုကို လမ်းကောင်းရင် လျှော့ချပေးနိုင်တယ်လို့မြင်တယ်။ မောင်းတဲ့သူကလည်း စည်းကမ်းလိုက်နာဖို့တော့ လိုတာပေါ့။ ဒီနေရာမှာ တချို့က လမ်းအသုံးပြုခကောက်ခံတာကို မနှစ်သက်တာရှိတယ်။ ဒါက တော့ နိုင်ငံတကာမှာလည်း ရှိတာပဲ။ လမ်းကောင်းဖို့အတွက် လုပ်ဆောင်ရတဲ့သဘောတရားကို နားလည်မှုရှိရမှာပေါ့။ ကျွန်တော်တို့ကတော့ လမ်းကောင်းရင် စိတ်ချမ်းသာတဲ့ ပြည်သူမို့ ကြည်ကြည်ဖြူဖြူပေးနိုင်တယ်” ဟု လှည်းကူးမြို့မှ ကုန်ကားမောင်းသူ ဦးတင်ညွန့်က ဆိုသည်။




ပြည် (နဝဒေး)- တောင်ကုတ်လမ်းပေါ်ရှိ နဝဒေးတံတား။

တိုင်းဒေသကြီး လမ်းဦးစီးဌာနသည် ပြည်ထောင်စု/တိုင်းဒေသကြီးရန်ပုံငွေဖြင့် ကတ္တရာကွန်ကရစ် (AC) လမ်း ၁ ဒသမ ၉၆ မိုင်၊ ကွန်ကရစ်လမ်း ၇ ဒသမ ၂၇မိုင်၊ ကတ္တရာလမ်းသစ်ခင်းခြင်း ၃ ဒသမ ၆၇၉ မိုင်၊ ကတ္တရာလမ်းချဲ့ခြင်းနှင့် အဆင့်မြှင့်တင်ခြင်း ၅၅ ဒသမ ၂၄၅ မိုင်၊ ကျောက်လမ်း ၄ ဒသမ ၁၂၅ မိုင်၊ အမာခံလမ်း ၁ မိုင်၊ မြေသားတာပေါင်တည်ဆောက်ခြင်း ၁၂ ဒသမ ၅၆၃ မိုင်၊ ပေ ၅၀ နှင့်အထက် သံကူကွန်ကရစ်တံတားတည်ဆောက်ခြင်း သုံးစင်း၊ ပေ ၅၀အောက်သံကူကွန်ကရစ်တံတားနှင့် ရေပြွန်တည်ဆောက်ခြင်း ၄၄စင်း၊ ကျောက်စီရေမြောင်းနှင့် မြေကာနံရံတည်ဆောက်ခြင်း ၃၁၈၂ပေ၊ အသိပေး/ သတိပေးဆိုင်းဘုတ်စိုက်ထူခြင်းနှင့် သာမန်ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများစသည့် လုပ်ငန်းအပါအဝင် လုပ်ငန်းအမျိုးအစားပေါင်း ၁၃ ခု၊ လုပ်ငန်းအရေအတွက် ၂၃၂ ခု ဖြင့် လမ်း/ တံတား အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လအထိ ခြောက်လ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

လမ်းဦးစီးဌာနသည် ၂၀၂၂ -၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စု / တိုင်းဒေသကြီး ရန်ပုံငွေများဖြင့် ကတ္တရာကွန်ကရစ် (AC)လမ်းခင်းခြင်း ၂ မိုင် ၂ ဖာလုံ၊ ကွန်ကရစ် လမ်းခင်းခြင်း ၁၅ မိုင် ၀ ဒသမ ၂ ဖာလုံ၊ ကတ္တရာလမ်းသစ်ခင်းခြင်း ၀ မိုင် ၆ ဖာလုံ၊ ကတ္တရာလမ်းချဲ့ခြင်း၊ ကတ္တရာထပ်ပိုးလွှာခင်းခြင်းနှင့် လမ်းအနိမ့်အမြင့်ဖြေညှိ၍ ကတ္တရာရေပိတ်လွှာလောင်းခြင်း ၁၅ မိုင် ၂ ဒသမ ၅ ဖာလုံ၊ ကျောက်လမ်းခင်းခြင်း ၉ မိုင် ၁ ဖာလုံ၊ မြေသားတာပေါင်တည်ဆောက်ခြင်း ၁၁ မိုင် ၇ ဖာလုံ၊ ပေ ၅၀ နှင့်အထက် သံကူကွန်ကရစ်တံတားတည်ဆောက်ခြင်း နှစ်စင်း၊ ပေ ၅၀ အောက် သံကူကွန်ကရစ်တံတားနှင့် ရေပြွန်တည်ဆောက်ခြင်း ၂၇ စင်း၊ ကီလိုမီတာတိုင်/အသိပေး/သတိပေးဆိုင်းဘုတ်များစိုက်ထူခြင်းနှင့် သာမန်ပြင်ဆင်ထိန်းသိမ်းခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

“ကျွန်တော်တို့ ဌာနအနေနဲ့ အခုဘဏ္ဍာနှစ် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်မှာ လျာထားတဲ့ လုပ်ငန်းတွေ ပြီးစီးတဲ့အခါ Paved Ratio (ကတ္တရာကွန်ကရစ် / ကွန်ကရစ်/ကတ္တရာလမ်းဖြစ်ပြီး လမ်းမိုင်အချိုး) အနေနဲ့ ၉၂ ဒသမ ၅ ရာခိုင်နှုန်းအထိ တိုးတက်ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ တိုင်းဒေသကြီးအတွင်းမှာ အဆင့်မြှင့်ဖို့ ကျန်ရှိနေတဲ့ ကျောက်လမ်း၊ အမာခံလမ်းနဲ့ မြေလမ်းတွေကိုလည်း လာမယ့်ဘဏ္ဍာနှစ်တွေမှာထည့်သွင်းပြီး နှစ်အလိုက်ရရှိတဲ့ နိုင်ငံတော်ဘဏ္ဍာနဲ့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်”ဟု ညွှန်ကြားရေးမှူးက ဆိုသည်။

သို့ဖြစ်၍ တိုင်းဒေသကြီး လမ်းဦးစီးဌာနအနေဖြင့် ဌာန၏လုပ်ငန်းစဉ်နှင့်အညီ ရာသီမရွေးသွားလာနိုင်သည့် လမ်းဖြစ်ရန်နှင့် တိုင်းဒေသကြီးအတွင်းရှိ လမ်းကွန်ရက်များကို ၃ ဒသမ ၆၆ မီတာ (၁၂ ပေ) အကျယ်မှ ၅ ဒသမ ၅ မီတာ (၁၈ ပေ) အကျယ် ကတ္တရာလမ်းအဖြစ် အဆင့်တိုးမြှင့်နိုင်ရေးတို့ကို ပြည်သူများအတွက် ရည်ရွယ်ကြိုးပမ်းဖော်ဆောင်သွားမည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

*စာမျက်နှာ ၁၀ မှ*

မိုးခါးရေသောက်တဲ့ အလေ့တွေကို ပြောင်းလဲတိုးတက်ဖို့အတွက် လုပ်ဆောင်နိုင်တာတွေ ရှိပါတယ်။ အရင်က ကိုယ်ဘယ်လို စဉ်းစားတွေးခေါ်ခဲ့လဲ၊ ဘယ်လို ဆုံးဖြတ်ခဲ့သလဲ၊ ဘယ်လိုနားလည် လက်ခံခဲ့သလဲ၊ ဘယ်လို တိကျတဲ့ အထောက်အထား၊ အချက်အလက်တွေနဲ့ ဆုံးဖြတ်ခဲ့သလဲဆိုတဲ့ ကိုယ့်ရဲ့ စဉ်းစားဆုံးဖြတ်မှုဆိုင်ရာ ဖြစ်စဉ်တွေကို ဆန်းစစ်ကြည့်ဖို့ ဖြစ်ပါတယ်။ ကိုယ့်ဆုံးဖြတ်ချက်ကို ဘယ်လိုအချက်တွေနဲ့ ထောက်ခံထားသလဲ၊ ကိုယ့်အယူအဆနဲ့ ဆန့်ကျင်ဘက်ဖြစ်တဲ့ အထောက်အထားနဲ့ အချက်အလက်တွေက ဘာတွေလဲဆိုတာ သိနားလည်မယ်ဆိုရင် မိုးခါးရေသောက်တဲ့ အလေ့ကို ပြုပြင်နိုင်ပါတယ်။ နောက်လုပ်နိုင်တဲ့တစ်ခုက ရှုထောင့်စုံကနေ စဉ်းစားတွေးခေါ်ခြင်း ဖြစ်ပါတယ်။ ဖြစ်စဉ်တစ်ခုကို သုံးသပ်တဲ့အခါ ဘက်စုံအချက်အလက်တွေနဲ့ ထည့်သွင်းစဉ်းစားတာကလည်း နည်းလမ်းတစ်ခုဖြစ်ပါတယ်။ အဲဒီလို စဉ်းစားဖို့အတွက် အခြားအယူအဆတွေကို အချိန်ယူ လေ့လာဆန်းစစ်ဖို့ လိုပါတယ်။ လေ့လာဆန်းစစ်မှုကနေ အတွေးအမြင်သစ်တွေရရှိလာနိုင်ပြီး တိကျမှုလည်း ရှိလာနိုင်ပါတယ်။

အခြားနည်းလမ်းတစ်ခုကတော့ အတွေးအမြင်သစ်တွေရဖို့ အခြားသူများနဲ့ ဆွေးနွေးခြင်း ဖြစ်ပါတယ်။ ပြဿနာတစ်ရပ်အပေါ် အတွေးအမြင်သစ်တွေရဖို့ အခြားသူရဲ့အမြင်တွေကို ဆွေးနွေးခြင်းဟာ အထောက်အကူဖြစ်စေနိုင်တဲ့ အချက်အလက်နဲ့ အမြင်တွေကို ရရှိစေနိုင်ပါတယ်။

အချို့အနေနဲ့ မိုးခါးရေသောက်တဲ့အလေ့ကို လွယ်လွယ်ကူကူ ပေါ့ပေါ့ပါးပါး လုပ်တတ်ကြတာကို တွေ့ရတတ်ပါတယ်။ ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ လုပ်လိုက်တဲ့ သဘောပါ။ စိန်ခေါ်မှုတွေကို ကြောက်ရွံ့တာ၊ စိန်ခေါ်မှုကို ရှောင်လွှဲလိုတာနဲ့ သက်သောင့်သက်သာလုပ်တဲ့ သဘောတွေလို့ ဆိုနိုင်ပါတယ်။ အမေရိကန်စာရေးဆရာ Neale Donald Walsch က ဘဝဆိုတာ သင်ရဲ့ သက်သောင့်သက်သာ အခြေအနေတွေ ကုန်ဆုံးတဲ့အချိန်မှာ စတင်ပါတယ် (Life begins at the end of your comfort zone.) လို့ ဆိုပါတယ်။

ဒီတော့ လူ့အဖွဲ့အစည်းတစ်ခုအတွင်းမှာရှိတဲ့ အများစုက မိုးခါးရေသောက်တဲ့ ထင်မြင်ချက်တွေ၊ ဆုံးဖြတ်ချက်တွေ၊ စဉ်းစားတွေးခေါ်တာတွေ၊ အပြုအမူတွေကို မပြောင်းလဲနိုင်ဘဲ ရောယိမ်းလိုက်ဘသားယိမ်းလိုက်လုပ်နေခြင်းဟာ ရေရှည်မှာ ပြောင်းလဲမှုတွေ၊ တိုးတက်မှုတွေလုပ်ဖို့ အခက်အခဲဖြစ်လာမှာကတော့ သံသယဖြစ်စရာ မရှိပါဘူး။ ဒါကြောင့် လူ့အဖွဲ့အစည်းတွေနဲ့ သက်ဆိုင်ရာနယ်ပယ်တွေအလိုက် ပြောင်းလဲတိုးတက်ဖို့ဆိုရင် မိုးခါးရေသောက်တဲ့ပုံစံတွေထက် စိန်ခေါ်မှုတွေကို ရင်ဆိုင်ဖို့၊ ဖောက်ထွက်တွေးခေါ်မှုတွေရှင်သန်ဖို့နဲ့ စိတ်ကူးသစ်တွေ ကွန့်မြူးလာဖို့ အားပေးမြှင့်တင်ကြရမှာပါ။

**ကိုးကား**

၁။ **Kendra Cherry၊ What Is Conventional Wisdom? July 31, 2021**

**https://www.verywellmind.com/what-is-conventional-wisdom-5179789**

## ကံမမြို့နယ်၌ ပြည်သူများအား ကိုဗစ် ၁၉-ရောဂါ ကာကွယ်ဆေး ဆက်လက်ထိုးနှံ

**ကံမ  မေ ၁၉**

မကွေးတိုင်းဒေသကြီး ကံမမြို့၌ ကိုဗစ် ၁၉-ရောဂါ ကာကွယ်ဆေးထိုးနှံမှု ရာနှုန်းပြည့် လွှမ်းခြုံနိုင်ရေးအတွက် ကာကွယ်ဆေး မထိုးနှံရသေးသည့် ပြည်သူများ နှင့် အသက် ၁၅ နှစ်အထက် ၁၈ နှစ်အကြား လူငယ်များ၊ ကိုယ်ဝန်ဆောင်မိခင်နှင့် နို့တိုက်မိခင်များအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်းနှင့် ကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံပြီးသည့် ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပေးခြင်းကို ယနေ့နံနက်ပိုင်းက မြို့နယ်သာသနာ့ဗိမာန်တွင် ကျန်းမာရေးဝန်ထမ်းများက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ကာကွယ်ဆေးထိုးနှံပေးခြင်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကိုထွန်း သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး မြို့နယ်ဌာနဆိုင်ရာများ ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှု ရာနှုန်းပြည့် လွှမ်းခြုံနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ကျော်ဇေယျဝင်း(ကံမ)**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၀-၅-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၁၅ | ၂၁၆၀ | ၂၁၅၅ | ၂၁၂၀ | ၂၁၆၀ | ၂၁၈၀ | ၂၁၆၅ | ၂၁၄၅ | ၂၂၄၀ | ၂၂၅၅ | ၂၁၅၀ | ၂၁၆၀ | ၂၁၉၅ | ၂၁၉၅ | ၂၂၀၀ | ၂၄၁၅ | ၂၄၃၀ |
| 95 Ron | ၂၁၈၅ | ၂၂၃၅ | ၂၂၃၀ | ၂၁၉၅ | ၂၂၃၀ | ၂၂၅၅ | ၂၂၄၀ | ၂၂၁၅ | ၂၃၁၀ | ၂၃၂၅ | ၂၂၂၅ | ၂၂၄၀ | ၂၂၆၅ | ၂၂၆၅ | ၂၂၇၀ | ၂၄၉၀ | ၂၆၀၅ |
| HSD (500 ppm) | ၂၀၈၀ | ၂၁၂၅ | ၂၁၂၀ | ၂၀၈၅ | ၂၁၂၅ | ၂၁၄၅ | ၂၁၄၀ | ၂၁၁၀ | ၂၂၂၅ | ၂၂၂၀ | ၂၁၁၅ | ၂၁၂၅ | ၂၁၆၀ | ၂၁၆၀ | ၂၁၆၅ | ၂၃၈၀ | ၂၆၉၀ |
| HSD (50 ppm) | ၂၁၀၅ | ၂၁၅၅ | ၂၁၅၀ | ၂၁၁၅ | ၂၁၅၀ | ၂၁၇၅ | ၂၁၇၀ | ၂၁၄၀ | ၂၂၅၅ | ၂၂၅၀ | ၂၁၄၅ | ၂၁၅၅ | ၂၁၉၀ | ၂၁၉၀ | ၂၁၉၀ | ၂၄၁၀ | ၂၇၂၅ |
| HSD (10 ppm) | ၂၁၀၅ | ၂၁၅၅ | ၂၁၅၀ | ၂၁၁၅ | ၂၁၅၀ | ၂၁၇၅ | ၂၁၇၀ | ၂၁၄၀ | ၂၂၅၅ | ၂၂၅၀ | ၂၁၄၅ | ၂၁၅၅ | ၂၁၉၀ | ၂၁၉၀ | ၂၁၉၀ | ၂၄၁၀ | ၂၇၂၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၁၂ | ၂၀၈၆ |
| 95 Ron | ၂၀၈၂ | ၂၁၅၇ |
| HSD (500 ppm) | ၁၉၇၈ | ၂၀၄၇ |
| HSD (50 ppm) | ၂၀၀၆ | ၂၀၇၅ |
| HSD (10 ppm) | ၂၀၀၆ | ၂၀၇၅ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှု မရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာရန်ပုံငွေ ကျပ် ၃ ဘီလီယံကို အရင်းမပျောက် မတည်ငွေအဖြစ် ဆောင်ရွက်မည်

**နေပြည်တော် မေ ၁၉**

ရန်ကုန်မြို့ လူမှုဝန်ထမ်းအတတ်သင်သိပ္ပံကျောင်းတွင် Onlineဖြင့် ဖွင့်လှစ်ခဲ့သည့် UN Conventions, Laws & Policies Awareness သင်တန်း၊ သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်း အတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် သက်ဆိုင်ရာဌာနခွဲမှူညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူး၊ ဘာသာရပ်ဆိုင်ရာနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်သည်။

**တိုက်တွန်းပြောကြား**

သင်တန်းဆင်းပွဲတွင် ပြည်ထောင်စုဝန်ကြီးက ယခုသင်တန်းသည် ဌာန၏ရည်ရွယ်ချက် ပြည့်မီစေရန် အထောက်အကူပြုသည့် သင်တန်းဖြစ်ပါကြောင်း၊ ယခုသင်တန်းတွင် UNCRC, UNCEDAW, UNCRPD နှင့် နောက်ဆက်တွဲ Protocols များ၊ ဌာနမှထုတ်ပြန်ထားသည့် ဥပဒေများ၊ နည်းဥပဒေများ၊ မူဝါဒများ၊ လူမှုကာကွယ်စောင့်ရှောက်ရေးနှင့် ASEAN Declaration on Strengthening Social Protection ဆိုင်ရာ ဘာသာရပ်များကို လေ့လာသင်ယူခဲ့ရသဖြင့် မြေပြင်တွင် ပြည်သူလူထုနှင့်



ထိတွေ့ပြီး လူမှုအကျိုးပြုလုပ်ငန်းများကို ထဲထဲဝင်ဝင် ဆောင်ရွက်နေသူများဖြစ်သည့်အတွက် သင်တန်းမှရရှိသည့် အသိပညာ၊ ဗဟုသုတများအား လက်တွေ့လုပ်ငန်းခွင်တွင် အကျိုးရှိရှိ ပြန်လည်အသုံးချပြီး နိုင်ငံတော်ကို အကျိုးပြုနိုင်သည့် ဝန်ထမ်းကောင်းများ ဖြစ်ကြပါစေကြောင်း တိုက်တွန်းပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးက အမှာစကားပြောကြားပြီး သင်တန်းသား သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ရန်ပုံငွေကျပ် ၃ ဘီလီယံဖြင့် ဆောင်ရွက်မည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခြင်းအစီအစဉ်ကို ဝန်ကြီးရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

**အကျိုးရှိစွာ ထောက်ပံ့နိုင်ရေး**

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က နိုင်ငံတော် ဘဏ္ဍာရန်ပုံငွေမှ မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ ရန်ပုံငွေကျပ် ၃ ဘီလီယံကို အရင်းမပျောက် မတည်ငွေအဖြစ် ခွင့်ပြုပေးခဲ့ပါကြောင်း၊ မတ် ၂၃ ရက်တွင် ကျင်းပခဲ့သည့် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသား ကော်မတီအစည်းအဝေး (၁/၂၀၂၂) တွင် မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ ရန်ပုံငွေကျပ် ၃ ဘီလီယံကို အရင်းမပျောက်စေဘဲ မသန်စွမ်းသူများအတွက် အကျိုးရှိသည့် လုပ်ငန်းများ ဆောင်ရွက်သွားရန် ဆုံးဖြတ်ခဲ့ပါကြောင်း၊ အဆိုပါဆုံးဖြတ်ချက်အရ ယနေ့အစည်းအဝေးကို ခေါ်ယူကျင်းပရခြင်းဖြစ်ပါကြောင်း၊ မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ ရန်ပုံငွေကျပ် ၃ ဘီလီယံကို အရင်းမပျောက်စေဘဲ တိုးပွားနိုင်မည့် နည်းလမ်းများ ဝိုင်းဝန်းဆွေးနွေးအကြံပြုစေရေး၊ ဘဏ္ဍာရေးစည်းမျဉ်းနှင့်အညီ ဆောင်ရွက်နိုင်ရေး၊ မသန်စွမ်းသူများနှင့် မသန်စွမ်း အဖွဲ့အစည်းများအား အကျိုးရှိစွာအသုံးပြုထောက်ပံ့နိုင်ရေးတို့အတွက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်း၍ လုပ်ငန်းစီမံချက်နှင့် စံလုပ်ငန်း အစီအစဉ် ရေးဆွဲဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

**ဝိုင်းဝန်းဆွေးနွေး**

ထို့နောက် အစည်းအဝေး တက်ရောက်လာသူများက မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ ရန်ပုံငွေကျပ် ၃ ဘီလီယံကို အရင်းမပျောက်မတည်ငွေအဖြစ် ရေရှည်တည်တံ့ပြီး ဖွံ့ဖြိုးတိုးတက်စေရေးနှင့် မသန်စွမ်းသူများကို အကျိုးရှိစွာကူညီထောက်ပံ့ပေးနိုင်ရေးအတွက် ဆောင်ရွက်ရန်ရှိသည်များကို ဝိုင်းဝန်းအကြံပြု ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## သာပေါင်းမြို့နယ်တွင် ၂၀၂၂-၂၀၂၃ ခုနှစ် ပညာသင်နှစ် ကျောင်းအပ်နှံရေး ဆိုင်းဘုတ်တင် ဖွင့်လှစ်

**သာပေါင်း မေ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့ နယ်တွင် ၂၀၂၂-၂၀၂၃ ခုနှစ် ပညာသင်နှစ် ကျောင်းအပ်နှံရေး ဆိုင်းဘုတ်တင်ဖွင့်လှစ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက အခြေခံပညာအထက်တန်းကျောင်း သာပေါင်းကျောင်းရှေ့လမ်းဆုံ မြက်ခင်းပြင်၌ ပြုလုပ်သည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်ခိုင်စိုးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးမြင့်လွင်နှင့် ဌာနဆိုင်ရာများ၊ မြို့နယ်ပညာရေးမှူး ဒေါ်ခင်သက်နိုင်နှင့် ဆရာ ဆရာမများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ တက်ရောက်ကြပြီး ၂၀၂၂-၂၀၂၃ ခုနှစ် ပညာသင်နှစ် ကျောင်းအပ်နှံရေး ဆိုင်းဘုတ်အား အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်း၍ ဖွင့်လှစ်ပေးကြကြောင်း သိရသည်။

**မျိုးဇော်သိန်း (ပြန်/ဆက်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ငြိမ်းချမ်းရေးဆွေးနွေးပွဲအတွက် ဖိတ်ခေါ်မှုကို ကြိုဆိုထောက်ခံခြင်းနှင့် ပြည်ပစွက်ဖက်နှောင့်ယှက်မှုများကို ဆန့်ကျင်ရှုတ်ချပွဲ ပြုလုပ်

**နေပြည်တော် မေ ၁၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအား ငြိမ်းချမ်းရေးဆွေးနွေးပွဲအတွက် ဖိတ်ခေါ်မှုကို ပြည်သူများက ကြိုဆိုထောက်ခံသည့်အနေဖြင့် ငြိမ်းချမ်းရေး ကြိုးပမ်းဆောင်ရွက်မှုလုပ်ငန်းများကို ကြိုဆိုထောက်ခံခြင်းနှင့် ပြည်ပစွက်ဖက်နှောင့်ယှက်မှုများအား ဆန့်ကျင်ရှုတ်ချပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်ရှိ မဟာဗန္ဓုလပန်းခြံရှေ့၌ ပြုလုပ်သည်။

အဆိုပါ ကြိုဆိုထောက်ခံပွဲသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ တာဝန်ရှိသူများ၊ အမျိုးသားရေး ဆရာတော်များ၊ ငြိမ်းချမ်းရေးကို လိုလားသူ ပြည်သူများ စုစုပေါင်းအင်အား ၃၀၀၀ ခန့် တက်ရောက်ကြသည်။

ရှေးဦးစွာ တက်ရောက်လာကြသူများက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အလံအား အလေးပြု၍ နိုင်ငံတော်သီချင်းကို သီဆိုကာ အခမ်းအနားကို ဖွင့်လှစ်ကြသည်။ ထို့နောက် ငြိမ်းချမ်းရေးကို လိုလားသူ အမျိုးသားရေးရှေ့နေ ဦးအေးပိုင်နှင့် မျိုးချစ်မြန်မာ ရဟန်းတော်များသမဂ္ဂ (ရန်ကုန်) ဗဟိုအလုပ်အမှုဆောင် ဆရာတော် ဦးပညာဝံသ တို့က ငြိမ်းချမ်းရေးကြိုပမ်းမှု လုပ်ငန်းများကို ကြိုဆိုထောက်ခံခြင်းနှင့် ပြည်ပစွက်ဖက်နှောင့်ယှက်မှုများကို ဆန့်ကျင်ရှုတ်ချပွဲ ပြုလုပ်သည့်အကြောင်းနှင့် ငြိမ်းချမ်းရေးပန်းတိုင်ဆီတို့ သွားမည်ဟူသည့် ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးဟောပြောကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် ငြိမ်းချမ်းရေး လိုလားသူပြည်သူများက "ပြည်ထောင်စု မပြိုကွဲရေး-တို့အရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး-တို့အရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး-တို့အရေး၊ ပြည်ထောင်စုကြီး ငြိမ်းချမ်းရေး-တို့အရေး၊ ပြည်ပစွက်ဖက်မှုအန္တရာယ် ဆန့်ကျင်တိုက်ဖျက်ရေး-တို့အရေး၊ ငြိမ်းချမ်းရေးပျက်ပြားအောင် ဖျက်ဆီးနေသူများ ကျဆုံးရေး- တို့အရေး၊ ငြိမ်းချမ်းရေးဆွေးနွေးပွဲကြီး အောင်ရမည်" စသည့် ကြွေးကြော်သံများဖြင့် ကြွေးကြော်၍ ထောက်ခံပွဲကို ရုပ်သိမ်းကြသည်။



**သတင်းစဉ်**

## တိုင်းပြည်ငြိမ်းချမ်းဖို့အတွက် နိုင်ငံသားတိုင်းမှာ တာဝန်ရှိတယ်လို့ ခံယူပါတယ်

**ဦးဝင်းမော်**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအား ငြိမ်းချမ်းရေးဆွေးနွေးပွဲ ဖိတ်ခေါ်မှုကို တိုင်းရင်းသားပြည်သူများက ကြိုဆိုထောက်ခံခြင်းနှင့် ပြည်ပစွက်ဖက်နှောင့်ယှက်မှုများအား ဆန့်ကျင်ရှုတ်ချပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်ရှိ မဟာဗန္ဓုလပန်းခြံရှေ့တွင် ပြုလုပ်ခဲ့ရာ အဆိုပါ ထောက်ခံပွဲသို့ တက်ရောက်လာကြသည့် ငြိမ်းချမ်းရေးကိုလိုလားသူများ၏ စကားသံများကို ဖော်ပြလိုက်ပါသည်။**



ဦးပညာဝံသ




ဦးဝင်းမော်



ဒေါ်သီရိနေလင်း

**ဦးပညာဝံသ (မျိုးချစ် မြန်မာရဟန်းတော်များသမဂ္ဂ(ရန်ကုန်) ဗဟိုအလုပ်မှုဆောင် ဆရာတော်)**

ငြိမ်းချမ်းရေးဆိုတာ မြန်မာပြည်မှာသာ မဟုတ်ပါဘူး။ တစ်ကမ္ဘာလုံးနဲ့ ဆိုင်ပါတယ်။ ငြိမ်းချမ်းခြင်း၊ လက်တွဲခေါ်ခြင်းသည် ငြိမ်းချမ်းခြင်းကောင်းခြင်း သုခဖြစ်တဲ့အတွက် ဦးဇင်းတို့ လူသားတစ်ဦး၊ မြန်မာနိုင်ငံသားတစ်ဦးအနေနဲ့ ငြိမ်းချမ်းရေးကို လိုလားတဲ့အတွက် အရာအားလုံးကို လက်တွဲခေါ်ပါတယ်။ ဒါကြောင့်မို့ ဒီဟောပြောပွဲကို ကိုယ်တိုင်တက်ရောက် ဟောပြောခြင်း ဖြစ်ပါတယ်။ မငြိမ်းချမ်းလို့ ငြိမ်းချမ်းရေးကို ခေါ်နေရတာ၊ နှောင့်ယှက် ဖျက်ဆီးတဲ့သူတွေရှိလို့ ငြိမ်းချမ်းရေး ခေါ်နေရတာ။ ဒါကြောင့် ဒီပွဲဟာ ကောင်းမြတ်တဲ့ပွဲ ဖြစ်ပါတယ်။ ၃၈ ဖြာ မင်္ဂလာထဲမှာလည်း ငြိမ်းချမ်းခြင်း၊ ငြိမ်းအေးခြင်းဟာလည်း မင်္ဂလာပါ။ မင်္ဂလာရှိတဲ့ပွဲလို့ ဦးဇင်းယူဆပါတယ်။ ငြိမ်းချမ်းရေးကို လိုလားတဲ့ ပုဂ္ဂိုလ်တွေဟာ အချင်းချင်း ခိုက်ရန်ကွဲပြားမှုတွေ မလုပ်ဘဲနဲ့ အချင်းချင်းညီညွတ်မှုတွေ ပြုလုပ်ကြပါ။ ဒါမှသာ ကောင်းမွန်မြတ်တဲ့ နိုင်ငံတော် ဖြစ်မယ်လို့ မိဘပြည်သူတွေကို ပြောချင်ပါတယ်။

**ဦးဝင်းမော်**

ဒီအချိန်မှာ ငြိမ်းချမ်းရေးသည် သိပ်အရေးကြီးပါတယ်။ တပ်ချုပ်ကြီးကလည်း ငြိမ်းချမ်းရေးကို အလုံးစုံ တာဝန်ယူနေတဲ့ အချိန်မှာ သူကိုယ်တိုင် ဖိတ်ခေါ်ထားတယ်။ အဲဒါတွေကြားတဲ့အတွက် ဒီဘက်မှာငြိမ်းချမ်းရေးကို ထောက်ခံတဲ့အနေနဲ့ရော ပြည်ပစွက်ဖက်ကျူးကျော်မှုတွေ အများကြီးရှိနေတဲ့အချိန်မှာ ကန့်ကွက်ရှုတ်ချတဲ့အနေနဲ့ပါ ဒီပွဲကို ကျင်းပတယ်လို့သိရပါတယ်။ လာအားပေးတာပါ။ အမျိုးသားရေးနဲ့ပတ်သက်ရင် ကိုယ်ကိုယ်တိုင် တိုင်းပြည်ကို ချစ်တဲ့အတွက်ရယ်၊ ဘာသာသာသနာကို ချစ်တဲ့အတွက်ရယ် ထဲထဲဝင်ဝင် ပါဝင်ဖြစ်တယ်။ ပူးပေါင်း ဆောင်ရွက်ဖြစ်တယ်။ တက်လာတဲ့ အစိုးရတိုင်းလည်း ငြိမ်းချမ်းရေးကို လုပ်နေကြတာပါပဲ။ ဒါပေမယ့် လုံးဝပြီးပြည့်စုံတဲ့ အဆင့်တော့မရောက်သေးဘူးပေါ့။ အခုတပ်ချုပ်ကြီးက အလုံးစုံ သူတာဝန်ယူနေတဲ့ အချိန်မှာ သူကိုယ်တိုင်လည်းလိုလိုလားလား ဖိတ်ခေါ်ထားတယ်။ ပြည်သူတွေလည်း အကြမ်းဖက်မှု အန္တရာယ်တွေ အများကြီးရင်ဆိုင်နေရတယ်။ သံဃာတော်တွေ အများကြီး အသတ်ခံနေရတယ်။ ပြည်ခိုင်ဖြိုးပါတီဝင်တွေ အသတ်ခံရတယ်။ မျိုးချစ်တွေ အသတ်ခံနေရတယ်။ ဒလန်ဆိုပြီး တိုင်းပြည်အနှံ့ မြို့တိုင်းမြို့တိုင်းမှာ အသတ်ခံနေရတယ်။ လူလည်း ထောင်ချီသေနေကြပြီ။ ပြည်သူတွေလည်း အေးအေးချမ်းချမ်း၊ ငြိမ်းငြိမ်းချမ်းချမ်းနေချင်နေကြပြီ။ ဒါကတော့ ပြည်သူတွေ ရင်ထဲကဆန္ဒပဲ။ ပြည်သူတွေ ကိုယ်တိုင်လည်း ငြိမ်းချမ်းဖို့အတွက် တည်ဆဲအစိုးရနှင့် ပူးပေါင်းပါဝင်ပြီး ငြိမ်းချမ်းရေးကို တိုက်တွန်းကြပါ၊ ဖော်ဆောင်ကြပါ။ တိုင်းပြည်ငြိမ်းချမ်းဖို့အတွက် နိုင်ငံသားတိုင်းမှာ တာဝန်ရှိတယ်လို့ ခံယူပါတယ်။ အားလုံး သက်ဆိုင်ရာ အကြမ်းဖက်နေတဲ့ အဖွဲ့အစည်းတွေပဲဖြစ်စေ၊ လက်နက်ကိုင်အဖွဲ့အစည်းတွေပဲဖြစ်စေ၊ ငြိမ်းချမ်းစွာနေလိုတဲ့ ပြည်သူတွေပဲဖြစ်စေ အားလုံးကို တိုက်တွန်းချင်တာကတော့ မြန်မာပြည်ကြီးတော်လောက်ပါပြီ၊ ငြိမ်းချမ်းသင့်ပါပြီ။

**ဒေါ်သီရိနေလင်း**

ဒီနေ့ပွဲကတော့ ကျွန်မအမြင် တိုင်းပြည်ကိုချစ်တဲ့ ပြည်သူတွေ အကုန်လုံး ပါဝင်သင့်တယ်လို့ ကျွန်မ ထင်တယ်။ ငြိမ်းချမ်းရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအစိုးရရဲ့ ငြိမ်းချမ်းရေး ကမ်းလှမ်းချက်ကို ထောက်ခံတဲ့အတွက် ကျွန်မ ဒီနေ့ဒီပွဲကို တက်ရောက်ခြင်း ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာရှိနေတဲ့၊ မြန်မာနိုင်ငံကို အမှန်တကယ်ချစ်တဲ့ ပြည်သူစစ်စစ်တွေကို ကျွန်မမက်ဆေ့ပေးချင်တာက ဒီငြိမ်းချမ်းရေးကို ကျွန်မတို့ ထောက်ခံပါတယ်။ ထို့အတူ သူတို့လည်း ကျွန်မတို့နည်းတူ ငြိမ်းချမ်းရေးကို ထောက်ခံမယ်လို့ ထင်ပါတယ်။ ငြိမ်းချမ်းရေးမှာ ဗိုလ်ချုပ်မှူးကြီးရဲ့ ကမ်းလှမ်းချက်ကို ဝင်လာပြီး လက်မှတ်ရေးထိုးမယ့် လက်နက်ကိုင် ၁၀ ဖွဲ့ကိုလည်း ကျွန်မ ဒီကနေ ကျေးဇူးတင်ပါတယ်။ ကျွန်မကတော့ ငြိမ်းချမ်းရေး မြန်မြန်ရချင်တာပဲ။ ကျွန်မတို့ ပြည်သူတွေကလည်း ငြိမ်းချမ်းတဲ့ တိုင်းပြည်မှာ နေချင်ကြတဲ့ လူတွေမို့လို့ပါ။ အခုငြိမ်းချမ်းရေးကို အမြန်ဆုံး အကောင်အထည်ဖော်နိုင်ပြီး ကျွန်မတို့နိုင်ငံ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ ဖွံ့ဖြိုးတိုးတက်တဲ့၊ ဘာသာသာသနာတရားကို ဦးထိပ်ထားတဲ့ တိုင်းပြည်အဖြစ်အမြန်ဆုံး ရောက်ချင်ပါတယ်။

**သတင်းစဉ်**



## သာယာဝတီမြို့၌ မိုးရာသီအကြို စုပေါင်းသစ်ပင်စိုက်ပျိုး

**သာယာဝတီ မေ ၁၉**

ပဲခူးတိုင်းဒေသကြီး သာယာဝတီ မြို့နယ် သစ်တောဦးစီးဌာနက ကြီးမှူး၍ မိုးရာသီအကြို စုပေါင်းသစ်ပင် စိုက်ပျိုးပွဲကို မေ ၁၉ ရက် နံနက်က သုံးဆယ်မြို့ ကြိုးဝိုင်းအကွက် အမှတ်(၆၁) စိုက်ကွင်း၌ စိုက်ပျိုးခဲ့ကြောင်း သိရသည်။ (ဓါတ်ပုံ)

မြို့နယ် သစ်တောဦးစီးဌာနအနေဖြင့် သစ်တောသစ်ပင်များ ထိန်းသိမ်းခြင်း၊ သစ်တောစိုက်ခင်းများ ထူထောင်ခြင်းဖြင့် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး၊ ဒေသအပူချိန် လျှော့ချနိုင်စေရန်အတွက် စိုက်ပင်အမြင့် နှစ်ပေနှင့် အထက်ရှိသော ပိတောက်ပင် ၁၅၀၊ ပျဉ်းကတိုးပင် ၁၅၀၊ ကျွန်းပင် ၁၅၀ စုစုပေါင်း အပင် ၄၅၀ တို့ကို ဒေသခံပြည်သူများနှင့် သစ်တောဝန်ထမ်းအင်အား စုစုပေါင်း ၇၀ ခန့်က စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**သန့်ဇော် (ပြန်/ဆက်)**

ပန်းပင်ရေလောင်းလျှင်
ရေပိုက်မသုံးပါနှင့်။
ရေဖြည့်ထားသော
ရေလောင်းပုံး အသုံးပြုပါ။

# ဆီးရီးယားရွှေ့ပြောင်းနေထိုင်သူ ၁၃၃၀၀၀ ကျော် တူရကီရွေးကောက်ပွဲတွင် မဲပေးခွင့်ရရှိ




အန်ကာရာ မေ ၁၉

**တူရကီရွေးကောက်ပွဲများတွင် မဲပေးခွင့်ရှိသော ဆီးရီးယားနိုင်ငံသား ၁၃၃၀၀၀ ကျော်ရှိကြောင်း တူရကီရွှေ့ပြောင်းနေထိုင်ရေး အရာရှိတစ်ဦးက မေ ၁၈ ရက်တွင် ပြောကြားလိုက်သည်။**

တူရကီနိုင်ငံသည် ဆီးရီးယားနိုင်ငံသား စုစုပေါင်း ၂၀၀၉၅၀ အား တူရကီနိုင်ငံသားအဖြစ် ခွင့်ပြုပေးထားကြောင်း၊ အဆိုပါ ခွင့်ပြုပေးထားသည့် နိုင်ငံသားများထဲမှ ၁၃၃၆၅၄ ဦးသည် အသက် ၁၈ နှစ်နှင့်အထက်ရှိပြီး တူရကီနိုင်ငံတွင် ကျင်းပမည့် ရွေးကောက်ပွဲများတွင် မဲပေးခွင့်ရှိကြောင်း တူရကီရွှေ့ပြောင်းနေထိုင်ရေးစီမံခန့်ခွဲမှု၏ မူဝါဒရေးရာနှင့် ဆက်သွယ်ရေး ညွှန်ကြားရေးမှူးဖြစ်သူ ဂုဒ်စီအော့ခ်က ပြောကြားသည်။

တူရကီနိုင်ငံသည် ကမ္ဘာပေါ်တွင် ဆီးရီးယား ဒုက္ခသည်များကို အများဆုံး လက်ခံထားသည့် နိုင်ငံဖြစ်ကြောင်း ရွှေ့ပြောင်းနေထိုင်ရေးဆိုင်ရာ အာဏာပိုင်များ၏ ထုတ်ပြန်ချက်အရ သိရသည်။ တူရကီနိုင်ငံသည် လက်ရှိတွင် ဒုက္ခသည်ဆိုင်ရာ အကျပ်အတည်းနှင့် ရင်ဆိုင်နေရပြီး နိုင်ငံအတွင်း လူမှုရေးနှင့် စီးပွားရေးမပြေလည်မှုများ ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

ဆီးရီးယားနိုင်ငံသား တစ်သန်းကို ၎င်းတို့၏ မိခင်နိုင်ငံသို့ ဆန္ဒအလျောက်ပြန်ပို့ရန် အစိုးရအနေဖြင့် စီစဉ်နေကြောင်း မကြာသေးမီတွင် တူရကီသမ္မတ အာဒိုဂန်က ကြေညာချက် ထုတ်ပြန်ထားသည်။

**ဆင်ဟွာ**

## နောက်ဆုံးရ နိုင်ငံတကာသတင်းတိုများ

### ကမ္ဘောဒီးယားနှင့် အိန္ဒိယဆက်ဆံရေး

ကမ္ဘောဒီးယားဝန်ကြီးချုပ် ဆမ်ဒက်တက်ချိုဟွန်ဆင်သည် အိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာမိုဒီနှင့် မေ ၁၉ ရက်တွင် ဗီဒီယိုလင့်ခ်မှတစ်ဆင့် တွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံ ဆက်ဆံရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာရေးရာကိစ္စရပ်များနှင့် ပတ်သက်ပြီး ဆွေးနွေးခဲ့ကြသည်။

### ဩစတြေးလျနိုင်ငံ၏ အလုပ်လက်မဲ့နှုန်း

ဩစတြေးလျနိုင်ငံ၏ အလုပ်လက်မဲ့နှုန်းသည် နှစ်ပေါင်း ၅၀ နီးပါးအတွင်း ပထမဆုံးအကြိမ်အဖြစ် ၄ ရာခိုင်နှုန်း အောက်သို့ ရောက်ရှိခဲ့ကြောင်း သိရသည်။ မေ ၁၉ ရက်တွင် ဩစတြေးလျ စာရင်းအင်းဗျူရိုအဖွဲ့က ထုတ်ပြန်သော လုပ်သားအင်အားဆိုင်ရာ အချက်အလက်အရ ဧပြီလတွင် တရားဝင် အလုပ်လက်မဲ့နှုန်းမှာ ၃ ဒသမ ၉ ရာခိုင်နှုန်းရှိပြီး မတ်လက ၄ ရာခိုင်နှုန်းထက် လျော့နည်းခဲ့ကြောင်း သိရသည်။

### ကနေဒါကုန်ဈေးနှုန်း

ကနေဒါနိုင်ငံ၏ နှစ်အလိုက် ကုန်ဈေးနှုန်းသည် မတ်လတွင် ၆ ဒသမ ၇ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး ဧပြီလတွင် ၆ ဒသမ ၈ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း၊ ဓာတ်ငွေ့ဈေးနှုန်းလည်း အနည်းငယ်မြင့်တက်လာကြောင်း ကနေဒါစာရင်းအင်းဌာနက မေ ၁၈ ရက်တွင် ပြောကြားသည်။ ဧပြီလတွင် နှစ်အလိုက် ကုန်ဈေးနှုန်း မြင့်တက်လာခြင်းသည် စားသောက်ကုန်ဈေး နှုန်းနှင့် အိမ်ရာကုန်ကျစရိတ် ဈေးနှုန်းမြင့်တက်လာခြင်းက အဓိကအကြောင်းရင်းဖြစ်ကြောင်း သိရသည်။

### တောင်ကိုရီးယား ကိုဗစ်-၁၉ ကူးစက်မှု

တောင်ကိုရီးယားနိုင်ငံသည် မေ ၁၈ ရက် သန်းခေါင်ယံအချိန်အထိ ကိုဗစ်-၁၉ ကူးစက်ခံရသူ ဦးရေ ၂၈၁၃၀ ထပ်မံ တွေ့ရှိသည့်အတွက် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ စုစုပေါင်း ၁၇၈၈၉၈၄၉ ဦးအထိ ရောက်ရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးအာဏာပိုင်များက ပြောကြားသည်။ တောင်ကိုရီးယားနိုင်ငံတွင် နေ့စဉ်ကိုဗစ်-၁၉ ကူးစက်မှုပမာဏသည် လွန်ခဲ့သော ရက်ကထက် ၃၁၃၅၂ ဦး လျော့ကျခဲ့သည်။

### လာအို ကိုဗစ်-၁၉ ကာကွယ်ရေး

လာအိုနိုင်ငံသားများ၊ နိုင်ငံခြားသားများနှင့် နိုင်ငံမဲ့သောသူများအနေဖြင့် ယခုအခါတွင် လာအိုနိုင်ငံ မြောက်ပိုင်းတရုတ်၊ မြန်မာနှင့် ထိုင်းတို့၏ ခရီးသွားအချက်အချာကျသည့် Bokeo ပြည်နယ်ရှိ အပြည်ပြည်ဆိုင်ရာနယ်စပ်စစ်ဆေးရေးဂိတ်မှတစ်ဆင့် နိုင်ငံအတွင်းသို့ ဝင်ရောက်နိုင်ပြီဖြစ်သော်လည်း ကိုဗစ်-၁၉ ကာကွယ်ရေး အစီအမံများကို ဆက်လက်လိုက်နာရမည်ဖြစ်ကြောင်း သိရသည်။

# အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်၏ သမီးဖြစ်သူ အက်ရှ်လေဘိုင်ဒင်နှင့် ကျန်းမာရေးဝန်ကြီး ကိုဗစ်-၁၉ ကူးစက်ခံရ



ဝါရှင်တန် မေ ၁၉

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်၏ သမီးဖြစ်သူ အက်ရှ်လေဘိုင်ဒင်သည် ကိုဗစ်-၁၉ ရောဂါကူးစက်ခံထားရကြောင်း အိမ်ဖြူတော်က မေ ၁၈ ရက်တွင် ပြောကြားသည်။

ထို့ကြောင့် အက်ရှ်လေဘိုင်ဒင်သည် သမ္မတကတော် ဂျေးဘိုင်ဒင်နှင့် လက်တင်အမေရိကကိုသွားမည့် နိုင်ငံခြားခရီးစဉ်ကို ဖျက်သိမ်းလိုက်ရကြောင်း ပြောရေးဆိုခွင့်ရှိသူ မိုက်ကယ်လာရို့စ်က သတင်းထောက်များကို ပြောကြားခဲ့သည်။ အသက် ၄၀ ရှိ အက်ရှ်လေဘိုင်ဒင်သည် မေ ၁၈ ရက် နေ့လယ်ပိုင်းတွင် သမ္မတကတော် ဂျေးဘိုင်ဒင်နှင့်အတူ အီကွေဒေါနိုင်ငံသို့ ခရီးထွက်ရန် စီစဉ်ထားခြင်းဖြစ်သည်။

အက်ရှ်လေ၏ အဆိုပါ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုသည် သမ္မတ ဂျိုးဘိုင်ဒင်၏ အတွင်းစည်းမှ နောက်ဆုံး ကူးစက်ခံရမှုဖြစ်ကြောင်း သိရသည်။ ထို့အပြင် မေ ၁၈ ရက်က အမေရိကန် ကျန်းမာရေးနှင့် လူ့စွမ်းအားဝန်ကြီး ဆာဗီယာဘက်ကာရာ တွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားနေကြောင်း စမ်းသပ်တွေ့ရှိခဲ့သည်ဟု ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။ ဘက်ကာရာသည် မကြာသေးမီ သီတင်းပတ်က အိမ်ဖြူတော်သို့ ဝင်ထွက်မှုပြုခဲ့သော်လည်း အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်နှင့် အနီးကပ်ထိတွေ့ခဲ့ခြင်း မရှိခဲ့ကြောင်း သိရသည်။

အမေရိကန်နိုင်ငံသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၈၃ သန်းကျော်နှင့် သေဆုံးသူ တစ်သန်းရှိပြီဖြစ်ကြောင်း ဂျွန်ဟော့ကင်းတက္ကသိုလ်က ထုတ်ပြန်သော အချက်အလက်အရ သိရသည်။

**ဆင်ဟွာ**

# ပြီးခဲ့သည့် သီတင်းပတ်အတွင်း အမေရိကန်ရေနံစိမ်း တင်သွင်းမှုနှင့် တင်ပို့မှု မြင့်တက်လာ

**ဟောက်စ်တန် မေ ၁၉**

အမေရိကန်နိုင်ငံ၏ ရေနံစိမ်း ထုတ်လုပ်မှုသည် မေ ၁၃ ရက်နေ့ ကုန်ဆုံးသည့် ရက်သတ္တပတ်အတွင်း မြင့်တက်လာခဲ့ကြောင်း စွမ်းအင်သတင်းအချက်အလက်စီမံခန့်ခွဲမှု (အီးအိုင်အေ) က မေ ၁၈ ရက်တွင် ပြောကြားသည်။

အမေရိကန် ရေနံစိမ်း တင်သွင်းမှုသည် ပြီးခဲ့သည့် သီတင်းပတ်က တစ်ရက်လျှင် ပျမ်းမျှစည် ၆ ဒသမ ၅၆၈ သန်းရှိပြီး ပြီးခဲ့သည့် သီတင်းပတ်ကထက် ၂၉၉၀၀၀ စည်ခန့် မြင့်တက်ခဲ့ကြောင်း သိရသည်။ ထို့အပြင် ရေနံစိမ်းတင်ပို့မှုသည် တစ်ရက်လျှင် ပျမ်းမျှစည် ၃ ဒသမ ၅၂ သန်းခန့်ရှိပြီး ယခင်သီတင်းပတ်ကထက် ၆၄၁၀၀၀ စည်ခန့် မြင့်တက်ခဲ့ကြောင်း အပတ်စဉ် ရေနံအခြေအနေ အစီရင်ခံစာ၏ ထုတ်ပြန်ချက်အရ သိရသည်။

လွန်ခဲ့သည့် သီတင်းလေးပတ်ကျော်က ရေနံစိမ်းတင်သွင်းမှုသည် တစ်ရက်လျှင် ပျမ်းမျှစည် ၆ ဒသမ ၂၇၆ သန်းခန့်ရှိပြီး ပြီးခဲ့သည့်နှစ်က အလားတူသီတင်းလေးပတ်ကာလကထက် ၄ ဒသမ ၇ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း သိရသည်။ ထို့အပြင် ရေနံစိမ်းတင်ပို့မှုသည် တစ်ရက်လျှင် ပျမ်းမျှစည် ၃ ဒသမ ၄၂၄ သန်းခန့်ရှိပြီး တစ်နှစ်ထက် တစ်နှစ် ၁၆ ဒသမ ၄ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း သိရသည်။

အမေရိကန်နိုင်ငံသည် လွန်ခဲ့သည့်နှစ်များအတွင်း ကမ္ဘာ့အရေးပါသော ရေနံစိမ်း ထုတ်လုပ်သည့် နိုင်ငံများထဲမှ တစ်နိုင်ငံဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

# ဗီယက်နမ်နိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ခံရသူ ၁၇၁၆ ဦး ထပ်မံတွေ့ရှိ

**ဟန္နိုင်း မေ ၁၉**

ဗီယက်နမ်နိုင်ငံ၌ မေ ၁၉ ရက်တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၇၁၆ ဦး ထပ်မံတွေ့ရှိမှုသည် မေ ၁၈ ရက်က တွေ့ရှိမှုထက် ၁၁၅ ဦး လျော့နည်းခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။ အဆိုပါ ကူးစက်ခံရသူများအနက် တစ်ဦးသာလျှင် ပြည်ပပြန်ကူးစက်မှုဖြစ်ပြီး ကျန်ရှိသောသူများမှာ ပြည်တွင်းကူးစက်မှုဖြစ်ကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံ၏ မြို့တော် ဟန္နိုင်းသည် ကိုဗစ်-၁၉ ကူးစက်ခံရသူ ၃၈၁ ဦး ထပ်မံတွေ့ရှိသည့်အတွက် ကိုဗစ်-၁၉ ကူးစက်မှုဖြစ်ပွားရာ အချက်အချာနေရာအဖြစ် ရှိနေသေးသည်။

ဗီယက်နမ်နိုင်ငံတွင် အဆိုပါ ရောဂါထပ်မံကူးစက်ခံရမှုများကြောင့် နိုင်ငံ တစ်ဝန်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ စုစုပေါင်း ၁၀၇၀၄၅၂၄ ဦးအထိ ရှိလာပြီဖြစ်သည်။

**ဆင်ဟွာ**

# မေ ၁၉ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၄ ဦး တွေ့ရှိ

## ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ ၀ ဒသမ ၀၆ ရာခိုင်နှုန်းရှိ

**(၁၉-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၈-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၉-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၅၆၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၄) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၀၆) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၁၁၆,၇၈၂) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၃,၁၈၆) ဦး ရှိပြီ ဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂၉) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၂,၁၅၉) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၁၉-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၂၇) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၁) ခု | - |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၄၄) ခု | - |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၄) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၅၇၅) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၁၆၆) ခု | (၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၄,၅၃၂) ခု | (၃) ဦး |
| စုစုပေါင်း | (၆,၅၆၉) ခု | (၄) ဦး |

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆ ခန့်အထိ လျော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံမှုခံယူထားသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် ပြည်သူအားလုံးနှင့် အသက် ၁၂ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာကျောင်းသူ/ကျောင်းသားများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၄၀ နှစ်နှင့်အထက် ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော မိဘပြည်သူများအား ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေး ထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါ ဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ၁၉-၅-၂၀၂၂ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ


| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၄၆၉၂၇၀၆ | ၈၁၄၃၈၁၀၃ | ၁၀၂၈၀၁၄ |
| ၂။ | အိန္ဒိယ | ၄၃၁၂၉၅၆၃ | ၄၂၅၈၉၈၄၁ | ၅၂၄၃၀၃ |
| ၃။ | ဘရာဇီး | ၃၀၇၄၁၈၁၁ | ၂၉၇၄၆၆၄၀ | ၆၆၅၃၇၆ |
| ၄။ | ပြင်သစ် | ၂၉၂၆၃၃၀၄ | ၂၈၃၉၅၂၃၆ | ၁၄၇၆၄၈ |
| ၅။ | ဂျာမနီ | ၂၅၉၅၆၈၃၇ | ၂၄၄၂၅၅၀၀ | ၁၃၈၃၄၉ |
| ၆။ | ဗြိတိန် | ၂၂၂၀၇၁၀၂ | ၂၁၇၅၅၆၂၂ | ၁၇၇၄၁၀ |
| ၇။ | ရုရှား | ၁၈၂၇၈၆၁၇ | ၁၇၆၇၀၆၂၈ | ၃၇၈၀၇၂ |
| ၈။ | တောင်ကိုရီးယား | ၁၇၈၈၉၈၄၉ | ၁၇၂၅၁၈၄၇ | ၂၃၈၄၂ |
| ၉။ | အီတလီ | ၁၇၁၄၇၄၇၇ | ၁၆၀၂၉၂၆၉ | ၁၆၅၆၃၀ |
| ၁၀။ | တူရကီ | ၁၅၀၅၈၆၂၇ | ၁၄၉၅၆၂၇၉ | ၉၈၉၁၄ |

## ၁၉-၅-၂၀၂၂ အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံ | ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| ဗီယက်နမ် | ၁၀၇၀၁၇၉၆ | ၉၃၇၃၂၉၄ | ၄၃၀၇၂ |
| အင်ဒိုနီးရှား | ၆၀၅၁၈၅၀ | ၅၈၉၁၅၇၄ | ၁၅၆၅၁၀ |
| မလေးရှား | ၄၄၈၃၂၉၅ | ၄၄၁၇၆၉၄ | ၃၅၆၃၀ |
| ထိုင်း | ၄၃၉၄၉၁၅ | ၄၃၀၅၆၉၉ | ၂၉၆၄၀ |
| ဖိလစ်ပိုင် | ၃၆၈၈၂၉၅ | ၃၆၂၅၇၀၄ | ၆၀၄၅၂ |
| စင်ကာပူ | ၁၂၅၄၁၁၃ | ၁၁၇၅၉၉၆ | ၁၃၆၉ |
| မြန်မာ | ၆၁၃၁၈၆ | ၅၉၂၁၅၉ | ၁၉၄၃၄ |
| လာအို | ၂၀၉၆၀၇ | ၂၀၈၃၄၄ | ၇၅၄ |
| ဘရူနိုင်း | ၁၄၅၇၈၃ | ၁၄၃၆၂၀ | ၂၂၁ |
| ကမ္ဘောဒီးယား | ၁၃၆၂၆၂ | ၁၃၃၁၉၈ | ၃၀၅၆ |



အပြင်ထွက်တိုင်း
ပါးစပ်နှင့် နှာခေါင်းစည်း (mask) ကို
စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ



လက်တွင် ကပ်ပါလာနိုင်သော ဗိုင်းရပ်စ်ပိုးကို
ပျက်စီးစေရန်အတွက် လက်ကို
ဆပ်ပြာနှင့်ရေအသုံးပြု၍ အနည်းဆုံး
စက္ကန့်(၂၀) ကြာဆေးကြောပါ။

# ဆီထွက်သီးနှံတင်ပို့မှုဆိုင်းငံ့ခြင်းကြောင့် ပြည်တွင်းစားသုံးဆီများ ဈေးနှုန်းကျဆင်းနိုင်



**ရန်ကုန် မေ ၁၉**

ဆီထွက်သီးနှံ မြေပဲ၊ နှမ်းစသည်တို့ကို မေ ၉ ရက်မှစတင်၍ ပြည်ပတင်ပို့မှု ဆိုင်းငံ့လိုက်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။ ထို့ကဲ့သို့ ပြည်ပတင်ပို့မှုဆိုင်းငံ့ထားသဖြင့် ပြည်တွင်းရောင်းဝယ်ဖောက်ကားမှု ပိုမိုလာနိုင်ပြီး စားသုံးဆီဈေးနှုန်းများ တည်ငြိမ်လာနိုင်ကြောင်း ကုန်သည်များထံမှ သိရသည်။

ပြည်တွင်းစားသုံးဆီ ဖူလုံစေရေးအတွက် နိုင်ငံတော်က ပြည်ပတင်ပို့မှု ဆိုင်းငံ့လိုက်သည်ကို ပြည်တွင်းဆီစက်များနှင့် တစ်နိုင်တစ်ပိုင်ဆီထုတ်လုပ်ရောင်းချသူများက ကြိုဆိုကြသည်ကိုလည်း တွေ့ရသည်။ မြန်မာနိုင်ငံတွင် စားသုံးဆီကို မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲပုပ်၊ ဝါစေ့တို့မှ အဓိကရရှိသုံးစွဲနေကြသည်။ ထို့အတူ ဟင်းသီးဟင်းရွက်ဆီ၊ စားအုန်းဆီတို့ကိုလည်း ပြည်ပမှ တင်သွင်းသုံးစွဲလျက်ရှိသည်။ ယခုနှစ်အတွင်း စားအုန်းဆီသုံးစွဲမှု များပြားခြင်းကြောင့် ကျန်းမာရေးထိခိုက်မှုမရှိစေရေး အသိပညာပေးလုပ်ငန်းများကို မီဒီယာများတွင် ထိထိရောက်ရောက် ပညာပေးလျက်ရှိသည်။

"ပြည်တွင်းမှာ မြေပဲ၊ နှမ်း၊ နေကြာနဲ့ ပဲပုပ်ဆီတွေ တစ်နိုင်တစ်ပိုင် ကြိတ်ခွဲရောင်းချမှုတွေ အခုအချိန်မှာ ပိုမိုအလေးပေးလုပ်ဆောင်သင့်ပါတယ်။ ပြည်ပတင်ပို့မှုရပ်ဆိုင်းထားတဲ့အတွက် မြေပဲနဲ့ နှမ်းဈေးကွက်ကတော့ အနည်းငယ်ကျဆင်းနေပါတယ်။ ဘယ်တော့ပြန်ဖွင့်မလဲ မသိရသေးတော့ အရောင်းအဝယ်ဈေးကွက်ကလည်း အတော်လေးငြိမ်သက်သွားတာပါ။ ဒါပေမယ့် ပြည်တွင်းမှာ မြင့်တက်နေတဲ့ ဆီဈေးနှုန်းကိုတော့ လျှော့ချပေးနိုင်မယ်လို့ ယူဆရပါတယ်" ဟု ဆီလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ယနေ့ မြန်မာနိုင်ငံ၏ လူဦးရေအရ ဆီစားသုံးမှုကို တွက်ချက်ရာတွင် အာဆီယံနိုင်ငံများအတွင်း၌ စားသုံးမှုအနိမ့်ဆုံးနှုန်းနှင့် တွက်ချက်ကြည့်ခြင်းပင်လျှင် လူတစ်ဦး တစ်နှစ်ပျမ်းမျှ ဆီ ၆၀ ကျပ်သား (၁၂ ကီလိုဂရမ်) ခန့် စားသုံးကြောင်း၊ ထို့ကြောင့် ပြည်တွင်းအတွက် တစ်နှစ်လျှင် အနိမ့်ဆုံး ဆီလိုအပ်ချက်မှာ ခန့်မှန်းမက်ထရစ်တန် ခြောက်သိန်းခွဲခန့် ဖြစ်ကြောင်း ပညာရှင်များက တွက်ချက်ထားကြသည်။ နှစ်စဉ် ပြည်တွင်းလိုအပ်ချက်ဖူလုံစေရေးသက်ဆိုင်ရာဌာနများနှင့် အသင်းအဖွဲ့များက အဆိုပါ စိုက်ပျိုးထွက်ရှိမှုမှ ဆီထွက်သီးနှံလုံးဆန် ခန့်မှန်းမက်ထရစ်တန် သုံးသိန်းကျော်ကို ပြည်ပသို့ နှစ်စဉ် တင်ပို့ရောင်းချနေသဖြင့် ပြည်တွင်း၌ ဆီထွက်သီးနှံလက်ကျန် ခန့်မှန်း တန် ၁၀ သန်းကျော်ကိုသာ ဆီကြိတ်ခွဲနိုင်သဖြင့် စားသုံးဆီ မက်ထရစ်တန် ခန့်မှန်း လေးသိန်းကျော်သာ ထွက်ရှိကာ စားသုံးဆီ မက်ထရစ်တန် ခန့်မှန်း ခြောက်သိန်းခွဲကျော် ပြည်ပမှ နှစ်စဉ် တင်သွင်းနေကြရသဖြင့် ယခုကဲ့သို့ ပြည်ပတင်ပို့မှု ဆိုင်းငံ့ခြင်းဖြင့် ပြည်တွင်းစားသုံးမှု ဖူလုံလာစေမည် ဖြစ်သည်။

**သီရိ**

# တရုတ်နယ်စပ်ကုန်သွယ်မှု ပြန်လည်အားကောင်းလာ



**ရန်ကုန် မေ ၁၉**

မြန်မာကုန်တင်ယာဉ်များ တရုတ်နိုင်ငံဘက်သို့ ဝင်ထွက်ခွင့်ရရှိသဖြင့် ကုန်တင်ငှားရမ်းခ ဈေးနှုန်းများ သက်သာလာခဲ့ပြီး ယခင်ထက် ကုန်သွယ်မှုပမာဏတိုးမြင့်လာနိုင်တော့မည် ဖြစ်သည်။ မြန်မာ-တရုတ် နှစ်နိုင်ငံ ကုန်သွယ်မှုပြုလုပ်နေသည့် ကျင်စန်းကျော့ - ဝမ်တိန်ဂိတ်ကို မေ ၁၆ ရက်မှ စတင်၍ ကုန်တင်ယာဉ်များ အရေအတွက် အကန့်အသတ်မရှိ ဝင်ရောက်နိုင်ပြီဖြစ်ကြောင်း မူဆယ်ကုန်သည်များထံမှ သိရသည်။

ရွှေလီမြို့ ဝမ်တိန်နယ်စပ်ဂိတ် မံမန်လမ်းကြောင်း၌ ကုန်ပစ္စည်းများ ပြန်လည်ဖြတ်သန်းလာနိုင်ခဲ့ပြီး ကုန်သွယ်ရေးပမာဏ အဆက်မပြတ် ပြန်လည်တိုးတက်လာခဲ့သော်လည်း စက်သုံးဆီဈေးနှုန်းမြင့်တက်မှုကြောင့် ကုန်သည်များ အခက်အခဲအချို့ ရှိနေသေးသည်။ သို့သော် ယခင်က မြန်မာကုန်ကားများကို တရုတ်နိုင်ငံသို့ ဝင်ထွက်ခွင့်မပြုဘဲ ကုန်တင်ယာဉ်လဲလှယ်၍ တင်ဆောင်နေရခြင်းကြောင့် ခေါက်တိုကုန်တင်ယာဉ်များ ငှားရမ်းရာတွင် အခက်အခဲများရှိပြီး တစ်စီးလျှင် ငွေကျပ် သိန်းဆယ်ဂဏန်းမှ ရာချီ၍ ကုန်ကျခဲ့သဖြင့် ယခုကဲ့သို့ ဝင်ထွက်ခွင့်ပြုခြင်းဖြင့် သယ်ယူပို့ဆောင်မှုစရိတ်ကို အထိုက်အလျောက် သက်သာစေမည် ဖြစ်သည်။

ယခုနှစ် ဇန်နဝါရီလမှ ဧပြီလနှင့် ၂၀၁၉ ခုနှစ် ကိုဗစ်-၁၉ ရောဂါ မဖြစ်ပွားမီကာလ ကာလတူနှိုင်းယှဉ်ပါက နေ့စဉ်ပျမ်းမျှ ပို့ကုန်သွင်းကုန်ဝန်ဆောင်မှု ၄၂ ရာခိုင်နှုန်းအထိ ပြန်လည်ရောက်ရှိလာကြောင်း၊ နေ့စဉ် ပျမ်းမျှကုန်သွယ်မှုပမာဏ ၂၅၆ ရာခိုင်နှုန်းတိုးလာသဖြင့် ကပ်ရောဂါမတိုင်မီ၏ ၃ ဒသမ ၅ ဆအထိရှိလာကြောင်း ကုန်သွယ်ရေးသတင်းများအရ သိရှိရသည်။

ကျင်စန်းကျော့ - ဝမ်တိန် မံမန်လမ်းကြောင်းတွင် စမတ်နယ်စပ်ဂိတ်စီမံအုပ်ချုပ်မှုစနစ် ဖော်ဆောင်ပြီး ကွန်တိန်နာနယ်စပ်ဂိတ်ဖြတ်သန်းရာတွင် နည်းပညာအဆင့်မြှင့်တင်ထားပြီး နိုင်ငံတကာကုန်စည်စီးဆင်းမှု ပုံစံသစ် စတင်အသုံးပြုထားသည်။ နယ်စပ်ဂိတ်များ တစ်ပြေးညီဖြစ်သည့် One Stop Service ဖြင့် ဆောင်ရွက်ပေးသည့်အတွက် နယ်စပ်ဖြတ်ကျော်လုပ်ငန်းစဉ်များတွင် အဆင့်များစွာ လျှော့ကျသွားမည်ဖြစ်ကြောင်း၊ နယ်စပ်ဂိတ်ဝန်ဆောင်မှု အရည်အသွေးများကို မြှင့်တင်ထားကြောင်း တရုတ်မီဒီယာများတွင် ဖော်ပြထားသည်။

ယခုအခါ ကျင်စန်းကျော့ဂိတ်မှ တစ်ဆင့် မြန်မာပို့ကုန်များ မော်တော်ယာဉ်ပြောင်းစရာမလိုသော်လည်း တရုတ်နိုင်ငံမှ အစားထိုးယာဉ်မောင်းများဖြင့်သာ မောင်းနှင်ရဦးမည်ဖြစ်သည်။ အခြားသော မြန်မာ-တရုတ်နယ်စပ်ဂိတ်များ ပြန်လည်ဖွင့်လှစ်ပေးနိုင်ရန်အတွက်လည်း ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များက မျှော်လင့်နေကြောင်း သိရသည်။

**သီရိ**

# မြန်မာ-ဘင်္ဂလားဒေ့ရှ် ကုန်သွယ်မှုတိုးတက်ရေးဆွေးနွေး

**ရန်ကုန် မေ ၁၉**

မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသံရုံး သံအမတ်ကြီး H.E Manjurul Karim Khan Chowdhury နှင့် စစ်တွေမြို့အခြေစိုက် ကောင်စစ်ဝန်ရုံးမှ Mr. Mohammad Barikul Islam တို့၏ ဖိတ်ကြားမှုဖြင့် ရခိုင်ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း တာဝန်ရှိသူများ ရန်ကုန်မြို့သို့ မေ ၁၄ ရက်က လာရောက် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

တွေ့ဆုံပွဲအတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီးက နှစ်နိုင်ငံ ကုန်သွယ်မှုတိုးတက်စေရေးအတွက် ဆောင်ရွက်မည့်အစီအစဉ်များ၊ ရခိုင်ထွက်ကုန်များကို စစ်တကောင်း၊ ဒါကာ ဈေးကွက်ကြီးသို့ တိုက်ရိုက်တင်ပို့နိုင်မည့် အစီအမံများနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ပြီး ရခိုင်ကုန်သည်/စက်မှုအသင်းမှ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများကလည်း လက်ရှိတင်ပို့မှုအခက်အခဲများကို ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

**ကိုရိုး**

## တစ်ပတ်အတွင်း အခြေခံစားသောက်ကုန်ဈေးနှုန်း

ရန်ကုန် မေ ၁၉

**ယခုသီတင်းပတ်အတွင်း ဆန်ဈေးနှုန်းများတည်ငြိမ်လျက်ရှိပြီး အရောင်းအဝယ် အနည်းငယ်ကျဆင်းလျက်ရှိသည်။ ဆီထွက်သီးနှံများ ပြည်ပတင်ပို့မှု ဆိုင်းငံ့ထားခြင်းကြောင့် မြေပဲ၊ နှမ်း စသည့် ဆီထွက်သီးနှံဈေးနှုန်းများ အနည်းငယ်ကျဆင်းလာသည်ကို တွေ့ရှိရသည်။**

**ဆန်**

ပေါ်ဆန်းမွှေးဆန်(ရှယ်) ၂၄ ပြည်အိတ် တစ်အိတ်လျှင် ကျပ် ၄၈၅၀၀ မှ ၄၉၅၀၀၊ ပေါ်ဆန်းရိုးရိုးတစ်အိတ် ကျပ် ၄၇၅၀၀ မှ ၄၉၀၀၀၊ ရက် ၉၀ တစ်အိတ်လျှင် ကျပ် ၃၃၀၀၀၊ သီးထပ်ရှယ်တစ်အိတ် ကျပ် ၃၀၀၀၀ နှုန်းဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်းမှ သိရသည်။

**ပဲမျိုးစုံ**

မတ်ပဲတစ်တန်လျှင် ကျပ် ၁၄၁၅၀၀၀ ဖြင့် ဈေးမြင့်တက်လျက်ရှိပြီး ပဲစင်းငုံ တစ်တန် ကျပ် ၁၃၄၂၀၀၀၊ ပဲတီစိမ်း တစ်တန် ကျပ် ၁၂၉၈၃၀၀၊ ပဲပုပ် တစ်တန် ကျပ် ၁၇၃၆၁၀၀၊ ပြောင်းဆန် တစ်တန် ကျပ် ၆၄၃၀၀၀၊ ကုလားပဲဖြူ လုံးကြီး တစ်တန် ကျပ် ၁၅၈၃၀၀၀ စသည်ဖြင့် ပေါက်ဈေးရှိကြောင်း ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်းများအရ သိရသည်။ တစ်ပတ်အတွင်း ကုန်စည်ဒိုင်သို့ မတ်ပဲ FAQ/RC (2022 Crop) ကွန်တိန်နာ အလုံး ၃၀(တန်ချိန် ၇၂၀) နှင့် မတ်ပဲ SQ/RC (2022 Crop) ကွန်တိန်နာ ငါးလုံး(တန်ချိန် ၁၂၀) ဝင်ရောက်ခဲ့ကြောင်း သိရသည်။

**ကြက်သွန်နီနှင့်စားဖိုဆောင်သီးနှံ**

ကြက်သွန်နီမှာ အရောင်းအဝယ်ပုံမှန်သာရှိပြီး ဈေးနှုန်း အနည်းငယ်ကျဆင်းလျက်ရှိသည်။ တစ်ပတ်အတွင်း ကုန်စည်ဒိုင်သို့ ကြက်သွန်နီကားအစီးရေ ၁၂၈ စီး (ပိဿာချိန် ၇၆၈၀၀၀ ခန့်) ဝင်ရောက်ခဲ့သည်။ တစ်ပိဿာလျှင် ငွေကျပ် ၅၀၀ မှ ၇၇၅ အထိ ဈေးနှုန်းရှိပြီး ကြက်သွန်ဖြူ (ကြူကုတ်) တစ်ပိဿာ ငွေကျပ် ၃၁၀၀ ဝန်းကျင်၊ ကြက်သွန်ဖြူ(ရှမ်းစ) တစ်ပိဿာ ငွေကျပ် ၃၃၀၀ နှုန်းဖြင့် အရောင်းအဝယ်ပုံမှန်ရှိကြောင်း သိရသည်။ ချင်း တစ်ပိဿာ ကျပ် ၄၀၀၀၊ နနွင်း တစ်ပိဿာ ကျပ် ၅၀၀၀ နှုန်း၊ ငရုတ်ပု တစ်ပိဿာ ကျပ် ၈၀၀၀ မှ ၉၀၀၀၊ ငရုတ်ရှည်တစ်ပိဿာ ကျပ် ၅၆၀၀ စသည်ဖြင့် ဈေးနှုန်းတည်ငြိမ်လျက်ရှိသည်။ မန်ကျည်းသီးဈေးနှုန်းများ မြင့်တက်လာခဲ့ပြီး မန်ကျည်းပွင့်ကပ်(သစ်) တစ်ပိဿာ ကျပ် ၂၂၀၀၊ မန်ကျည်းအသား (သစ်) ကျပ် ၃၂၀၀ ရှိလာခဲ့သဖြင့် ငွေကျပ် ၁၀၀မှ ၃၀၀ အထိ ဈေးမြင့်တက်လျက်ရှိသည်။ အာလူးဈေးနှုန်းများ တည်ငြိမ်လျက်ရှိပြီး ကုန်စည်ဒိုင်အတွင်းသို့ အာလူးကားအစီးရေ ၃၈ စီး(ပိဿာချိန် ၂၂၈၀၀၀ ခန့်) ဝင်ရောက်လာခဲ့ကာ ဈေးနှုန်းများမှာ တစ်ပိဿာ ငွေကျပ် ၁၅၀၀ ဝန်းကျင်ရှိသည်။

**စားသုံးဆီ**

စားသုံးဆီဈေးကွက်အတွင်း မြေပဲဆီ တစ်ပိဿာ ကျပ် ၉၅၀၀ ၊ နှမ်းဆီ တစ်ပိဿာ ကျပ် ၉၅၀၀၊ စားအုန်းဆီ တစ်ပိဿာ ကျပ် ၆၃၀၀ နှုန်းရှိကြောင်း ကုန်သွယ်မှုဗဟိုဌာန ရန်ကုန်မှ သိရသည်။

**ကိုရိုး**

# အိမ်နီးချင်းနိုင်ငံများ၏ ဆန်စျေးကွက်အတွင်း ဗီယက်နမ်ဆန်စျေးနှုန်းများ မြင့်တက်ဖွယ်ရှိ

**နန်နင်း မေ ၁၉**

ဧပြီလနှောင်းပိုင်း၌ အရှေ့အလယ်ပိုင်းစျေးကွက်မှ ဝယ်လိုအားကြောင့် ထိုင်းဆန်စျေးနှုန်း မြင့်တက်ခဲ့သည်မှအပ အာရှဆန်စျေးကွက်တည်ငြိမ်ခဲ့သည်။ အမေရိကန် လယ်ယာစိုက်ပျိုးရေးစျေးကွက်၌မူ ဂျုံ၊ ပြောင်းနှင့် ပဲပုပ်တို့အား ကုန်သွယ်မှုကျဆင်းခဲ့သည်။

ဧပြီလ နောက်ဆုံးရက်သတ္တပတ်အတွင်း ထိုင်းနိုင်ငံမှ (၅ ရာခိုင်နှုန်း အကျိုးအကြေ ပါဝင်သည့်) ဆန်စျေးနှုန်းမှာ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၃၂ ဒေါ်လာမှ ၄၃၅ ဒေါ်လာကြားရှိခဲ့ပြီး အီရက်၊ အီရတ်တို့မှ ဝယ်လိုအားများအပြင် ဆော်ဒီအာရေဗျနှင့် ဆက်ဆံရေးတိုးတက်လာသဖြင့် ထိုင်းဆန်များကို ဝယ်လိုအားတက်လာသည်။

ပေါင်းဆန်တင်ပို့ရာတွင် ဦးဆောင်နေသည့် အိန္ဒိယနိုင်ငံမှ (၅ ရာခိုင်နှုန်း အကျိုးအကြေ ပါဝင်သည့်) ဆန်စျေးနှုန်းမှာ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၆၁ ဒေါ်လာမှ ၃၆၅ ဒေါ်လာကြား ရှိခဲ့ပြီး စျေးနှုန်းမပြောင်းလဲခဲ့သည်ကိုမြင်တွေ့ရသည်။

ဗီယက်နမ်နိုင်ငံမှ (၅ ရာခိုင်နှုန်း အကျိုးအကြေ ပါဝင်သည့်) ဆန်စျေးနှုန်းမှာ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၁၅ ဒေါ်လာရှိခဲ့ပြီး စျေးနှုန်းမပြောင်းလဲခဲ့ကြောင်း သိရသည်။ သို့ရာတွင် ဆောင်းရာသီ-နွေဦးရာသီ ရိတ်သိမ်းမှု ပြီးစီးလုပြီဖြစ်ကာ ရောင်းလိုအား နည်းလာသောကြောင့် လာမည့်ရက်သတ္တပတ်များတွင် စျေးတက်ဖွယ်ရှိသည်။ ထို့ကြောင့် ကုန်သည်များမှာ ပို့ကုန်စာချုပ်အသစ်များ ချုပ်ဆိုရန် တွန့်ဆုတ်နေကြောင်း သိရသည်။

လက်ရှိရာသီတွင် ဘင်္ဂလားဒေ့ရှ်အစိုးရက လယ်သမားများထံမှ ဆန်ပိုမိုဝယ်ယူနေပြီး လက်ရှိစျေးနှုန်းမှာ တစ်ကီလိုဂရမ်လျှင် တာကာ ၄၀ ဖြစ်သည်။ ယခင်နှစ်က တစ်ကီလိုဂရမ်လျှင် ၃၆ တာကာဖြစ်သော ဝယ်ယူခဲ့သည်။



ဗီယက်နမ်နိုင်ငံမှ ပြည်ပသို့တင်ပို့မည့် ဆန်အိတ်များ။

## အိန္ဒိယနိုင်ငံ၌ ၂၀၂၁-၂၀၂၂ ခုနှစ် ဂျုံထွက်ရှိနိုင်မှုကို အစိုးရက လျှော့ချခန့်မှန်း

အိန္ဒိယနိုင်ငံ၌ ၂၀၂၁-၂၀၂၂ သီးနှံစိုက်ပျိုးရေးနှစ် (ဇူလိုင်-ဇွန်) အတွင်း ဂျုံစိုက်ပျိုးထုတ်လုပ်နိုင်မည့် ပမာဏကို မူလက တန်ချိန် ၁၁၁ ဒသမ ၃၂ သန်းရှိမည်ဟု ခန့်မှန်းထားရာမှ ယခုနှစ် နွေရာသီကာလက အပူလှိုင်းကျရောက်မှုကြောင့် အဆိုပါပမာဏမှ ၅ ဒသမ ၇ ရာခိုင်နှုန်း လျှော့ချလျက် တန်ချိန် ၁၀၅ သန်းခန့်သာ ထွက်ရှိနိုင်ဖွယ်ရှိကြောင်း အိန္ဒိယစားသုံးသူရေးရာ၊ စားနပ်ရိက္ခာနှင့် ပြည်သူ့ဖြန့်ဖြူးမှုရေးရာဝန်ကြီးဌာနမှ အတွင်းဝန် Mr. Sudhanshu Pandey က သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားခဲ့သည်။

ပြည်နယ်အချို့၌ အစိုးရ၏ အနိမ့်ဆုံးထားရှိဝယ်ယူပေးမည့် အခြေခံရည်ညွှန်းစျေးနှုန်း (MSP)ထက် စျေးကွက်ပေါက်စျေး မြင့်မားလျက်ရှိခြင်း၊ ပြည်နယ်အချို့၌ ဂျုံအထွက်ပမာဏ လျော့ကျဖွယ်ရှိခြင်း၊ တောင်သူများကလည်း ၎င်းတို့၏ထုတ်ကုန်များကို လက်ဝယ်သိုလှောင်ထားရှိခြင်းနှင့် ကုန်သည်များကလည်း စျေးနှုန်းများ ဆက်လက်မြင့်တက်လာနိုင်ခြေရှိသည်ကို မျှော်မှန်းလျက်ရှိခြင်း စသည့် အခြေအနေများအရ ၂၀၂၂-၂၀၂၃ ခုနှစ် စျေးကွက်ရာသီကာလ(ဧပြီလမှ မတ်လအထိ)အတွင်း အရန်ရိက္ခာ ဂျုံဝယ်ယူမှုမှာ ယခင်နှစ်အောက်လျော့ကျလျက် တန်ချိန် ၁၉ ဒသမ ၅ သန်းခန့်သာ ဝယ်ယူရရှိနိုင်မည်ဟု အစိုးရက ခန့်မှန်းထားသည်။

ရုရှား-ယူကရိန်း စစ်ပွဲ၏ ကမ္ဘာ့ဂျုံစျေးကွက်အပေါ် ရိုက်ခတ်မှုက စျေးနှုန်းများမြင့်တက်စေပြီး အိန္ဒိယနိုင်ငံ၏ ပြည်ပသို့ ဂျုံတင်ပို့မှုသည် ၂၀၁၂ ခုနှစ် မတ်လ၌ ကုန်ဆုံးသည့် ဘဏ္ဍာရေးနှစ်အတွင်း ယခင်နှစ်ထက် ၂၇၅ ရာခိုင်နှုန်း တိုးတက်လျက် တန်ချိန် ၇ ဒသမ ၈၅ သန်းအထိ စံချိန်တင်မြင့်တက်ခဲ့သည်။

## ထိုင်းနိုင်ငံ၏ ဒူးရင်းသီးတင်ပို့မှုအားကောင်းလာ

ယခုနှစ်အတွက် တရုတ်နိုင်ငံသို့ ထိုင်းနိုင်ငံမှ ဒူးရင်းသီးတင်ပို့မှုသည် ဝင်ငွေဘတ် ၁၂၀ ဘီလီယံ ရရှိနိုင်မည်ဖြစ်ကြောင်း ထိုင်းနိုင်ငံ လယ်ယာစိုက်ပျိုးရေးနှင့် သမဝါယမဝန်ကြီးဌာနမှ သိရသည်။ ယမန်နှစ်က တရုတ်နိုင်ငံသို့ ဒူးရင်းသီးတန်ချိန် ၈၇၅၀၉၇ တန် တင်ပို့နိုင်ခဲ့ပြီး ထိုင်းဘတ်ငွေ ၁၀၉ ဒသမ ၂ ဘီလီယံရရှိခဲ့ကြောင်း သိရသည်။

ထိုင်းဒူးရင်းသီးများသည် စျေးကွက်ဝေစု အများအပြားရရှိထားကာ တရုတ်နိုင်ငံတွင် စျေးကွက်ဝေစု ၄၀ ရာခိုင်နှုန်း ရရှိထားသည်။ ၎င်းနောက်တွင် ချီလီက စျေးကွက်ဝေစု ၁၅ ရာခိုင်နှုန်း၊ ဗီယက်နမ်က စျေးကွက်ဝေစု ၆ ရာခိုင်နှုန်း အသီးသီးရရှိထားသည်။

ယခုနှစ်တွင် တရုတ်နိုင်ငံသို့ ဒူးရင်းသီးတင်ပို့မှု ၉ ဒသမ ၈ ရာခိုင်နှုန်း ပိုမိုမြင့်တက်နိုင်မည်ဟု ခန့်မှန်းထားပြီး တန်ဖိုးအားဖြင့် ဘတ်ငွေ ၁၂၀ ဘီလီယံ ရရှိနိုင်မည်ဟု မျှော်မှန်းထားကြောင်း သိရသည်။ ထို့အတူ လောင်စာဆီစျေးနှုန်းများ မြင့်တက်မှု ထိန်းသိမ်းရန် ကွန်တိန်နာသင်္ဘောများ၊ မီးရထားဝန်ဆောင်မှုများတစ်ဆင့် ဒူးရင်းသီးများကို တိုးမြှင့်တင်ပို့သွားနိုင်ရေး ပုဂ္ဂလိကကဏ္ဍနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

# တရုတ်နိုင်ငံ၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုးမြင့်တက်

၂၀၂၂ ခုနှစ် ပထမလေးလပတ်ကာလအတွင်း တရုတ်နိုင်ငံ၏ ပြည်တွင်းအသားတင် ထုတ်လုပ်မှုတန်ဖိုး GDP မှာ ယွမ် ၂၇ ဒသမ ၀၂ ထရီလီယံ (အမေရိကန်ဒေါ်လာ ၄ ဒသမ ၂၄ ထရီလီယံ) ရရှိခဲ့သည့်အတွက် ပြီးခဲ့သည့်နှစ်ကာလတူကထက် ၄ ဒသမ ၈ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး ၂၀၂၁ ခုနှစ် စတုတ္ထသုံးလပတ်ကာလထက် လေးရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း သိရသည်။ အဆိုပါကာလအတွင်း တရုတ်နိုင်ငံ၏စက်မှုလုပ်ငန်းများမှ ထုတ်လုပ်ထွက်ရှိမှုသည် ပြီးခဲ့သည့်နှစ် ကာလတူကထက် ၆ ဒသမ ၅ ရာခိုင်နှုန်း၊ ပုံသေရင်းနှီးမြှုပ်နှံမှုပမာဏ သည် ၉ ဒသမ ၃ ရာခိုင်နှုန်း၊ လက်လီရောင်းချမှုပမာဏ ၃ ဒသမ ၃ ရာခိုင်နှုန်းအသီးသီး မြင့်တက်ခဲ့ကြောင်း၊ တရုတ်အမျိုးသား စာရင်းအင်းဗျူရိုမှ ထုတ်ပြန်ခဲ့သည့် အချက်အလက်များအရ သိရသည်။

တရုတ်နိုင်ငံ၏ စီးပွားရေးသည် ၂၀၂၁ ခုနှစ်တွင် ပြန်လည်ခိုင်မာအားကောင်းခဲ့သော်လည်း ၂၀၂၂ ခုနှစ် အစပိုင်းမှစတင်၍ နိုင်ငံတကာအသိုက်အဝန်းတွင် ဖြစ်ပေါ်လျက်ရှိသည့်အခြေအနေများ၊ ပြည်တွင်း၌ ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုများ ပြန်လည်ဖြစ်ပွားနေခြင်းနှင့် မမျှော်မှန်းနိုင်သည့် စိန်ခေါ်မှုများစွာနှင့် ရင်ဆိုင်နေရကြောင်း၊ တရုတ်နိုင်ငံ၏ စီးပွားရေးသည် ကျဆင်းနိုင်သည့် အလားအလာများဖြစ်ပေါ်လျက်ရှိပြီး စီးပွားရေးညွှန်းကိန်းများ တိုးတက်မှု နှေးကွေးလျက်ရှိကြောင်း၊ သို့ရာတွင် တရုတ်နိုင်ငံ စီးပွားရေးပြန်လည်နာလန်ထူလာနိုင်မှုသည် ပြောင်းလဲနိုင်ဖွယ်မရှိကြောင်း တရုတ်အမျိုးသားစာရင်းအင်းဗျူရို (National Bureau of Statistics–NBS) မှ ပြောရေးဆိုခွင့်ရှိသူက ပြောသည်။

# အရှေ့တီမောသို့တင်ပို့မည့် ဟင်းချက်ဆီများကို အင်ဒိုနီးရှားအာဏာပိုင်များ သိမ်းယူ

အင်ဒိုနီးရှားအစိုးရက စားအုန်းဆီကြမ်းနှင့် ယင်းထွက်ကုန်များတင်ပို့မှုကို တားမြစ်ပိတ်ပင်ရေး ကြိုးပမ်းနေချိန်တွင် အင်ဒိုနီးရှားသည် အရှေ့တီမောသို့ တင်ပို့မည့် အနည်းဆုံး စားသုံးဆီလီတာ ၈၁၀၀၀ ကို သိမ်းဆည်းခဲ့ကြောင်း သိရသည်။ ဧပြီလကုန်ပိုင်းက ဂျာဗားကျွန်း၊ ဆူရာဘာယာရှိ Tanjung Perak ဆိပ်ကမ်း၌ ပို့ကုန်ကြေညာလွှာတွင် ဟင်းချက်ဆီစာရင်းမပါဘဲ တင်ပို့မည့် ဟင်းချက်ဆီနှင့် အခြားပစ္စည်းများ တင်ဆောင်ထားသည့် သင်္ဘောကွန်တိန်နာ ရှစ်လုံးထက်မနည်းကို သိမ်းဆည်းရမိခဲ့ကြောင်း အင်ဒိုနီးရှားနိုင်ငံ ကုန်သွယ်ရေးဝန်ကြီးဌာနက မေ ၁၂ ရက် နှောင်းပိုင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ကမ္ဘာ့အကြီးဆုံး စားအုန်းဆီထုတ်လုပ်သည့် အင်ဒိုနီးရှားသည် ပြီးခဲ့သောလ နှောင်းပိုင်းတွင် စားအုန်းဆီကြမ်းနှင့် သန့်စင်ပြီး စားအုန်းဆီထုတ်ကုန်များ တင်ပို့မှုကို ရပ်တန့်လိုက်ခြင်းဖြင့် နိုင်ငံအတွင်းရှိ ဟင်းချက်ဆီစျေးနှုန်းများ မြင့်တက်လာမှုကို ထိန်းချုပ်ရန် ကြိုးစားခဲ့သည်။ နေကြာဆီထောက်ပံ့မှု အများအပြား ဖယ်ရှားခံလိုက်ရသည့် ယူကရိန်းစစ်ပွဲကြောင့် ရှန်းကန်နေရသော ကမ္ဘာ့ဟင်းသီးဟင်းရွက်ဆီစျေးကွက်များသည် တင်ပို့မှုပိတ်ပင်လိုက်ခြင်းကြောင့် လှုပ်ခတ်သွားခဲ့ရသည်။ စားအုန်းဆီသည် ကမ္ဘာ့ဟင်းသီးဟင်းရွက်ဆီစျေးကွက်၏ သုံးပုံတစ်ပုံကျော်ရှိပြီး အင်ဒိုနီးရှားနိုင်ငံသည် စားအုန်းဆီထောက်ပံ့မှု၏ ၆၀ ရာခိုင်နှုန်းခန့်ရှိသည်။

အင်ဒိုနီးရှား စီးပွားရေးဝန်ကြီး Airlangga Hartarto က နိုင်ငံတစ်ဝန်း စားသုံးဆီစျေးနှုန်းများ တစ်လီတာလျှင် အင်ဒိုနီးရှားရူပီး ၁၄၀၀၀ သို့ ကျဆင်းသွားသည်အထိ တင်ပို့မှုပိတ်ပင်ထားမည်ဟု ပြောကြားခဲ့သည်။ မေလ ၁၂ ရက် ကုန်သွယ်ရေးဝန်ကြီးဌာန၏ အချက်အလက်များအရ စားသုံးဆီတစ်လီတာလျှင် အင်ဒိုနီးရှားရူပီး ၁၆၆၀၀ ဖြင့် ရောင်းချနေကြောင်း သိရသည်။



သတင်းရင်းမြစ်များ- မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ စီးပွားရေး သံမှူးများ၏ ပေးပို့မှု အချက်အလက်များ။
ခင်ရတနာ စုစည်းဖော်ပြသည်။

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၁၉**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်း ထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့ (၇)ရပ်ကွက်နေ ဖူးသင်းနိုင်(ခ)ဖူးဖူး (၁၇)နှစ်၊ အေးရိပ်ငြိမ်ရပ်ကွက်နေ စည်သူအောင်(စိစစ်ဆဲ)နှင့် ရွှေပြည်သာရပ်ကွက်နေ ပိုင်ဇင်ထွေး(ခ)ဂျိုကာ(၂၀)နှစ်တို့ သုံးဦးသည် ၎င်းတို့အသုံးပြုသည့် “Phoo Phoo” Facebook အကောင့်၊ “Si Thu Aung” Facebook အကောင့်နှင့် “Joker” Facebook အကောင့်၊ ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် ပေါင်းတလည်မြို့ အရှေ့ပိုင်းရပ်ကွက်နေ လပြည့်(ခ)စိုးမြင့်အောင်သည် ၎င်းအသုံးပြုသည့် “La Pyai” Facebook အကောင့်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့နယ် အေးသာယာမြို့ (၂)ရပ်ကွက်နေ ကျော်နိုင်(ခ)နီမောလ် (၂၉)နှစ်သည် ၎င်းအသုံးပြုသည့် “Kyaw Naing” Facebook အကောင့်နှင့် ညောင်ရွှေမြို့နယ်၊ ဟဲယာရွာမကျေးရွာနေ လှိုင်ဘုန်းကျော်(ခ)အယ်မျိုးသည် ၎င်းအသုံးပြုသည့် “L Myo” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့မှ ကြေညာထားသည့် အကြမ်းဖက်အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ထောက်ပံ့နေသူများနှင့် အကြမ်းဖက်လုပ်ရပ်များ ကျူးလွန်သူများကို ပြစ်ဒဏ်အသီးသီးချမှတ်

**နေပြည်တော် မေ ၁၉**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ် အမှတ်(၅)ရပ်ကွက်နေ ရဲမင်းနိုင်(ခ)ရဲရင့် (ဘ) ဦးဌေးလွင်၊ စိုးမိုး၊ သန့်ဇင်၊ ဒေဝ၊ ဆံရှည်၊ အသေးလေးနှင့် မအေးအေးမင်း (ခ) ဘိုမလေးတို့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဗဟိုအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၂၁)ဖြင့် အကြမ်းဖက်အုပ်စုများအဖြစ် သတ်မှတ်ကြေညာထားသည့် အဖွဲ့အစည်းများနှင့် ဆက်သွယ်ခြင်း၊ ၂၀၂၂ ခုနှစ် မတ် ၆ ရက်တွင် အဆိုပါရပ်ကွက်ရှိ ရာအိမ်မှူးတစ်ဦးကို ဒလန်ဟု စွပ်စွဲသတ်ဖြတ်ရာတွင် ပါဝင်ခြင်းတို့ကြောင့် စစ်အုပ်ချုပ်ရေး (Martial Law) စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေပုဒ်မ- ၅၄ အရ ၂၀၂၂ ခုနှစ် မေ ၁၈ ရက်တွင် ၎င်းတို့ ခုနစ်ဦးကို “သေဒဏ်” အမိန့်ချမှတ်လိုက်ကြောင်း သိရသည်။



အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၄ အမှုမှ တရားခံ ရဲမင်းနိုင်(ခ)ရဲရင့်၏ မှတ်တမ်းဓာတ်ပုံ။



အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၀(ည) အမှုမှ တရားခံ ထက်မြတ်နိုင်၏ မှတ်တမ်းဓာတ်ပုံ။

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် အမှတ် (၂၉) ရပ်ကွက်နေ ထက်မြတ်နိုင်(ဘ)ဦးကိုကိုအောင်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၂၁) ဖြင့် အကြမ်းဖက်အုပ်စုများအဖြစ် သတ်မှတ် ကြေညာထားသည့် အဖွဲ့အစည်းများနှင့် ဆက်သွယ်ခြင်း၊ ငွေကြေးကောက်ခံထောက်ပံ့ခြင်းတို့ကြောင့် စစ်အုပ်ချုပ်ရေး(Martial Law) စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၀(ည) အရ ၂၀၂၂ ခုနှစ် မေ ၁၈ ရက်တွင် “ထောင်ဒဏ်တစ်သက်” ပြစ်ဒဏ် အမိန့်ချမှတ်လိုက်ကြောင်း သိရသည်။

အဆိုပါ ပြစ်ဒဏ်ချမှတ်ခံရသူများအနက်မှ ထွက်ပြေးလွတ်မြောက်နေသူများအား ၎င်းနှင့်စပ်လျဉ်း၍ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ-၈၇၊ ၈၈အရ ဖမ်းဝရမ်းထုတ်ဆင့်ရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

စစ်အုပ်ချုပ်ရေးအမိန့် ထုတ်ပြန်ကြေညာထားသည့် မြို့နယ်များအတွင်း စစ်ခုံရုံးဖြင့် စစ်ဆေးမည့်ပြစ်မှုဆိုင်ရာ ၂၃ မျိုးကိုလည်း ပူးတွဲထုတ်ပြန်ထားကြောင်း နှင့် အဆိုပါပြစ်မှုများကို ဖောက်ဖျက်ကျူးလွန်ပါက စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများ ဆောင်ရွက်ကာ ထိထိရောက်ရောက် မြန်မြန်ဆန်ဆန် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်သမားများက သံဃာတော် တစ်ပါးအား သေနတ်ဖြင့်ပစ်ခတ်

**နေပြည်တော် မေ ၁၉**

နိုင်ငံရေးအစွန်းရောက် အကြမ်းဖက်သမားများအနေဖြင့် နိုင်ငံတော်အတွင်း တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်နှင့် ပြည်သူလူထုအကြား စိုးရိမ်ထိတ်လန့်မှုဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ ဌာနဆိုင်ရာအဆောက်အအုံများ၊ လမ်းတံတားများနှင့် စာသင်ကျောင်းများကို အကြမ်းဖက်ဖောက်ခွဲမှုများ ပြုလုပ်ခြင်း၊ ပစ်ခတ်တိုက်ခိုက်မှုများပြုလုပ်ခြင်းနှင့် နိုင်ငံ့ဝန်ထမ်းများ၊ ပြည်သူများကို ရက်စက်စွာ လုပ်ကြံသတ်ဖြတ်ခြင်းများ ပြုလုပ်လျက်ရှိသည့်အပြင် ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးများ၏ အထွတ်အမြတ်ထားရာ သာသနာပိုင် အဆောက်အအုံများ၊ ဘုန်းတော်ကြီးကျောင်းများကိုပါ အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်ခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်းနှင့် ရဟန်းသံဃာတော်များကို ဖမ်းဆီးခေါ်ဆောင်သတ်ဖြတ်ခြင်းများအား စိတ်နှလုံးညှိုးနွမ်းဖွယ် ရက်စက်စွာ ပြုလုပ်နေကြသည်ကို တွေ့ရှိရသည်။

ထိုသို့ ပြုလုပ်လျက်ရှိရာတွင် မေ ၁၈ ရက် ညနေ ၅ နာရီခွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်၊ ဆားတောင်မြို့ ရွာစိုက်ရပ်ကွက်ရှိ မစိုးရိမ်ကျောင်းတိုက်၌ သံဃာတော် တစ်ပါးအား သေနတ်ဖြင့် ပစ်ခတ်ခံရကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါကျောင်းတိုက်သို့ PDF အကြမ်းဖက်အဖွဲ့ဝင် အမျိုးသားနှစ်ဦးက ဆိုင်ကယ်တစ်စီးဖြင့် ရောက်ရှိလာပြီး ကျောင်းတိုက်တွင် သီတင်းသုံးနေထိုင်သည့် ရှင်တေဇနိယ(ခ)ကိုရင်ကြီး(ခ)ဦးတင်ဝင်း(၅၃)နှစ် (ဘ)ဦးဘလှော်အား သေနတ်ဖြင့် ပစ်ခတ်ထွက်ပြေးသွားခဲ့သဖြင့် ရှင်တေဇနိယ(ခ)ကိုရင်ကြီးတွင် သေနတ်ထိမှန် ဒဏ်ရာများရရှိခဲ့သဖြင့် ဆေးဝါးကုသနိုင်ရေး စစ်ကိုင်းမြို့နယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ထားရှိကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်များမှ သံဃာတော်အား သေနတ်ဖြင့်ပစ်ခတ်ခဲ့သူ အကြမ်းဖက်သမားများကို ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေခံ တပ်မတော်စစ်ကြောင်းများနှင့် ပူးပေါင်း၍ လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



ရှင်တေဇနိယ(ခ)ကိုရင်ကြီး
(လူအမည်-ဦးတင်ဝင်း)

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၀-၅-၂၀၂၂ သောကြာနေ့

### MRTV HD

၀၆:၀၀ မေတ္တာသုတ်၊ ရတနသုတ်၊ မောရွှံသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၃၅ ဒီမိုကရေစီဆိုသည်မှာ
၀၉:၁၀ မျက်မှောက်ရေးရာအဖြာဖြာ
၀၉:၃၅ Soccer View
၀၉:၅၀ "SEA Games Vietnam" (Highlights)
၁၀:၀၀ သတင်းထဲကသတင်း
၁၀:၃၀ လူမှုစီးပွားမြင်ကွင်းများ
၁၂:၃၀ ကလောင်စွမ်းဖြင့်ဉာဏ်အလင်းတံခါးဖွင့်ပေးကြသူများ
၁၃:၃၀ MRTV National News
၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'အငေးဆုံးသောနေရာ' (အပိုင်း-၃၉)
၁၆:၃၅ လူငယ်မျိုးဆက်သစ်အစီအစဉ်
၁၇:၂၅ ဗိုခင်မှတ်ကောင်မှသည်.......တနင်္ကမာ လက်မှုပညာဆီ
၁၇:၃၅ Weekly Sports Info
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၃၀ "SEA Games Vietnam" (Highlights)
၁၈:၄၀ သုတဝေဖြာ သိရိဂေဟာ
၁၉:၂၅ ရုပ်မြင်သံကြားဇာတ်လမ်း 'ဖြူးထိသွားသောမုဆိုး'
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၁:၀၀ "မနဲ့ ငေါင်" တေးဂီတဖျော်ဖြေပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်
၂၂:၀၀ ရုပ်မြင်သံကြားဇာတ်လမ်း 'ထမင်းဝိုင်း'

### mitv

07:01 Evergreen Classic: Ma Lay Lat Khat Than (Mya Thinn Chal)
07:08 Ocularist
07:29 Great Shwedagon - The Architectural Heritage
07:55 Mandalay, The Golden City
08:01 Myanmar Puppeteers (Tha Nge Taw Dance)hina
08:11 Travelogue: Trekking Around Kalaw Township
08:27 Myanma Pottery
08:51 Kindhearted Pet Lovers
09:01 News
09:27 Global Partnership for Brighter Future: Armenia Pavilion at Expo 2020 Dubai
09:35 Tray Art Products
09:45 Chinlone and the dreams of the player
10:01 Kyeik Paw Law Pagoda

### MRTV NRC

**အနောက်ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
တိုင်းရောရဲ့ထင်ရှားကျော်ကြားဒေသများ

**အရှေ့ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
အိမ်နောက်ဖေးတွင်ဈေးဆိုင်တည်ခြင်း

**ချင်း (လိုင်ဇိုး) (၀၈:၀၀ မှ ၀၉:၀၀)**
တီဘီရောဂါအကြောင်းသိကောင်းစရာ

**ချင်း (ခိုး) (၀၉:၀၀ မှ ၁၀:၀၀)**
စွန်တောင်ရှာမှုလက်မှုပညာ

**မွန် (၁၀:၀၀ မှ ၁၂:၀၀)**
ဆွေညီနောင်များဘာသာစကားဖြင့်ချစ်ကြည်စေမည် (အပိုင်း-၂)

**ရခိုင် (၁၂:၀၀ မှ ၁၄:၀၀)**
ရွှေတံခါးမြို့သို့အလည်တစ်ခေါက်

**ရှမ်း (၁၄:၀၀ မှ ၁၆:၀၀)**
ထင်းရှူးတန်းကရှိုက်ခံ့ပန်း (အပိုင်း-၂)(ဇာတ်လမ်း)

**ဝ (၁၆:၀၀ မှ ၁၈:၀၀)**
ဝက်နံ့ရိုးချဉ်စပ်ဟင်းရည်

**ကချင် (၁၈:၀၀ မှ ၂၀:၀၀)**
ကချင်ပြည်နယ်ခရီးသွားမှတ်တမ်း

**ကယား (၂၀:၀၀ မှ ၂၂:၀၀)**
စိတ်ဝင်တစားရှိဖွယ်ရာဓလေ့ထူးခြားချက်များ (ကယားတိုင်းရင်းသားတို့ရဲ့ကယားလိုင်ုးအိုးခေါ်တေး)

**ဝကောကရင် (၂၂:၀၀ မှ ၂၃:၀၀)**
ငုံးမွေးမြူရေး

### MRTV NEWS

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၄၀ အားကစားသတင်း
၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၃:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၄:၀၀ MRTV National News
၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
၁၇:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၈:၁၅ 31st SEA GAMES HIGHLIGHT
၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

### MRTV PARLIAMENT

၀၉:၀၀ အဖွင့်၊ အလံ
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ကျောင်းမှန်မှန်တက်စာမပက်'
၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၁)
၁၁:၀၀ ရွေးချယ်တင်မြှောက်ပုံစနစ် (အပိုင်း-၁)
၁၁:၃၀ အတွေးအမြင် (အပိုင်း-၁)

### MRTV FARMERS'

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
၀၆:၃၀ အကျိုးရှိစွာအသုံးချပါကိုင်းကူးကိုင်းဆက်နည်းပညာ (ရှောက်၊ သရက်)
၀၆:၄၀ ပိုးသတ်ဆေးများစနစ်တကျကိုင်တွယ်သုံးစွဲနည်း
၀၈:၀၀ ကျေးလက်ကွန်ရက်
၀၈:၂၀ ပန်းမြတ်သပြေ
၀၉:၅၅ တောင်သူပြဿနာအဖြေရှာစိုက်ပျိုးပညာကြိုးပမ်းမှာ

### MRTV SPORTS

၀၆:၀၀ အဖွင့်
၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
၀၇:၀၀ Sports News
၀၇:၃၀ Soccer View/ Weekly Sports Info
၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ကို စနေ၊ တနင်္ဂနွေ မှအပ နံနက် (၁၀:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။
SCAN ME
www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှအဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် မေ ၁၉**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းမှ ကုမ္ပဏီတစ်ခု၊ PPE ဝတ်စုံ ၉၅၀၀၀ တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့်ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။ **သတင်းစဉ်**

# ၂၀၂၂-၂၀၂၃ ပညာသင်နှစ်၊ ကျောင်းအပ်နှံရေး မြေစိုက်ပိုစတာအား ဇေယျာသီရိမြို့နယ် ပညာရေးမှူးရုံးတွင် စိုက်ထူ

**ဇေယျာသီရိ မေ ၁၉**

ဇေယျာသီရိမြို့နယ် ပညာရေးမှူးရုံးမှ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ကျောင်းအပ်နှံရေး မြေစိုက်ပိုစတာ စိုက်ထူပွဲကို ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ် ပညာရေးမှူးရုံးရှေ့ ရန်ကုန်-မန္တလေး လမ်းဟောင်းဘေး၌ ယနေ့နံနက်ပိုင်းက စိုက်ထူခဲ့ကြောင်းသိရသည်။

အဆိုပါ မြေစိုက်ပိုစတာတွင် ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် မြန်မာတစ်နိုင်ငံလုံးရှိ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံရေး သီတင်းပတ်ကို မေ ၂၆ ရက်မှ ဇွန် ၁ ရက်အထိ သတ်မှတ်ထားကြောင်း ပါရှိပြီး အခမ်းအနားတွင် ဇေယျာသီရိမြို့နယ် ပညာရေးမှူးရုံးမှ ဒုတိယမြို့နယ်ပညာရေးမှူး ဦးမင်းသူနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက မြေစိုက်ပိုစတာအား စိုက်ထူခဲ့ပြီး ပိုစတာအား အမွှေးနံ့သာများဖြင့် ပက်ဖျန်းပေးခဲ့သည်။(ယာပုံ)

ကျောင်းအပ်နှံရေး ကာလအတွင်း အတန်းအားလုံးကျောင်းအပ်နှံကြရန်နှင့် ကျောင်းအပ်နှံရာတွင် မည်သည့်အခကြေးငွေမျှ ကောက်ခံမှုမရှိကြောင်း၊ ကျောင်းအပ်နှံသည့် ကျောင်းသားအားလုံးကို ပြဋ္ဌာန်းစာအုပ်များ၊ ဗလာစာအုပ်များနှင့် စာရေးကိရိယာများကို အခမဲ့ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ဇေယျာသီရိမြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၉ - ၅ - ၂၀၂၂

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၂၀၃၄၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၄၂၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၂၀၃၄၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၄၂၀၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၁၉၅/၂၂၂၀ ကျပ် | ၂၂၄၀/၂၂၉၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၂၇၀/၂၂၂၅ ကျပ် | ၂၂၇၀/၂၅၀၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၁၇၅/၂၁၈၀ ကျပ် | ၂၂၂၀/၂၃၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၂၃၀/၂၂၃၅ ကျပ် | ၂၂၇၅/၂၃၈၅ ကျပ် |

(SBP စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၈၅၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၉၄၁ . ၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၃၂ . ၇ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၃ . ၄၉၁ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၄၄၆ . ၆ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၁၉ . ၉၃ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၇၃ . ၄၅ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၈၀၅ |

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇၆၀၀ | ၇၆၀၀ | ၂၅၄ | ၁၉၃၀၇၂၀၀ |
| MTSH | ၂၆၅၀ | ၂၆၅၀ | ၉၆၉ | ၂၅၅၀၅၀၀ |
| MCB | ၇၈၀၀ | ၇၈၀၀ | ၁၃ | ၁၀၁၄၀၀ |
| FPB | ၁၇၅၀၀ | ၁၇၅၀၀ | ၅၉၁ | ၁၀၃၄၂၅၀၀ |
| TMH | ၂၅၅၀ | ၂၅၅၀ | ၄၀၀ | ၁၀၂၀၀၀၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများအား ပြန်လည်ဖိတ်ခေါ်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဦးတည်ချက် ၉ ရပ် ချမှတ်ဆောင်ရွက်လျက်ရှိရာ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးဆိုသည့် လူမှုရေးဦးတည်ချက်တစ်ရပ်ကို လည်း ထည့်သွင်းချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန် မျိုးဆက်သစ်လူငယ်များ၏ ပညာရည်မြင့်မားရေးအတွက် ပညာသင် အခွင့်အလမ်း ပုံမှန်ပြန်လည်ရရှိစေရေးကို အထူးအလေးထား ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

မျိုးဆက်သစ်လူငယ်များ၏ ပညာရေးကို ရှေးရှု၍ နိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများကို ၁-၁၁-၂၀၂၁ ရက်နေ့တွင်လည်းကောင်း၊ အဆင့်မြင့်ပညာတက္ကသိုလ်/ ကောလိပ်များကို ၁၂-၅-၂၀၂၂ ရက်နေ့ တွင်လည်းကောင်း ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ပါသည်။ ဆက်လက်၍ ၂၀၂၂-၂၀၂၃ ခုနှစ် ပညာသင်နှစ်အတွက် အခြေခံပညာသင်ကျောင်းများကို ၂-၆-၂၀၂၂ ရက်နေ့တွင် ပြန်လည်ဖွင့်လှစ်သွားမည်ဖြစ်ပါသည်။

အနာဂတ်၏ ခေါင်းဆောင်များ ဖြစ်လာကြမည့် မျိုးဆက်သစ်လူငယ်များ၏ ပညာရည်မြင့်မားရေးကို ဆောင်ရွက်ရာတွင် အခြေခံပညာရေးသည် များစွာအရေးကြီးပါသည်။ အခြေခံပညာ သင်ကြားကြမည့် ကျောင်းသားလူငယ်များ ပညာရည်နို့ကို အပြည့်အဝ သောက်စို့နိုင်ရန်နှင့် အရည်အသွေးပြည့်ဝပြီး ဆရာ၊ တပည့် အချိုး မျှတသည့် သင်ကြားမှုစနစ်ဖြစ်စေရန်အတွက် အတွေ့အကြုံရှိ ဆရာ/ ဆရာမများ လိုအပ်ပါသည်။ ခြိမ်းခြောက်အကျပ်ကိုင်ခံရမှုကြောင့် လည်းကောင်း၊ ငြိမ်းချမ်းစွာ ဆန္ဒပြမှုများတွင် ပါဝင်ခဲ့မိသောကြောင့် လည်းကောင်း စိုးရိမ်ကြောင့်ကြမှုများကြောင့် တာဝန်မှ ကင်းကွာခဲ့ကြသော ပညာရေးဝန်ထမ်း ဆရာ/ ဆရာမများ၊ ဝန်ထမ်းစည်းကမ်းဖြင့် အရေးယူခံထားရသည့် ဆရာ/ ဆရာမများအနေဖြင့် နိုင်ငံသား မျိုးဆက်သစ်လူငယ်များအတွက် စေတနာ၊ ဝါသနာ၊ အနစ်နာ ဟူသော နာသုံးနာကို ရှေးရှု၍ သင်ကြားရေးတာဝန်များကို ပြန်လည် ထမ်းဆောင်နိုင်ရန်အတွက် မိမိတို့၏ သဘောဆန္ဒအလျောက် မိမိတို့ နောက်ဆုံးတာဝန်ထမ်းဆောင်ခဲ့ရာ ကျောင်းတည်ရှိသည့် မြို့နယ် ပညာရေးမှူးရုံးသို့ဖြစ်စေ၊ မိမိတို့လက်ရှိနေထိုင်ရာဒေသရှိ နီးစပ်ရာ မြို့နယ်ပညာရေးမှူးရုံးသို့ဖြစ်စေ သတ်မှတ်ပုံစံများ ဖြည့်စွက်ရန်နှင့် အယူခံလွှာတင်သွင်းရန်တို့အတွက် ၃၁ - ၅ - ၂၀၂၂ ရက်နေ့မတိုင်မီ သတင်းပို့ကြရန် ဖြစ်ပါသည်။

တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများအနက် တာဝန်ထမ်းဆောင်ရန် အကြောင်းအမျိုးမျိုးကြောင့် ခွင့်မဲ့ပျက်ကွက်နေသောဝန်ထမ်းများ၊ ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးဆဲ ဝန်ထမ်းများနှင့် အယူခံတင်သွင်းသည့် ဝန်ထမ်းများအား တာဝန်ပျက်ကွက်ခဲ့သည့်ကာလများကို လစာမဲ့ခွင့်အဖြစ် သတ်မှတ်၍ ကြီးလေးသော ရာဇဝတ်မှုကျူးလွန်ထားသူများမှအပ တာဝန်ပြန်လည်ထမ်းဆောင်နိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

# (၁၉) ကြိမ်မြောက် အာဆီယံပြန်ကြားရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးတွင် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ဆွေးနွေး

နေပြည်တော် မေ ၁၉

**(၁၉)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး (19th ASEAN Senior Officials Responsible for Information and its related Meetings-19th SOMRI) ကို ယနေ့ နံနက်ပိုင်းက အလှည့်ကျဥက္ကဋ္ဌဖြစ်သည့် ထိုင်းနိုင်ငံမှ ဗီဒီယိုကွန်ဖရင့် စနစ်ဖြင့်ကျင်းပရာ ပြန်ကြားရေးဝန်ကြီး ဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ဆွေးနွေးသည်။** (ယာပုံ)






အဆိုပါ SOMRI အစည်းအဝေးများကို အာဆီယံဒေသတွင်း သတင်း ပြန်ကြားရေးဆိုင်ရာ လုပ်ငန်းများမှတစ်ဆင့် အဖွဲ့ဝင်နိုင်ငံများအကြား အပြန်အလှန်နားလည်မှုနှင့် ယုံကြည်မှုတိုးပွားခိုင်မာလာစေရေး လုပ်ငန်းများကို အဓိကထား ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ နှစ်စဉ်ကျင်းပခြင်းဖြစ်ပြီး ယင်းအစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင် နိုင်ငံများမှ ပြန်ကြားရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ အာဆီယံ အတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ကျင်းပပြီးစီးခဲ့သည့် အာဆီယံပြန်ကြားရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး၏ လုပ်ငန်းအဖွဲ့ (၃)ခုဖြစ်သည့် ပြန်ကြားရေး၊ မီဒီယာနှင့် လေ့ကျင့်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့ (SOMRI Working Group on Information, Media and Training, WG-IMT) ၊ အစီအစဉ် ထုတ်လုပ်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့ (SOMRI Working Group on Content and Produ-ction, WG-CP) နှင့် အာဆီယံ ဒစ်ဂျစ်တယ် ရုပ်သံထုတ်လွှင့်မှုဆိုင်ရာလုပ်ငန်းအဖွဲ့ (SOMRI Working Group on ASEAN Digital Broadcasting, WG-ADB) တို့၏ အစည်းအဝေး အစီရင်ခံစာများအား လက်ရှိလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ တာဝန်ယူထားသည့် နိုင်ငံများမှ ကိုယ်စားလှယ်များက ရှင်းလင်းတင်ပြကြပြီး ဆက်လက်၍ အာဆီယံ သတင်းအချက်အလက်နှင့် မီဒီယာကဏ္ဍဆိုင်ရာ မဟာဗျူဟာစီမံချက် ၂၀၁၆-၂၀၂၅ (ASEAN Strategic Plan for Information and Media 2016-2025) ဆိုင်ရာ နောက်ဆုံးဖြစ်ပေါ်တိုးတက်မှု အခြေအနေများနှင့် အာဆီယံပေါင်းစည်း ဆက်သွယ်ရေး မဟာဗျူဟာ စီမံချက် အမှတ်(၂) (ASEAN Communi-cation Master Plan-II) နှင့်အညီ နိုင်ငံအလိုက် ဆောင်ရွက်လျက်ရှိသည့် အစီအစဉ်များအပါအဝင် အာဆီယံပြန်ကြားရေး ကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အခြေအနေများကို ဆွေးနွေးကြသည်။

အာဆီယံ ပြန်ကြားရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးတွင် အာဆီယံ ပြန်ကြားရေးဆိုင်ရာ စီမံကိန်းများ၊ ဆက်စပ်သည့် အာဆီယံအစည်းအဝေးများမှ ဆုံးဖြတ်ချက်များနှင့် လက်ရှိ လုပ်ငန်းစဉ်များအပေါ် သုံးသပ်ဆွေးနွေးခြင်း၊ ရှေ့လုပ်ငန်းစဉ်များအတွက် ပူးပေါင်းဆောင်ရွက်နိုင်မည့် စီမံကိန်းများ လျာထားခြင်း၊ အာဆီယံပြန်ကြားရေး ဝန်ကြီးများ အစည်းအဝေးတွင် အတည်ပြုမည့် အစီရင်ခံစာများ၊ လုပ်ငန်းစဉ်များအပေါ် ပြန်လည်သုံးသပ်ပြီး အကြံဉာဏ်များ ထပ်ဆောင်းထည့်သွင်းခြင်း၊ အတည်ပြုခြင်းများ ဆောင်ရွက်လေ့ရှိရာ ၂၀၂၃ ခုနှစ်တွင် ကျင်းပမည့် (၂၀) ကြိမ်မြောက် အာဆီယံ ပြန်ကြားရေးဆိုင်ရာ အဆင့်မြင့် အရာရှိကြီးများ အစည်းအဝေးကို ဗီယက်နမ်နိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# စာပေဗိမာန်စာမူဆုရ စာအုပ်များဖြန့်ချိရောင်းချ

**နေပြည်တော် မေ ၁၉**

ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ စာပေဗိမာန်က စာပေဗိမာန်စာမူဆု၊ လူငယ်စာပေ တတိယဆုရရှိသည့် စာရေးသူ ကိုရွှေရင်အေး၏ "ရွာကြီးတစ်ရွာသို့ အလည်တစ်ခေါက်" စာအုပ်ကို တန်ဖိုးငွေကျပ် ၂၀၀၀ ဖြင့် ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် ပေးစာပုံစံ ဆောင်းပါးအပုဒ် ၂၀ ပါဝင်သည်။ မြန်မာ့တိုင်းရင်းသားနှင့် ကျေးလက်ဒေသတို့၏ ပထဝီဝင်၊ ထုံးတမ်းဓလေ့၊ ယဉ်ကျေးမှု၊ ကိုယ်ပိုင်စရိုက်လက္ခဏာ စသည့်ကွဲပြားခြားနားမှု အမျိုးမျိုးအပေါ် အတွေးအမြင် ဆင်ခြင်နှိုင်းဆတင်ပြထားသော စေတနာအရင်းခံ ပြုပြင်ရေးပုံစံဖြင့် ရေးသားထားသည်။ လိုအပ်ရာနေရာများ၌ ကဗျာ၊ သီချင်း၊ နိုင်ငံရပ်ခြား ဗဟုသုတဖြစ်ရပ်များနှင့် သိပ္ပံမကျန်၊ နည်းနာအခြေခံများကိုပါ ကိုးကားရေးသားထား၍ လူငယ်များအတွက် သင့်လျော်ရုံမျှမက အကျိုးကျေးဇူးရရှိမည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

ထို့အတူ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ စာပေဗိမာန်က စာပေဗိမာန် စာမူဆု၊ ပြဇာတ်စာပေ ဒုတိယဆုရရှိသည့် စာရေးသူ မောင်မြေနီ(တမာတော) ၏ "တစ်နေ့နေ့ထဲက တစ်နေ့" စာအုပ်ကို တန်ဖိုးငွေကျပ် ၂၅၀၀ ဖြင့် ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် မိုးခေါင်သော ကျေးလက်ဒေသ ရွာတစ်ရွာတွင် လယ်ယာသီးနှံစိုက်ပျိုးရေးကို ခေတ်မီနည်းပညာများ အသုံးပြုလျက် သီးနှံအထွက်တိုးစေရန် ဇာတ်အိမ်ပြု၍ ရေးသားထားသည်။ မိမိရပ်ရွာ ဖွံ့ဖြိုးတိုးတက်စေရန် တောင်သူလယ်သမားသင်တန်းကျောင်း၏ လမ်းညွှန်မှုဖြင့် ခေတ်မီစိုက်ပျိုးရေးလုပ်ငန်းကို ဦးဆောင်သည့် ဘွဲ့ရလူငယ်တစ်ဦးနှင့် ကျေးလက်ရှိ တောင်သူများ၏ ရိုးသားမှုကို အခွင့်ကောင်းယူကာ ငွေကြေးဖြင့် ဖြားယောင်းအမြတ်ထုတ်သည့် မြို့ပေါ်မှ စီးပွားရေးသမားတစ်ဦး၏ စိတ်နေသဘာဝများ၊ မေတ္တာရေးပဋိပက္ခများ၊ မိမိဇာတိရပ်ရွာ၏ ယာသီးနှံစိုက်ပျိုးရေးသာမက စာကြည့်တိုက်များ တည်ထောင်ကာ ရပ်ရွာလူ့စွမ်းအားဖွံ့ဖြိုးမှုကိုပါ တိုးတက်အောင် ကြိုးစားကြသူများ၊ ခေတ်မီနည်းပညာ အသုံးပြုခြင်း၏ ကျေးဇူးများကို ရသတွင် သုတရောလျက် စိတ်ဝင်စားဖွယ်ရေးသားထားပါသည်။ ကျေးလက်အငွေ့အသက်နှင့် ပြဇာတ်တွင် ပါဝင်သူတို့၏ စရိုက်များကိုပေါ်လွင်သွက်လက်စွာ ရေးဖွဲ့ထားပြီး ဦးတည်ချက်ကောင်းမွန်သည့် ကျေးလက်သဘာဝ သရုပ်ဖော် ပြဇာတ်ရှည်ဖြစ်သည်။

အဆိုပါစာအုပ်များကို အမှတ် ၅၂၉ - ၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၁- ၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈)၊ အမှတ် (တ- ၅၅)၊ သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၆၇-၃၄၁၄၆၈၁)၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်း ကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၂-၄၀၃၀၁၈၆) နှင့် အမြို့မြို့ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်၊ အရောင်းဌာန (ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈) သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မိုးရာသီကာလရောက်လာ၍ တနင်္သာရီတိုင်းဒေသကြီး မြိတ်ကျွန်းစုခရီးသွားလုပ်ငန်းများ ရပ်နားထား



**မြိတ် မေ ၁၉**

တနင်္သာရီတိုင်းဒေသကြီးသည် မိုးများသောတိုင်းဒေသကြီးတစ်ခုဖြစ်သောကြောင့် မိုးရာသီသို့ စတင်ဝင်ရောက်လာသည့် ယခုကာလအတွင်း ပင်လယ်ပြင်၌ လှိုင်းလေပြင်းထန်ခြင်းများရှိလာသည့်အတွက် မြိတ်ကျွန်းစုခရီးသွားလုပ်ငန်းများကို ရပ်နားထားပြီဖြစ်ကြောင်း ခရီးသွားလုပ်ငန်းရှင်များထံမှ သိရသည်။

မိုးရာသီကာလ စတင်ဝင်ရောက်လာပြီဖြစ်သည့်အတွက် ပင်လယ်ပြင်အတွင်း လှိုင်းလေပြင်းထန်မှုများရှိလာသဖြင့် မြိတ်ကျွန်းစုအတွင်း အပန်းဖြေခရီးစဉ်များပို့ဆောင်ပေးနေသော လုပ်ငန်းများအနေဖြင့် ခရီးသည်များ ဘေးကင်းလုံခြုံရေးအတွက် မေ ၁၅ ရက်မှစတင်ပြီး လုပ်ငန်းများရပ်နားခဲ့ခြင်းဖြစ်သည်။

"မြိတ်ကျွန်းစုခရီးစဉ်မှာ ခရီးသည်တွေအတွက် ပင်လယ်စာအစားအစာ ကောင်းကောင်းကျွေးပြီး ဆွဲဆောင်ပေးနိုင်တဲ့လုပ်ငန်းက နည်းနေပါတယ်။ ကုမ္ပဏီတချို့ကတော့ Speed Boat ငှားရမ်းတာမျိုးတွေလောက်ပဲ လုပ်ကြတော့တယ်။ ကော့သောင်းဘက်မှာက ကျွန်းတွေကို ကိုယ်ပိုင်လျှောက်ထားပြီး Activity ကောင်းကောင်းလေးတွေ လုပ်ပေးထားနိုင်တယ်။ ဒီဘက်မှာတော့ ကျွန်းတွေမှာ ကိုယ်ပိုင်ချထားပေးတာမျိုး မရှိတဲ့အတွက် ခရီးသွားလုပ်ငန်းတွေက အတော်လေးကို ဆွဲဆောင်မှုတွေဖန်တီးပေးနေရပါတယ်။ အစိုးရအနေနဲ့လည်း ကျွန်းတွေကို တကယ်လုပ်နိုင်တဲ့သူတွေကို ချထားပေးစေချင်ပါတယ်။ ဒီအတိုင်းဘယ်သူ့ကိုမှ လုပ်ပိုင်ခွင့်မပေးဘဲ လွှတ်ထားရင် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းရလည်း ခက်ခဲသလို ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုအတွက်လည်း နှောင့်နှေးကြန့်ကြာစေနိုင်ပါတယ်" ဟု မြိတ်ခရိုင် ခရီးသွားလုပ်ငန်းရှင်များ အသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ပြည်တွင်း/ ပြည်ပခရီးသွားဧည့်သည်များအား မြိတ်ကျွန်းစုဒေသအတွင်း ခရီးစဉ်များပို့ဆောင်ပေးရာတွင် ဒုံးညောင်မှိုင်းကျွန်း၊ ဒုံးရေတံခွန်၊ ကြယ်လိပ်ကျွန်း၊ ဘောလီကျွန်း၊ စမတ်ကျွန်းများမှာ လူသိများထင်ရှားပြီး လာရောက်လည်ပတ်သူ များပြားသည့်အပြင် နှစ်ဖက်လှကျွန်းနှင့် ပဒန်းကျွန်းတို့မှာလည်း ခရီးသွားဧည့်သည်များအတွက် လည်ပတ်ရန်ကောင်းမွန်သည့်ကျွန်းများ ဖြစ်လာနိုင်ကြောင်း သိရသည်။

ကော့သောင်းဒေသရှိ ကျွန်းများသည်လည်း လှပလွန်းသည့်အတွက် ပြည်တွင်း/ ပြည်ပခရီးသွားဧည့်သည်များအကြားတွင် ရေပန်းစားကာ လာရောက်လည်ပတ်သူပိုမိုများပြားလာနေသည့် ကျွန်းများမှာ ညောင်ဦးဖီး၊ ခရင်းခွ၊ ၁၁၅ နှင့် အသည်းပုံကျွန်းများ ဖြစ်ကြောင်း သိရသည်။

ယခင်က မြိတ်ကျွန်းစုဒေသအတွင်း ပြည်တွင်း/ ပြည်ပခရီးသွားဧည့်သည်များ ပို့ဆောင်ပေးနေသည့် ခရီးသွားလုပ်ငန်း ၄၀ ကျော်ခန့်ရှိပြီး ၂၀၂၂ ခုနှစ် ခရီးသွားရာသီတွင်မူ လုပ်ငန်း ၁၀ ခုခန့်သာ လည်ပတ်နိုင်ခဲ့ကြောင်းနှင့် ယခုနှစ်မဟာသင်္ကြန်ကာလအတွင်း ကော့သောင်းဒေသသို့ ခရီးသွားဧည့်သည်ဝင်ရောက်မှုမှာ တစ်သောင်းကျော်ခန့်ရှိကာ မြိတ်ကျွန်းစုဒေသသို့ ခရီးသွားဧည့်သည် ဝင်ရောက်မှုမှာမူ တစ်ထောင်ကျော်ခန့်သာ ရှိခဲ့ကြောင်း မြိတ်ဒေသခရီးသွားလုပ်ငန်းရှင်များထံမှ သိရသည်။

**မြင့်ဦး (မြိတ်)**

# လာအိုနိုင်ငံမှပြန်လာသည့် အလုပ်သမား ၁၈၁ ဦးအား နေရပ်များသို့ ပြန်လည်ပို့ဆောင်



**တာချီလိတ် မေ ၁၉**

လာအိုနိုင်ငံမှ နေရပ်သို့ပြန်လာကြသည့် ရွှေ့ပြောင်းမြန်မာအလုပ်သမား အမျိုးသား၊ အမျိုးသမီး စုစုပေါင်း ၁၈၁ ဦးအား ရှမ်းပြည်နယ် အရှေ့ပိုင်း တာချီလိတ်မြို့ ကွာရန်တင်းစင်တာတွင် ခုနစ်ရက်ထားရှိပြီးနောက် မေ ၁၈ ရက်တွင် ၎င်းတို့၏နေရပ်အသီးသီးသို့ မော်တော်ယာဉ်များဖြင့် ပြန်လည်ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

နေရပ်ပြန် မြန်မာရွှေ့ပြောင်းအလုပ်သမား ၁၈၂ ဦးသည် မေ ၁၄ ရက်က မိုင်းဖုန်း (က)ကျေးရွာအုပ်စု ဝမ်ပုံဆိပ်ကမ်းမှတစ်ဆင့် ပြန်လည်ဝင်ရောက်လာခဲ့ကြခြင်းဖြစ်ပြီး တာချီလိတ်မြို့ရှိ စံလင်းဖြိုး ကွာရန်တင်းစင်တာ၌ ခုနစ်ရက်ထားရှိ၍ ကိုဗစ်-၁၉ စစ်ဆေးခဲ့ရာ အမျိုးသမီးတစ်ဦးတွင်သာ ရောဂါပိုးတွေ့ရှိပြီး ကျန်သော ၁၈၁ ဦးမှာ ရောဂါကင်းစင်ကြောင်း အတည်ပြုချက်ရရှိသဖြင့် ၎င်းတို့၏နေရပ် တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ပြန်လည်ပို့ဆောင်ပေးခြင်းဖြစ်ကြောင်းနှင့် ရောဂါပိုးတွေ့သည့် အမျိုးသမီးကိုမူ ကွာရန်တင်းစင်တာ၌ ဆက်ထားပြီး ကျန်းမာရေးစောင့်ရှောက်မှု ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

နေရပ်ပြန် ရွှေ့ပြောင်းအလုပ်သမားများကို ခရိုင်/ မြို့နယ် ကြက်ခြေနီအသင်းဝင်များက ကူညီစောင့်ရှောက်ပေးလျက်ရှိပြီး တာချီလိတ်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ဦးကျော်နှင့် တာဝန်ရှိသူများကလည်း လိုအပ်သည်များ ကူညီပေးခဲ့ကြောင်း သိရသည်။ **ယာဆေး(ပြန်/ဆက်)**

# တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်၊ တိရစ္ဆာန်အစာ၊ ဘိလပ်မြေများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ အိမ်သုံးလျှပ်စစ်ပစ္စည်းများနှင့် လိုင်စင်မဲ့မော်တော်ယာဉ်များ ဖမ်းဆီးရမိ



**နေပြည်တော် မေ ၁၉**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မေ ၁၇ ရက်တွင် ကရင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကော့ကရိတ် (တံတားကျိုး) စုပေါင်း စစ်ဆေးရေးစခန်း၌ တာဝန်ကျ စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လှိုင်ဝဂိတ်အနီး၌ တင်သွင်းခွင့် အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ဆင်တံဆိပ် ဘိလပ်မြေအိတ် ၁၆၇၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၇၀၀၀၀၀)နှင့် အဆိုပါ ဘိလပ်မြေများ တင်ဆောင်လာသည့် ခြောက်ဘီး မော်တော်ယာဉ် လေးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၁၀၀၀၀၀၀) ကိုလည်းကောင်း၊ မေ ၁၈ ရက်တွင် သံလွင်တံတား စစ်ဆေးရေးဂိတ်၌ မြဝတီမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် မိုဘိုင်းလ်ဖုန်းအဟောင်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၇၀၀၀၀)ကို လည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၉၂၇၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် မေ ၁၇ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျအကောက်ခွန်အဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ထီးတန်းဆိပ်ကမ်းကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ သွင်းကုန် ကြေညာလွှာ(ID) တွင် ကြေညာထားခြင်းမရှိသော လုပ်ငန်းသုံး စက်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၄၃၉၀၀၀) ကို လည်းကောင်း၊ မေ ၁၈ ရက်တွင် မြန်မာ့စက်မှုဆိပ်ကမ်းကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ သွင်းကုန်ကြေညာလွှာ (ID) တွင် ကြေညာ ထားခြင်းမရှိသော အိမ်သုံး လျှပ်စစ်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၂၀၁၄၀၀)ကို လည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၆၄၀၄၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မေ ၁၈ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပဲခူးမြို့နယ် အကောက်ခွန် ဦးစီးဌာနမှူးဦးစီးအဖွဲ့က ညောင်ခါးရှည်နှင့် ဝေါအကြား ရှောင်တခင်စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မော်တော်ယာဉ်တစ်စီးပေါ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်နှင့် တိရစ္ဆာန်အစာများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀)ကို အကောက်ခွန် လုပ်ထုံးလုပ်နည်းအရ လည်းကောင်း၊ မေ ၁၉ ရက်တွင် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က တောင်ငူခရိုင် ရေတာရှည်မြို့နယ်အတွင်း တရားမဝင် သစ်မျိုးစုံ ၂၂ ဒသမ ၃၂၅ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၆၆၈၀၃)ကို သစ်တောဥပဒေအရ လည်းကောင်း၊ စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၆၆၈၀၃)ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မုံရွာမြို့နယ်အတွင်း လိုင်စင်မဲ့ မော်တော်ယာဉ်သုံးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မေ ၁၇ ရက်၊ ၁၈ ရက် နှင့် ၁၉ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၀၀၇၇၂၀၃) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# မြစ်ကြီးနားမြို့၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပလတ်စတစ်သုံးစွဲမှု လျှော့ချရေးအတွက် အလုပ်ရုံဆွေးနွေးပွဲကျင်းပမည်

**မြစ်ကြီးနား မေ ၁၉**

ကချင်ပြည်နယ်အတွင်းရှိ ဈေးသူဈေးသားများ၊ အငယ်စား၊ အသေးစား၊ အလတ်စားနှင့် အကြီးစား စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပလတ်စတစ်သုံးစွဲမှု လျှော့ချရေးအတွက် ကချင်ပြည်နယ် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနှင့် SEQUA SWITCH ASIA တို့ပူးပေါင်းကာ “သန့်ရှင်းမြန်မာ” ခေါင်းစဉ်ဖြင့် အလုပ်ရုံဆွေးနွေးပွဲကို မေလ နောက်ဆုံးပတ်တွင် မြစ်ကြီးနားမြို့ အေးမြသာယာ အဆင့်မြင့်ဈေး၌ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် ရာသီဥတု ထိခိုက်နိုင်သည့် ပတ်ဝန်းကျင်ညစ်ညမ်းမှုများကြောင့် ကြုံတွေ့လာနိုင်သော ဆိုးကျိုးများ၊ နောက်ဆက်တွဲကပ်ရောဂါများနှင့် အမှိုက်အမျိုးအစား၊ အမှိုက်များ သန့်စင်ပြုပြင် ပြန်လည်အသုံးပြုခြင်းနှင့် ပလတ်စတစ်အိတ်လျှော့ချရေးတို့ကို ဆွေးနွေးသွားမည့်အပြင် Prevent Plastics Myanmar က လုပ်ငန်းရှင်များအား ငွေကြေး၊ နည်းပညာ အထောက်အပံ့များ ကူညီထောက်ပံ့နိုင်ရေးကိုလည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကချင်ပြည်နယ်အတွင်းရှိ ဈေးသူဈေးသားများ၊ အငယ်စား၊ အသေးစား၊ အလတ်စားနှင့် အကြီးစား စီးပွားရေးလုပ်ငန်းရှင်များ၏ လုပ်ငန်းခွင်များတွင် သန့်ရှင်းသပ်ရပ်သော အမှိုက်စွန့်ပစ်ရေးစနစ်၊ သဘာဝနှင့် သဟဇာတဖြစ်သော ထုပ်ပိုးမှုစနစ်၊ ပလတ်စတစ်အစားထိုးအိတ်များ အသုံးပြုခြင်းဖြင့် ပလတ်စတစ်အိတ်သုံးစွဲမှု လျှော့ချရေး ရည်ရွယ်ချက်များဖြင့် အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် ပြည်နယ်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနှင့် SEQUA SWITCH ASIA တို့မှ ကျွမ်းကျင်ပညာရှင်များက အေးမြသာယာဈေးနှင့် စက်ရုံအလုပ်ရုံများတွင် ပလတ်စတစ်လျှော့ချရေးနှင့် ပလတ်စတစ်အစားထိုး အိတ်များအသုံးပြုရေး နည်းပညာများကို လက်တွေ့ပြသဆွေးနွေးသွားမည်ဖြစ်ပြီး မည်သူမဆို အလုပ်ရုံဆွေးနွေးပွဲသို့ အခမဲ့တက်ရောက် ဆွေးနွေးနိုင်ကြောင်း ကချင်ပြည်နယ် အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနမှူး ဦးအောင်မောင်းထံမှ သိရသည်။

**ဖုန်ကန်**
**(ပူတာအို)**

## ပညာရေးဝန်ကြီးဌာန
## “၂၀၂၂ -၂၀၂၃ ပညာသင်နှစ်”
## မိဘ၊ အုပ်ထိန်းသူ၊ ပြည်သူများသို့ မေတ္တာရပ်ခံချက်

❖ မြို့နယ်အလိုက် သတ်မှတ်နယ်မြေများတွင်သာ ကျောင်းအပ်နှံကြပါရန်။
❖ ငွေကြေး သို့မဟုတ် လက်ဆောင်ပစ္စည်းများကို ကျောင်းအုပ်၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများအား ပေးအပ်ခြင်းမပြုပါရန်။
❖ ကျောင်းသား၊ ကျောင်းသူများ ပူးပေါင်းဆောင်ရွက်တတ်ရေး၊ ကျောင်းတက်မှန်ရေး၊ အိမ်စာများကို နေ့စဉ် လုပ်ဆောင်ရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆွေးနွေး ဆောင်ရွက်ပါရန်။
❖ ပညာသင်ကာလအတွင်း စစ်ဆေးအကဲဖြတ်ခြင်းအား ညွှန်ကြားချက်များအတိုင်း စစ်ဆေးနိုင်ရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ပါရန်။
❖ ကျောင်းထွက်သူ လုံးဝမရှိစေရေးနှင့် အလယ်တန်း၊ အထက်တန်းအဆင့်များသို့ အဆင့်ဆင့် ဆက်လက်ပညာသင်ယူနိုင်ရေးအတွက် ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်ပေးပါရန်။
❖ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေး၊ အရက်၊ ဘီယာ၊ စီးကရက်၊ ကွမ်းယာမသုံးစွဲရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
❖ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
❖ ကျန်းမာရေးနှင့်ညီညွတ်သော လူနေမှုပုံစံများ စွဲမြဲဆောင်ရွက်တတ်ရန် အသိပညာပေးရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
❖ ကျောင်းသား၊ ကျောင်းသူများ ဂိမ်းစွဲလမ်းမှုပပျောက်စေရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
❖ ကျောင်းသား၊ ကျောင်းသူများ ပါးစပ်နှင့် နှာခေါင်းစည်း(Mask)ကို ညွှန်ကြားချက်များအတိုင်း စနစ်တကျ တပ်ဆင်တတ်ရန်၊ လက်ကို ရေနှင့်ဆပ်ပြာအသုံးပြု၍ စက္ကန့် (၂၀)ကြာအောင် စနစ်တကျ မကြာခဏ ဆေးကြောတတ်ရန် ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
❖ ကျောင်းသား၊ ကျောင်းသူများ နှာစေး၊ ချောင်းဆိုး၊ ကိုယ်အပူချိန်မြင့်မားလျှင် ကျောင်းသို့မလာဘဲ နီးစပ်ရာ ကျန်းမာရေးဆေးခန်း၊ ဆေးရုံသို့ သတင်းပို့ပေးရန်နှင့် ဆေးကုသမှုခံယူနိုင်ရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
❖ ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများအား လိုက်နာဆောင်ရွက်ရန်နှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအား သတ်မှတ်ကြိမ်ရေပြည့်မီအောင် ထိုးနှံကြပါရန်အတွက် ပူးပေါင်းဆောင်ရွက်ရန်။
❖ မိဘများအနေဖြင့် ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အကြံပြုကြပါရန်။
❖ ပညာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးသို့ အသိပေးတိုင်ကြားလိုပါက ပညာရေးဝန်ကြီးဌာန၊ ရုံးအမှတ် ၁၃၊ နေပြည်တော်သို့ ပေးပို့တိုင်ကြားနိုင်ပါသည်။

## သာယာဝတီခရိုင်အတွင်း မြို့နယ်အားလုံး၌ ကျောင်းအပ်နှံရေး ဆိုင်းဘုတ်များ တစ်ပြိုင်တည်းစိုက်ထူ

**သာယာဝတီ မေ ၁၉**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင်အတွင်းရှိ မြို့နယ် ရှစ်မြို့နယ်လုံး၌ ၂၀၂၂- ၂၀၂၃ ပညာသင်နှစ် “ကျောင်းနေရွယ်ကလေးအားလုံး ပညာသင်ယူခွင့်ရရှိဖို့ ကျောင်းအပ်နှံကြပါစို့” ဆိုင်းဘုတ်များကို မေ ၁၉ ရက်က တစ်ပြိုင်တည်း စိုက်ထူခဲ့ကြကြောင်း သိရသည်။

ကျောင်းအပ်နှံရေးသီတင်းပတ်အဖြစ် မေ ၂၆ ရက်မှ ဇွန် ၁ ရက်အထိ သတ်မှတ်ထားရာ မြို့နယ်အသီးသီး၌ ဆိုင်းဘုတ်များစိုက်ထူခြင်းကို သာယာဝတီခရိုင် ခေတ္တအုပ်ချုပ်ရေးမှူး ဦးစောထွန်းဦးနှင့် တာဝန်ရှိသူများ၊ ခရိုင်ပညာရေးမှူး ဒေါ်စုစုလှိုင်နှင့် တာဝန်ရှိသူများ၊ မြို့နယ်ရှစ်ခုမှ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ မြို့နယ်ပညာရေးမှူးများက ဦးဆောင်၍ စိုက်ထူခဲ့ခြင်းဖြစ်သည်။

**သန့်ဇော် (ပြန်/ဆက်)**

## လှိုင်းဘွဲမြို့နယ်၌ လူဦးရေ ၄၂၀၀ အား ကိုဗစ်-၁၉ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပြီးစီး

**လှိုင်းဘွဲ မေ ၁၉**



ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ်တွင် ပြည်သူများ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်နိုင်ရန် ကာကွယ်ဆေးများနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ မေ ၁၇ ရက်အထိ လူဦးရေ ၄၂၀၀ အား ထပ်ဆောင်းကာကွယ်ဆေး (Booster Dose) ထိုးနှံပြီးစီးပြီဖြစ်ကြောင်းနှင့် မေ ၁၈ ရက်တွင်လည်း ဆက်လက်ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

ထပ်ဆောင်း ကာကွယ်ဆေးများကို မြို့နယ် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီ၏ လမ်းညွှန်မှုဖြင့် ကျန်းမာရေးဝန်ထမ်းများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ကြက်ခြေနီ တပ်ဖွဲ့ဝင်များနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများ ပူးပေါင်း၍ လှိုင်းဘွဲမြို့ အောင်ဆန်းခန်းမ၊ မြိုင်ကြီးငူ တိုက်နယ်ဆေးရုံ၊ ထီလုံတိုက်နယ်ဆေးရုံ၊ ပိုင်ကျုံမြို့နှင့် ရှမ်းရွာသစ်တိုက်နယ်ဆေးရုံတို့တွင် ထိုးနှံပေးနေပြီး လက်ရှိ ထိုးနှံပေးပြီးမှုမှာ ကျန်းမာရေးဝန်ထမ်း ၂၅ ဦး၊ ရဲတပ်ဖွဲ့ဝင် ၁၁၄ ဦး၊ ပညာရေးဝန်ထမ်း ၃၀၄ ဦး၊ နိုင်ငံ့ဝန်ထမ်း ၂၆၅ ဦးနှင့် ပြည်သူ ၃၄၉၂ ဦး ဖြစ်ကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

**စောဒိ**
**(ပြန်/ဆက်)**

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး လုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများမေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် “1111” ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များက Short Code “1111” ဖြင့် SMS ပေးပို့ မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး လုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

**“အဂတိလိုက်စားမှုတားဆီးဖို့ “1111” ကို ဖြေကြားစို့”**
**“ဝန်ဆောင်မှုများ ကောင်းစေရေး “1111” ကို ဖြေကြားပေး”**
**“အဂတိပယ်ခွာ ပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့”**

ဟင်းသီးဟင်းရွက်များနှင့်
ပန်းကန်ခွက်ယောက်များကို
ရေဖွင့်ထားပြီး
မဆေးကြောပါနှင့်။
ဟင်းသီးဟင်းရွက်များနှင့်
ပန်းကန်ခွက်ယောက်များကို
ရေဖြည့်ထားသော
ဇလုံတစ်ခုထဲတွင်
ဆေးကြောပါ။


## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
## နည်းပညာတက္ကသိုလ်(တောင်ငူ)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နည်းပညာတက္ကသိုလ်(တောင်ငူ)တွင် (၂၀၂၂-၂၀၂၃) ဘဏ္ဍာရေးနှစ်အတွက် အောက်ဖော်ပြပါ ဆောင်ရွက်ဆဲ တည်ဆောက်ရေးလုပ်ငန်းအား ဆက်လက် ဆောင်ရွက်ရန် ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | လုပ်ငန်းတည်နေရာ | လုပ်ငန်းအမည် |
|---|---|---|
| (၁) | နည်းပညာတက္ကသိုလ် (တောင်ငူ) | ၁၆၀ ဦးဆံ့ ကျောင်းသားအိပ်ဆောင် နှစ်ထပ် RC (၂၁၂'x၁၃၂') (၂၆၉၂၄ စ/ပေ) (၁)လုံးနှင့် ထမင်းစားဆောင်(၁၂၂'x၄၈') (၅၈၅၆ စ/ပေ) (ရေမီးအပါအဝင်) အဆောင်အဝင်လမ်း (၂၀၀'x၁၂'x၈'') ပြင်ပရေ ၄''အဝီစိတွင်း၊ ဂါလံ(၁၂၀၀၀)ဆံ့ မြေအောက်ရေလှောင်ကန် 5.5 Hp Submersible pump နှင့် အဆောက်အဦ ပြင်ပမီးသွယ်တန်းခြင်းအပါအဝင် (၁)လုံး တည်ဆောက်ခြင်းလုပ်ငန်း၏ ကျန်လုပ်ငန်း(၃၅%) |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို(၂၃-၅-၂၀၂၂)ရက်နေ့မှ စတင်၍ ရောင်းချမည်ဖြစ်ပြီး၊ အိတ်ဖွင့်တင်ဒါများကို (၂၂-၆-၂၀၂၂)ရက်နေ့ ညနေ(၃:၀၀)နာရီ နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်ဖြစ်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူသည် မိမိတင်သွင်းလိုသည့် လုပ်ငန်းအတွက် သတ်မှတ်တင်ဒါ အာမခံ ကြေးကို သက်ဆိုင်ရာ မြန်မာ့စီးပွားရေးဘဏ်တွင်PO (Payment Order) ပေးသွင်းပြီး အိတ်ဖွင့်တင်ဒါ တင်သွင်းရမည့် နည်းပညာတက္ကသိုလ်(တောင်ငူ)၏ ဘဏ္ဍာရေးဌာနတွင်အပ်နှံရမည်။
၄။ အိတ်ဖွင့်တင်ဒါရောင်းချမည့် လိပ်စာနှင့် တင်သွင်းရမည့်လိပ်စာမှာ နည်းပညာတက္ကသိုလ် (တောင်ငူ)ဖြစ်ပါသည်။
၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက နည်းပညာတက္ကသိုလ်(တောင်ငူ) ဖုန်း(၀၉-၄၅၂၀၃၃၈၅၈/၀၉-၄၃၁၆၂၅၀၇)သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံ**စမ်းနိုင်ပါသည်။**

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**



## နမ့်ခမ်းမြို့၌ မိုးရာသီအကြိုစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**နမ့်ခမ်း မေ ၁၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့နယ် သစ်တောဦးစီးဌာနက ဦးဆောင်၍ မိုးရာသီ အကြို သစ်ပင်စိုက်ပျိုးပွဲကို ကောင်းဆာရပ် ဝိန်းခမ်းဘုန်းကြီးကျောင်းတိုက်၌ ယနေ့ နံနက်ပိုင်းက ပြုလုပ်သည်။

သစ်ပင်စိုက်ပျိုးပွဲတော်၌ ပြည်နယ် သံဃနာယကအဖွဲ့ ဇေယျသုခကျောင်းတိုက် ဆရာတော် ဘန္ဒန္တ ဒေါက်တာ ဝိနယာစာရနှင့် ခရိုင်သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်သက်၊ မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးသူရအောင်တို့က ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများထံသို့ ပျိုးပင်များ ပေးအပ်သည်။

သစ်ပင်စိုက်ပျိုးပွဲတော်၌ တက်ရောက်လာကြသူများက ခါတော်မီ ၃၀၊ မန်ကျည်း ၃၀၊ မိုက်ဝိုင် ၅၀၊ ချယ်ရီ ၄၀၊ ချဉ်စော်ကား ၅၀၊ ပိန္နဲ ၅၀၊ ထောပတ် ၅၀ စုစုပေါင်း သစ်ပင် ၃၀၀ တို့ကို စုပေါင်းစိုက်ပျိုးကြောင်း သိရသည်။

**ချယ်ရီမြေ(မူဆယ်)**

## ပြည်မြို့တွင် အများပြည်သူစားသုံးမည့် အသားအရည်အသွေးမြင့်မားတိုးတက်ရေးနှင့် ဘေးဥပဒ်အန္တရာယ်ကင်းရှင်းရေးအတွက် အသားစစ်ဆေးခြင်းသင်တန်း ဖွင့်လှစ်

**ပြည် မေ ၁၉**

ပြည်ခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက အများပြည်သူစားသုံးမည့် အသားအရည်အသွေးမြင့်မားတိုးတက်ရေးနှင့် ဘေးဥပဒ်အန္တရာယ်ကင်းရှင်းရေးအတွက် ရည်ရွယ်ဖွင့်လှစ်သည့် အများပြည်သူစားသုံးမည့် အသားစစ်ဆေးခြင်းသင်တန်း ဖွင့်ပွဲကို မေ ၁၈ ရက်က မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံး၌ကျင်းပရာ ခရိုင်ဒုတိယအုပ်ချုပ်ရေးမှူး ဦးသန်းရွှေနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းသား သင်တန်းသူ ဝန်ထမ်းများ တက်ရောက်သည်။

သင်တန်းဖွင့်ပွဲတွင် ခရိုင် ဒုတိယအုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါက်တာစိုးလင်းက သင်တန်း ရည်ရွယ်ချက်နှင့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

သင်တန်းတွင် ဌာနတွင်းဝန်ထမ်း သင်တန်းသား သင်တန်းသူ ၂၀ ကို အသားအမျိုးအစားခွဲခြားစိစစ်ခြင်း၊ အသားထဲတွင် သန်ရောဂါ ရှိမရှိနှင့် အခြားရောဂါများ ပါမပါ စစ်ဆေးခြင်းအပါအဝင် စားသုံးသူပြည်သူများ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းစေရေးအတွက် အသားစစ်ဆေးခြင်း နည်းပညာများကို မေ ၁၈ မှ ၂၁ရက်အထိ လေးရက်ကြာ စာတွေ့ လက်တွေ့ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူးထံမှ သိရသည်။

**ကိုဆက်(ပြန်/ဆက်)**

### ဖခင်အမည်မှန်

အောင်လံမြို့နယ်၊ တံခွန်တိုင်ကျေးရွာ အထက(ခွဲ) တံခွန်တိုင်(န) သတ္တမတန်းမှ မောင်ဝင်းဘုန်းစံ၏ ဖခင်အမည်မှန်မှာ ဦးဇော်မင်း ၈/အလန(နိုင်)၁၉၆၇၀၆ဖြစ်ပါကြောင်း။

**ဦးဇော်မင်း**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3B/4271, ISUZU FDR 450 Truck(4x2)၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(သရက်)**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9J/9974 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း) အင်းစိန်**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ၇၇ယ/၂၅၃၇၈, Kenbo -110 ယာဉ်လက်ဝယ်ရှိသူ ဦးဖိုးသီ ၉/ပမန(နိုင်)၂၀၅၇၉၈က(ကမ-၃) ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာသည့် ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(နေပြည်တော်ရုံး)**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ်7J/3773 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန(ရန်ကုန်တောင်ပိုင်း) သန်လျင်မြို့**

### အလိမ္မာ စာမှာရှိ

### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဖြူဖြူကြွယ် ၁၂/လမန(နိုင်)၁၀၂၃၉၄သည် ကန်ထရိုက်တာ ဦးမြင့်လွင် ၁၄/ကပန(နိုင်) ၁၃၂၀၇၀ တရားဝင်ပိုင်ဆိုင်သော ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ ရှမ်းစု (၂)လမ်း၊ အမှတ် (၂)ရှိ RC (၅)ထပ်တိုက်ရင်ခွဲ၊ ခေါင်းရင်းခြမ်းမှ ပထမထပ်တိုက်ခန်းအကျယ်အလျား ၁၄ပေxအနံ၄၅ပေတိုက်ခန်းတစ်ခန်း အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို နှစ်ဦးသဘောတူ တိုက်ခန်းအရောင်းအဝယ်ကတိစာချုပ် ပြုလုပ်ချုပ်ဆိုဝယ်ယူထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဖြူဖြူကြွယ်၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ညိုညိုဆင့်**
**L.L.B, DBL, DML, DIL, WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ စဉ်-၁၁၉၃၉ (၃၁-၁-၂၀၁၇)**
**အမှတ် (၃)၊ သမာဓိလမ်း၊ (ဆ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ဖုန်း-၀၉-၄၂၁၁၅၂၄၃၅**

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၆/၃)၊ မြေကွက်အမှတ်(၃၅၇/ခ)၊ အကျယ်အဝန်း(၂၀ x ၆၀)ပေရှိ ဦးမောင်မောင်ခိုင် ၁၂/သဃက(နိုင်) ၀၂၃၅၆၀ အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့်အိမ်ကို ဦးရဲအောင် ၁၂/သဃက(နိုင်) ၀၂၃၅၆၂၊ ဒေါ်သူဇာမင်း ၁၂/သဃက(နိုင်) ၀၂၃၅၆၃တို့မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် မြေအရောင်းတန်ဖိုးငွေ၏ စရန်ငွေတချို့ကို ပေးချေထားပြီးဖြစ်ပါသည်။အဆိုပါမြေအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ခိုင်လုံသောစာရွက်စာ တမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးရဲမြတ်နောင်(LL.B) အထက်တန်းရှေ့နေ(စဉ်-၃၆၄၁၈)**
**အမှတ်(၁၈၅)၊ လမ်း(၅၀)အထက်၊ ၇လွှာ(ဝဲ)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၇၉၅၆၂၀၁၇၃၊ ၀၉-၉၈၃၁၂၃၂၃၉**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7G/2906, Mazda Demio DE 3PS, Hatch Back (4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးစိုးစံ ၉/ခအဇ(နိုင်)၀၀၉၀၃၈က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

### ကန့်ကွက်နိုင်ပါကြောင်း

၁။ နေပြည်တော်၊ ပျဉ်းမနားမြို့၊ ဘောဂသိဒ္ဓိအဝေးပြေးယာဉ်ရပ်နားစခန်း ပွဲရုံဆိုင်ခန်းအမှတ် (ပ-၂၁)ဆိုင်ခန်းအား (ယခင်အမှတ် ၆/၄၉(က)၊ မြို့ဦးဓမ္မာရုံ၊ ၂ လမ်း၊ မင်္ဂလာရပ်ကွက်၊ ပျဉ်းမနားမြို့)၊ (ယခုအမှတ် ၄၁၆၂၊ ခရေလမ်း၊ ဘောဂဝတီရပ်ကွက်၊ ပျဉ်းမနားမြို့)တို့နေ ဒေါ်သန်းသန်းနိုင် ၉/ပမန(နိုင်)၀၂၆၁၀၂က အခွန်ထမ်းအမည်ပေါက်ပါသည်။
၂။ အဆိုပါ (ပ-၂၁)ဆိုင်ခန်းအား အိမ်အမှတ် (၃၀/B)၊ ပြည်လမ်း၊ ၆ ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့နှင့် (အမှတ်-၂/၂၂၊ (၇)လမ်း၊ မင်္ဂလာရပ်ကွက်၊ ပျဉ်းမနားမြို့)နေ ဦးကြည်စိုး ၉/ပမန(နိုင်)၀၃၃၂၅၁သို့ အခွန်ထမ်းအမည်ပြောင်းလဲပေးပါရန် အထောက်အထားများနှင့်အတူ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာနသို့ လျှောက်ထားတင်ပြလာပါသည်။
၃။ သို့ဖြစ်ပါ၍ ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်လိုသူရှိက ကန့်ကွက်နိုင်ကြောင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာနသို့ ကန့်ကွက်လွှာတင်သွင်းလျှောက်ထားနိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက (သို့မဟုတ်) ကန့်ကွက်လွှာတွင် အထောက်အထားခိုင်လုံမှုမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**အခွန်ဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်၊ ကြက်ပေါင်ကျေးရွာနေ အဖ ဦးအောင်လင်း ၁၄/ပသန(နိုင်)၁၃၅၇၀၃၊ အမိ ဒေါ်မြင့်စန်း ၁၄/ပသန(နိုင်)၀၀၀၄၂၃ တို့၏သား မောင်နေသန့်ရှင်း ၁၄/ပသန(နိုင်) ၂၈၁၈၅၄ သည် မိဘများအပေါ် အကြိမ်ကြိမ် စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်အောင် ပြုလုပ်သည့်အပြင် မိဘများ၏ ဆိုဆုံးမခြင်းအပေါ် နာခံခြင်းမရှိဘဲ ရိုင်းပျစွာပြုမူပြောဆိုပြီး ၉-၅-၂၀၂၂ရက်နေ့တွင် နေအိမ်မှ ထွက်သွားပါသဖြင့် ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ ၎င်းအား သားအဖြစ်မှ ရာသက်ပန်အမွေပြတ်စွန့်လွှတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စရပ်ကိုမျှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါ။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**မိဘများဖြစ်သော ဦးအောင်လင်း - ဒေါ်မြင့်စန်း တို့၏**
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမင်းသက်ထွန်း (LLB, CBL)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၀၉၄၁)**
**အမှတ်-၁၂၇/A ၊ ဥမ္မာဒန္တီ(၁၀)လမ်း၊ ပုသိမ်မြို့**

### မိဘအမည်မှန်

လှိုင်ကော်မြို့၊ အထက(ခွဲ) လောဝမ္မေ သတ္တမတန်းမှ မနော်ထီးခူဝါး၏ မိဘအမည်မှန်မှာ ဦးစောကွာဆိုး-ဒေါ်ချောမေ ဖြစ်ပါကြောင်း။

### မွေးသက္ကရာဇ်အမှန်

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စမ်မြို့၊ အထက(ခွဲ) (၅)ရပ်ကွက်၊ နဝမတန်းမှ မောင်အောင်မင်းဟိန်း၏ မွေးသက္ကရာဇ်အမှန်မှာ (၁၀-၄-၂၀၀၄)ဖြစ်ပါကြောင်း။

### တစ်ဦးတည်းဖြစ်ပါကြောင်း

ကွန်ဟိန်းမြို့၊ ပြည်ထောင်စုလမ်း၊ အမှတ်(၃)ရပ်ကွက်နေ ဒေါ်စန်းစန်းနု(ခ) မစန်းစန်းနု(ခ)နန်းစန်းစန်းနု ၁၃/ကဟန(နိုင်) ၀၀၃၀၇၈မှာတစ်ဦးတည်းဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ (၃-၅-၁၉၆၇)ဖြစ်ပါကြောင်း။

### အမည်ပြောင်း

ဦးအောင်နိုင် ၁/မညန(နိုင်) ၁၀၀၀၁၇၏သမီး ကွန်ဟိန်းမြို့ အထက Grade-2မှ နန်းမိုဇင်ဟွမ်အား ယနေ့မှစ၍ နန်းယိင်းမိုဟွမ် ဟုပြောင်းလဲခေါ်ပါရန်။

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မာန်ပြေ(၂)လမ်းအနောက်၊ ၂/တောင်ရပ်ကွက်၊ အမှတ် (၈၃၈)၊ (၃)ခန်းတွဲ (၅)ထပ်ခွဲတိုက်၏ မြေညီ (1.A)အခန်းနှင့် မြေပိုင်ဆိုင်မှုအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်လက်ဝယ်ပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဒေါ်အေးမြသီတာစန်း ၁၂/သကတ(နိုင်) ၁၅၃၅၇၉ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အထက်ပါတိုက်ခန်းနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများသည် ကျွန်ုပ်ထံသို့ ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့် ရက်မှ ခုနစ်ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက် နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ခင်မျိုးဝင်း (LL.B, LL.M)** | **ဒေါ်သက်ရွှေဇင်ဦး (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၉၇၆)** | **အထက်တန်းရှေ့နေ (စဉ်-၅၄၃၉၁)** |

**အမှတ် (၂၂၉)၊ စံပြ (၂)လမ်း၊ ယမုံနာ (၂)ရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၂၅၉၀၁၇၂၀၇**

### ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၇)၊ မြေကွက်အမှတ်(၁၃၁၂)၊ မြေ ပေအကျယ်(၄၀x၆၀)ပေ၊ ဧရိယာ(၀ဒသမ၀၅၅)ဧက၊ စတုရန်းပေ(၂၄၀၀)ရှိ နှစ်(၆၀)ဂရန် မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှု(မြေယာဌာန)၏ မြို့မြေစာရင်းတွင် ဦးအိုက်ဆန်း ၁၃/တကန(နိုင်) ၁၄၄၅၇၇၏ အမည်ဖြင့် မှတ်သားတည်ရှိလျက်ရှိပြီး ထိုမြေကွက်အားအရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဦးသိန်းထိုက် ၁၄/ပသန(နိုင်) ၀၀၆၁၂၈ကယင်းခြံမြေကွက်နှင့်ပတ်သက်၍ ၎င်းမှမိမိသာတရားဝင်ပိုင်ဆိုင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိ ပြုပြောဆိုသဖြင့် အဆိုပါခြံမြေကွက်အား အပြီးအပိုင်လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေများ ဖြစ်ကြသော ဦးသန်းဌေး ၁၂/တမန(နိုင်) ၁၀၆၀၉၀နှင့်ဦးအောင်ခင်လတ် ၁၂/မဂတ(နိုင်) ၁၀၃၆၆၀တို့က ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အားကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စ ကိုပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ရီရီသန့်[ 'အလင်္ကာ'Law Firm]**
**LL.B,D.B.L,D.M.L,D.I.L(W.I.P.O-Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၉၃၉)**
**အမှတ်(၅၂၅/ခ)၊ မင်းရဲကျော်စွာ(၄)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၃၀၆၆၁၆၄၊ ၀၉-၇၉၆၆၀၀၂၁၇**

### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၃၁)၊ ဇေယျာအေးမြ(၁)လမ်း၊ မြေကွက်အမှတ်(၆၇၂)၊ မြေပေအကျယ်(၄၀x၆၀)ပေရှိ ပါမစ်မြေကွက်၏ အမည်ပေါက်မှာ ဦးမောင်မောင်(ခ)ဦးအောင်သိန်းလွင် (AA-၀၉၁၄၉၂)ဖြစ်ပြီး အဆိုပါမြေကွက်မှတရားဝင်မခွဲစိတ်ရသေးသော ခြေရင်းဘက်ခြမ်းရှိ မြေကွက်လပ်အလွတ်မြေပေအကျယ် (၂၀ x ၆၀) ပေ ကိုအရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့်ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဒေါ်ချိုနွယ်ဦး ၁၂/မဂတ(နိုင်) ၀၄၁၂၈၄ကထိုခြံမြေကွက်နှင့်ပတ်သက်၍ ၎င်းမှမိမိသာတရားဝင်ပိုင်ဆိုင်ပြီးလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုပြောဆိုသဖြင့် အဆိုပါခြံမြေကွက်အား အပြီးအပိုင်လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ယုယုဝင်း ၉/မထလ(နိုင်) ၁၃၁၃၅၀က ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အားကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ် ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ရီရီသန့်[ 'အလင်္ကာ'Law Firm]**
**LL.B,D.B.L,D.M.L,D.I.L(W.I.P.O-Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၉၃၉)**
**အမှတ်(၅၂၅/ခ)၊ မင်းရဲကျော်စွာ(၄)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၃၀၆၆၁၆၄၊ ၀၉-၇၉၆၆၀၀၂၁၇**

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၇၊ မြေကွက်အမှတ် (၁၃၁၂/A)မြေပေအကျယ်ပေ (၄၀x၆၀)၊ ဧရိယာ ၀ဒသမ၀၅၅ဧက၊ စတုရန်းပေ ၂၄၀၀ ရှိ နှစ် ၆၀ ဂရန်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှု(မြေယာဌာန)၏ မြို့မြေစာရင်းတွင် ဦးအိုက်ဆန်း ၁၃/တကန(နိုင်)၁၄၄၅၇၇၏ အမည်ဖြင့် မှတ်သားတည်ရှိလျက်ရှိပြီး ထိုမြေကွက်အား အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဦးသိန်းထိုက် ၁၄/ပသန(နိုင်)၀၀၆၁၂၈က ယင်းခြံမြေကွက်နှင့်ပတ်သက်၍ ၎င်းမှ မိမိသာတရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် အဆိုပါခြံမြေကွက်အား အပြီးအပိုင်လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဦးသန်းဌေး ၁၂/တမန(နိုင်)၁၀၆၀၉၀နှင့် ဦးအောင်ခင်လတ် ၁၂/မဂတ(နိုင်)၁၀၃၆၆၀တို့က ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်ရီရီသန့်[ '' အလင်္ကာ'' Law Firm]**
**LL.B,D.B.L, D.M.L, D.I.L(W.I.P.O- Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်- ၉၉၃၉)**
**အမှတ် ၅၂၅/ခ၊ မင်းရဲကျော်စွာ ၄လမ်း၊**
**(၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၄၃၀၆၆၁၆၄၊ ၀၉-၇၉၆၆၀၀၂၁၇**


လူရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ပန်ကာများကို ဆက်တိုက်ဖွင့်ထားခြင်းက
မီတာခကို ပိုကျစေပါ၍ အသုံးလိုမှ ဖွင့်ပါ။

## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## မန္တလေးတိုင်းဒေသကြီး ကုသရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ (၂၀၂၂-၂၀၂၃) ခု၊ ဘဏ္ဍာရေးနှစ်တွင် ခွင့်ပြုသာမန်ရန်ပုံငွေကို အသုံးပြု၍ မန္တလေးတိုင်းဒေသကြီး ကုသရေးဦးစီးဌာန အောက်ရှိ ခုတင်(၁၀၀) ဆေးရုံများ၊ ခရိုင်ဆေးရုံ၊ မြို့နယ်ဆေးရုံနှင့် တိုက်နယ်ဆေးရုံများအတွက် လိုအပ်သည့် ဆေးနှင့်ဆေးပစ္စည်းများ၊ ဓာတ်ခွဲခန်းနှင့် ဓာတ်မှန်ခန်းသုံးဆေးနှင့် ဆေးပစ္စည်းများ၊ Consumable များ ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

၂။ **တင်ဒါလျှောက်လွှာပုံစံများ** - ၂၃-၅-၂၀၂၂ရက်
**စတင်ရောင်းချမည့်ရက်**
**တင်ဒါပိတ်သိမ်းမည့်ရက်နှင့်အချိန်** - ၇-၆-၂၀၂၂ရက် ၁၆:၀၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များ အသေးစိတ်ကိုသိရှိလိုပါက မန္တလေးတိုင်းဒေသကြီး ကုသရေးဦးစီးဌာနရုံးသို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**မန္တလေးတိုင်းဒေသကြီးကုသရေးဦးစီးဌာန**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ရန်ကုန်မြို့၊ မျက်စိရောဂါအထူးကုဆေးရုံကြီး
## အမှတ်(၃၀)၊ နတ်မောက်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွက် ရန်ကုန်မြို့၊ မျက်စိရောဂါအထူးကုဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသော လူနာများအား ကုသပေးရန် လိုအပ်သော အောက်ဖော်ပြပါ FDA အသိအမှတ်ပြု ဆေးနှင့်ဆေးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါသဖြင့် အစိုးရအသိအမှတ်ပြု ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။
(က) FDA အသိအမှတ်ပြု ဆေးဝါးများ
(ခ) ဓာတ်ခွဲခန်းသုံး ပစ္စည်းများ
(ဂ) ဓာတ်မှန်ဖလင်များ
(ဃ) ဆေးရုံသုံး ပစ္စည်းများ(Consumables)

၂။ တင်ဒါပုံစံ ရောင်းချမည့်ရက် - ၁၇-၅-၂၀၂၂ရက် (အင်္ဂါနေ့)
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၃၀-၅-၂၀၂၂ရက်၊(တနင်္လာနေ့)
မွန်းတည့် ၁၂:၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်း စည်းကမ်းချက်များ၊ ဆေးပစ္စည်းများနှင့် ပတ်သက်၍ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ရန်ကုန်မြို့၊ မျက်စိရောဂါ အထူးကုဆေးရုံကြီး၊ ဆေးရုံအုပ်ကြီးရုံးသို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီးရုံး**
**မျက်စိရောဂါ အထူးကုဆေးရုံကြီး၊ ရန်ကုန်မြို့**
**ဖုန်း-၀၁-၅၄၉၁၇၀**

## အသိပေးကြေညာခြင်း

တောင်ကြီးမြို့၊ အေးသာယာမြို့၊ ရပ်ကွက်(၂)၊ အမှတ်(၂၈/၆၇)နေ ဒေါ်အေးမြသန္တာထွေး ၁၃/ဟပန(နိုင်)၀၂၆၅၃၉၈၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးတင်သိန်း (PTA-008907)သိရှိစေရန် အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

အေးသာယာမြို့သစ်၊ ရပ်ကွက် (၂)ရှိ အကွက်အမှတ် (၂၈)၊ ကွင်း/အကွက်အမည်-ညောင်သာယာ၊ မြေကွက်အမှတ် (၂၀)၊ဧရိယာ၀ဒသမ၁၀၆ကေရှိ အိမ်မြေဥပစာအား ဦးတင်သိန်း (PTA-008907)က ဂရန်အမည်ပေါက်ထားသည့် မြေကွက်နှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ၎င်းကဒေါ်အေးမြသန္တာထွေး ၁၃/ဟပန (နိုင်) ၀၂၆၅၃၉၈ထံ အိမ်မြေအရောင်းအဝယ်ကတိစာချုပ် ပြုလုပ်ချုပ်ဆို ၍ မြေကွက်နှင့် တကွ စာရွက်စာတမ်းမူရင်းများ လက်ရောက်လွှဲပြောင်းပေးအပ်ကာ အရောင်းအဝယ်ပြုလုပ်ခဲ့ကြောင်း မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ပြုလုပ်ချုပ်ဆိုပေးမည်ဟု လူကြီးမင်းက ဝန်ခံကတိပြုခဲ့ကြောင်း သိရှိရပါသည်။

သို့ပါ၍ ဦးတင်သိန်းအနေဖြင့် ဖော်ပြပါအိမ်မြေအပေါ် (၃-၆-၂၀၂၂)ရက်နောက်ဆုံးထားကာ မှတ်ပုံတင်အရောင်းအဝယ် စာချုပ် ပြုလုပ်ချုပ်ဆိုပေးပါရန် တောင်းဆိုအသိပေးကြေညာလိုက်ရပါသည်။ တောင်းဆိုချက်အတိုင်း ဆောင်ရွက်ပေးခြင်းမရှိပါက တည်ဆဲဥပဒေနှင့်အညီ လိုအပ်သလို လျှောက်ထားတရားစွဲဆိုခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်အေးမြစန္ဒာထွေး၏လွှဲအပ်ချက်အရ-**
**ဒေါ်စုစုလှိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**စဉ်-၉၈၂၅ (၂၉-၄-၂၀၁၄)**
**အမှတ် (၀တ/၃၆၆)၊ မြသပိတ်လမ်း၊ ကျောင်းကြီးစုရပ်၊ တောင်ကြီးမြို့၊**
**ဖုန်း-၀၉-၄၅၃၉၆၃၁၆၂**

## အမည်မှန်နှင့် မွေးသက္ကရာဇ်မှန်

ဦးရဲကျော်စွာ၏သား တောင်ကြီးမြို့၊ အလက (၁၅)၊ Grade-4 မှ စိုင်းစိုင်းစွမ်ဟန်၏အမည်မှန်မှာ စိုင်းဇော်ဘုန်းနောင်ဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ (၁၃-၉-၂၀၁၁) ဖြစ်ပါကြောင်း။

## မိဘအမည်မှန်

တာချီလိတ်မြို့၊ အထက(တာချီလိတ်)မှ ၂၀၂၁-၂၀၂၂ပညာသင်နှစ် Grade-6တန်းအောင် မောင်မိုးဟိန်းထက်၏ မိဘအ မည်မှန်မှာ ဦးအားဖန်(ခ) ဦးချိန်အမ်းကျုံးနှင့် ဒေါ်လီလုချင်ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၁၄) ရပ်ကွက်၊ ရတနာလမ်း၊ အမှတ်(၁၁)ရှိ **NET JOBS AUTOMOTIVE AESTHETICS COPANY LIMITED.**၏ အစုရှယ်ယာပိုင်ရှင်များဖြစ်ကြသည့် ဦးစိုးသူထွန်း (၁၂/ဗဟန(နိုင်)၀၉၇၀၇၈)နှင့် ဦးဝင်းထွန်းအောင် (၁၂/ဥကတ(နိုင်)၁၇၂၀၂၈)တို့မှ အဆိုပါကုမ္ပဏီလုပ်ငန်းနှင့် ပတ်သက်၍ အခြားသူတစ်ဦးတစ်ယောက်အား ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်၊ လွှဲဒါန်းထားခြင်းတို့မှ ကင်းရှင်းကြောင်းဝန်ခံကတိပြုကြ၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူထံ ၎င်းနှစ်ဦးပိုင်ဆိုင်သည့် အစုရှယ်ယာနှင့် လုပ်ငန်းပိုင်ဆိုင်မှုများ၏ ၇၅ % အား ရောင်းချရန်စကားကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သောတန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ပိုးအိဖြူ** — **ဦးအောင်မင်းပိုင်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၃၂၅)** — **အထက်တန်းရှေ့နေ(စဉ်-၄၅၉၀၈)**
**BHAWANI LEGAL SERVICES COMPANY LIMITED.**
**ဖုန်း-၀၉၄၄၁၅၆၅၆၈၆၊ ၀၉၉၆၁၈၇၇၀၁၁**

## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## စစ်ကိုင်းတိုင်းဒေသကြီးကုသရေးဦးစီးဌာန၊ မုံရွာမြို့
## ၂၀၂၂-၂၀၂၃ ခု ဘဏ္ဍာရေးနှစ်အတွက်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကုသရေးဦးစီးဌာနအောက်ရှိ ခုတင် (၁၀၀) နှင့်အောက် ခရိုင်/မြို့နယ်/တိုက်နယ်ဆေးရုံများအတွက် ဆေးနှင့်ဆေးပစ္စည်းများ၊ ဓာတ်ခွဲခန်းနှင့် ဓာတ်မှန်ခန်းသုံး ဆေးနှင့်ဆေးပစ္စည်းများ၊ Consumable များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါသဖြင့် ဆေးကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

၂။ ဈေးနှုန်းတင်သွင်းလွှာပုံစံများ
စတင်ရောင်းချမည့်ရက် - ၂၃-၅-၂၀၂၂ရက် (တနင်္လာနေ့)
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂၂-၆-၂၀၂၂ရက် (ဗုဒ္ဓဟူးနေ့)
ညနေ ၄:၃၀ နာရီ

၃။ တင်ဒါစည်းကမ်းချက်များနှင့် ဆေးဝါးများစာရင်း အသေးစိတ်ကို သိရှိလိုပါက အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်-

**စစ်ကိုင်းတိုင်းဒေသကြီးကုသရေးဦးစီးဌာနမှူးရုံး**
**နန္ဒဝန်ရပ်ကွက်၊ မုံရွာမြို့၊ ဖုန်း-၀၇၁-၂၆၃၀၁၊ ၀၇၁-၂၆၃၀၂**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၂၉ ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ အမှတ်(၁)နေ ဦးနိုင်လင်းဇော် ၁၂/ရကန(နိုင်)၀၄၇၁၅၃ ၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ဒေါ်နုနုဝင်း ၈/ဆမန(နိုင်)၀၁၄၅၂၉ အမည်ပေါက် ပိုင်ဆိုင်နေထိုင်သည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၄၂ ရပ်ကွက်၊ သခင်လေးမောင်လမ်း၊ အမှတ်(၁၆၇၄)၊ အကျယ်အဝန်း(အလျား ၄၀ ပေx အနံ ၆၀ ပေ)ရှိ မြေကွက်အနက်မှ အကျယ်အဝန်း (အလျား ၄၀ ပေxအနံ ၂၀ပေ)ရှိ မခွဲမစိတ်ရသေးသည့်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ကျွန်ုပ်၏မိတ်ဆွေက ဒေါ်နုနုဝင်းထံမှ ၁၅-၅-၂၀၂၂ ရက်စွဲပါ နှစ်ဦးသဘောတူ အိမ်၊ ခြံ၊ မြေအရောင်းအဝယ် စရန်ပေးကတိစာချုပ် ချုပ်ဆို၍ စရန်ငွေပေးချေပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများအနေဖြင့် ဤကြေညာပါပြီး (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသက်ဇော် LL.B,D.B.L,D.M.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၇၇၈/၁၆)**
**အမှတ်(၅၆၅)၊ အခန်း(A-1)(ပ-ထပ်)၊ MAC Tower ကုန်သည်လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၂၆၄၂၄၃၂၉၇**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅)၊ ၄၀၀(၅)လမ်း၊ မြေကွက်အမှတ် (၂၅၀)၊ အကျယ်အဝန်း(၄၀ပေ× ၆၀ပေ)ရှိ ဦးခင်မောင်လေး (၈/မလန (နိုင်) ၀၁၃၅၆၃) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးမျိုးမင်းလှိုင် (၆/မမန(နိုင်) ၁၁၇၄၅၅)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ် ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးခင်မောင်ဦး** — **ဒေါ်လင်းလင်းထက်**
**LL.B, D.B.L, D.I.L,** — **LL.B.**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈)**
**Hein Htet San Law Firm ဖုန်း-၀၉၅၅၀၆၁၄၆၊ ၀၉၄၅၅၅၀၆၁၄၆**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1H/5339 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံ ပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## မွေးသက္ကရာဇ်အမှန်

ဦးသန်းဆွေ၏သမီး စစ်ကိုင်းတိုင်းဒေသကြီး၊ အရာတော်မြို့နယ်၊ ရွာရှည်ကျေးရွာနေ မနှင်းပွင့်ဖြူ ၅/အရတ(နိုင်) ၁၄၄၇၁၅၏ မွေးသက္ကရာဇ်အမှန်မှာ (၂-၉-၁၉၉၉)ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

ဆားလင်းကြီးမြို့နယ်၊ ဘိုက်သရက်ရွာနေ မခင်မာချို ၅/ဆလက(နိုင်) ၁၁၈၉၉၈၏ နိုင်ငံကူးလက်မှတ် အမှတ် (မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၈၁၄၀၁၉၇**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 3U/9979, Lifan 200 ယာဉ်လက်ဝယ်ရှိသူ ဦးသန်းထိုက် ၅/ဆလက(နိုင်)၀၄၈၈၆၂က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန(မုံရွာ)**

## ပျောက်ဆုံးကြောင်း

ဆားလင်းကြီးမြို့နယ်၊ ဘိုက်သရက်ရွာနေ မထွေးမြင့် ၅/ဆလက(နိုင်) ၀၇၃၂၈၀၏ နိုင်ငံကူးလက်မှတ် အမှတ် (မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၈၁၄၀၁၉၇**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ နံ့သာကုန်းလမ်း၊ အမှတ်(မ/၁၆)နေ စောဩဂတ်စတင်းကျော် ၁၂/အစန(နိုင်) ၂၀၄၇၃၄၏ လွှဲအပ်ချက်အရ-

ကျွန်ုပ်၏မိတ်ဆွေ စောဩဂတ်စတင်းကျော်နှင့် နေပြည်တော် ဇဗ္ဗူသီရိမြို့နယ်၊ ဝဏ္ဏသိဒ္ဓိရပ်ကွက်နေ ဒေါ်သင်းမြတ်အေး ၁၄/ကပန(နိုင်) ၁၅၄၉၈၄တို့သည် ၁၈-၃-၂၀၁၇ ရက်မှစ၍ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်လာခဲ့ရာ စိတ်သဘောထားချင်း တိုက်ဆိုင်မှုမရှိ၊ ဆက်လက်ပေါင်းသင်းရန် မဖြစ်နိုင်တော့၍ ၈-၅-၂၀၂၂ရက်တွင် အသိသက်သေများရှေ့၌ ကွာရှင်းပြတ်စဲကတိစာချုပ်အား နှစ်ဦးသဘောတူလက်မှတ်ရေးထိုးချုပ်ဆိုခဲ့ပြီးဖြစ်ပါကြောင်းနှင့် ပတ်သက်ဆက်နွှယ်မှုမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ- ဦးစောအယ်ထူး(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၄၇၈၉)**
**အမှတ်(၁၅၃)၊ နံ့သာကုန်းလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## တာချီလိတ်ခရိုင်တရားရုံးတော်
## ၂၀၂၂ ခုနှစ် တရားမကြီးမှုအမှတ် - ၈

ဒေါ်လင်းလင်းကြည် (၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်ရင်ကြည်) — တရားလို
နှင့်
၁။ ဒေါ်နန်းမုန့်
၂။ ဦးအိုက်ဟောက်
၃။ ဦးမောင်မောင်ချစ်
၄။ ဦးစိုင်းတစ်(ခ) ဦးစိုင်းဝန်းကန့် — တရားပြိုင်များ

အမှတ် (၇၄)၊ တာလေ့ရပ်ကွက်၊ တာချီလိတ်မြို့နေ (၁) တရားပြိုင် ဒေါ်နန်းမုန့် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက တာချီလိတ်မြို့၊ ဟောင်လိတ်ကျေးရွာအုပ်စု၊ ကွင်းအမှတ်-၅၂၊ လွယ်စတုံတောင်ကွင်း၊ အပိုင်း(င)၊ ဦးပိုင်အမှတ်-၁၀၆+၁၀၇၊ ဧရိယာ ၀ဒသမ၁၂၀ကေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ကျူးကျော်ဆောက်လုပ်ထားသော အဆောက်အအုံနှင့် အုတ်တံတိုင်းကာရံထားခြင်းတို့အား ဖျက်သိမ်းဖယ်ရှား၍ လက်ရောက်ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေဖြစ်စေ ၂၀၂၂ ခုနှစ် ဇွန် ၁ရက် (၁၃၈၄ ခုနှစ်၊ နယုန်လဆန်း ၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြု လိုသည့်စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင် သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် မေ ၁၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(စံမြင့်)**
**ခရိုင်တရားသူကြီး**
**တာချီလိတ်ခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## တာချီလိတ်ခရိုင်တရားရုံးတော်
## ၂၀၂၂ခုနှစ်၊ တရားမကြီးမှုအမှတ် ၇

ဒေါ်နှင်းနွယ်လင်း (၎င်း၏အခွင့်ရကိုယ်စားလှယ်ဒေါ်ရင်ကြည်) — တရားလို
နှင့်
၁။ ဒေါ်နန်းမုန့်
၂။ ဦးအိုက်ဟောက်
၃။ ဦးမောင်မောင်ချစ်
၄။ ဦးစိုင်းတစ်(ခ) ဦးစိုင်းဝန်းကန့် — တရားပြိုင်များ

အမှတ်(၇၄)၊ တာလေ့ရပ်ကွက်၊ တာချီလိတ်မြို့နေ (၁)တရားပြိုင် ဒေါ်နန်းမုန့် (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက တာချီလိတ်မြို့၊ ဟောင်လိတ်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၅၂)၊ လွယ်စတုံတောင်ကွင်း၊ အပိုင်း(င)၊ ဦးပိုင် အမှတ်(၁၀၄+၁၀၅)၊ ဧရိယာ (၀ဒသမ ၁၀၅)ကေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ကျူးကျော်ဆောက်လုပ်ထားသော အဆောက်အအုံ နှင့် အုတ်တံတိုင်းကာရံထားခြင်းတို့အား ဖျက်သိမ်းဖယ်ရှား၍ လက်ရောက်ရလိုကြောင်း နှင့်လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ် တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့် ဖြစ်စေ ၂၀၂၂ခုနှစ် ဇွန် ၁ရက်(၁၃၈၄ခုနှစ် နယုန်လဆန်း ၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ် တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြု လိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက် တင်သွင်းရမည်။

၂၀၂၂ခုနှစ် မေလ ၁၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(စံမြင့်)**
**ခရိုင်တရားသူကြီး**
**တာချီလိတ်ခရိုင်တရားရုံး**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ်3L/3764 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4J/8243 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မြောက်ပိုင်း)**
**အင်းစိန်**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ် (ဒဒ-၁၁)၊ ဦးပိုင်အမှတ် (၂၉)၊ ၆၁x၆၂ လမ်း၊ အေး မေတ္တာနှင့် အေးသုခလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးသန်း ၉/ပသက(နိုင်)၀၀၄၀၁၄၏ အထွေထွေကိုယ်စားလွှဲစာအမှတ် (၃၇၅/၂၀၀၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးဆလိုင်းဇော်လွင် ၉/မရမ(နိုင်)၀၁၉၀၀၃က သက်တမ်းတိုးလျှောက်ထားဆဲဖြစ်ရာ ဂရန်မိတ္တူဖြစ် ပါ၍ ဂရန်ပေါ်တွင် တောဂရန်ပျောက်ဆုံးသည်ဟု လျှောက်ထားလာသဖြင့် လက်ခံတောဂရန်နှင့် စိစစ်ပြီး ထုတ်ပေးခြင်းဖြစ်သည်။ တောဂရန်စာချုပ်မူရင်း ပြန်လည်တွေ့ရှိပါက ယခုထုတ်ပေးထားသော မိတ္တူမှန်သည် ပျက်ပြယ်သည်ဟူသော မင်နီမှတ်ချက်ရေးသားခြင်းအား ပယ်ဖျက်၍ သားရေဖုံး ဂရန်စာချုပ်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ပုဗ္ဗသီရိရပ်၊ ဝဏ္ဏဒီပရပ်ကွက်မှ မြေဧရိယာ(၀ဒသမ၀၅၅)ကေရှိ ဒေါ်စန်းစန်းငွေး ၉/တကန(နိုင်) ၀၀၃၄၅၈(ဘ) ဦးထွန်းကြည် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ်(ပ-၃၁၇၆၄)ကို တပ်ကုန်းမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၆/၂၀၂၀(၁၉-၆-၂၀၂၀)ဖြင့်မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးရွှေကြိုင် ၇/ညလပ(နိုင်) ၁၃၂၂၄၀(ဘ)ဦးသန်းရွှေ မှ ဒေါ်သီရိစံ ၈/မကန(နိုင်) ၂၁၉၄၃၉နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့် ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူး ခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အမည်မှန်

ပေါက်တောမြို့၊ ဘဝမ်းချောင်းဝစုရပ်ကွက်နေ ဦးကျော်ထွန်းအောင်၏သား ဦးထွန်းလှရွှေ၏အမည်မှန်မှာ ဦးထွန်းလင်းချေ ၁၁/မပန(နိုင်)၀၄၄၀၃၃ ဖြစ်ပါကြောင်း။

**ဦးထွန်းလင်းချေ**

## တစ်ဦးတည်းဖြစ်ကြောင်း

စစ်တွေမြို့၊ ကသဲရပ်ကွက်နေ ဦးကျော်ဇံ၏သား ဦးမောင်ကျောက်ကေ ၁၁/စတန(နိုင်)၀၃၅၁၂၃(ခ)ဦးမောင်ကျော်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးမောင်ကျောက်ကေ(ခ)**
**ဦးမောင်ကျော်**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ခွန်ခင်မောင် ၁၃/တကန(နိုင်)၃၆၅၇၈၇၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၈၈၃၀၈၇၆၀၁**

## ပျောက်ဆုံးကြောင်း

ကျွန်မ မစိန်မှီ ၁၃/တကန(နိုင်) ၃၃၅၂၂၇၏ နိုင်ငံကူးလက်မှတ် အမှတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၈၈၅၇၉၅၇၇၁**

## အမည်ပြောင်း

တောင်ကြီးမြို့၊ အလက(၁၄)၊ ဒုတိယတန်း(အောင်)မှ မသက်ထက်နှင်းအိမ်အား ယနေ့မှစ၍ မထက်နှင်းအိမ်ဟု ပြောင်းလဲခေါ်ပါရန်။

**မထက်နှင်းအိမ်**

## ဖခင်အမည်မှန်

တောင်ကြီးမြို့၊ အထက(၁)၊ Grade-11 (ဒသမတန်း)မှ မယွန်းလေပြေဦး၏ဖခင်အမည်မှန်မှာ ဦးစည်သူကျော်ညွန့် ၁၃/တကန(နိုင်)၂၀၉၄၈၆ ဖြစ်ပါကြောင်း။

## တရားဝင် ကွာရှင်းပြတ်စဲခြင်း

ကျွန်တော် ကိုအောင်ကျော်ဇင် ၉/မထလ(နိုင်)၂၅၃၃၃၃နှင့် မသီတာဆွေ ၁၄/ပသန(နိုင်)၂၁၀၆၉၇ တို့သည် ၁-၃-၂၀၂၂ ရက်တွင် ရန်ကုန် အနောက်ပိုင်းခရိုင် တရားရုံးတွင် နှစ်ဦးသဘောတူ လွတ်လပ်သော သဘောဆန္ဒအရ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးစီးကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကိုအောင်ကျော်ဇင်**
**၉/မထလ(နိုင်)၂၅၃၃၃၃**

## ကန့်ကွက်နိုင်ပါကြောင်း

မိုးကုတ်မြို့နယ်၊ ရေပေါက်တစ်ရာရပ်၊ ကွင်းအမှတ်(ကွင်းပြင်)၊ ဦးပိုင်အမှတ် N-၄၈၉/ည၊ ဧရိယာ(၀ဒသမ၅၅၀)ကေရှိ မြေကွက်/ကွင်းအမှတ်(ကွင်းပြင်)၊ ဦးပိုင်အမှတ်-N၄၈၉/ဌ၊ ဧရိယာ(၀ဒသမ၉၆၅)ကေရှိ မြေကွက်နှင့် ကွင်းအမှတ်ကွင်းပြင်၊ ဦးပိုင်အမှတ် -N ၄၈၉/ဃ၊ ဧရိယာ(၀ဒသမ ၉၆၇)ကေရှိ မြေကွက်တို့အား ဦးယောဆက် ၉/မကန(နိုင်) ၀၅၂၂၅၆မှ မြေငှားဂရန်သစ် လျှောက်ထားမည်ဖြစ်၍ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ဤရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက မြေယာဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ပြီးစီးကြောင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**မိုးကုတ်မြို့နယ်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန**

## အများသိစေရန် ကြေညာခြင်း

မိုးကုတ်မြို့နယ်၊ ရေပေါက်တစ်ရာရပ်၊ ကွင်းအမှတ်-ကွင်းပြင်၊ ဦးပိုင်အမှတ် N-၄၈၉/ဍ၊ ဧရိယာ ၀ဒသမ၉၆၇ကေရှိ မြေကွက်နှင့် ဦးပိုင်အမှတ် N ၄၈၉/ဓ၊ ဧရိယာ ၀ဒသမ၉၇၄ကေရှိ မြေကွက်တို့အား ဒေါ်မေရီယန် ၉/မကန(နိုင်) ၀၇၈၉၃၆ မှ မြေငှားဂရန် အသစ်လျှောက်ထားမည်ဖြစ်၍ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက် အတွင်း ဤရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက မြေယာဥပဒေ လုပ်ထုံးလုပ်နည်းနှင့်အညီ ပြီးစီးကြောင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**မိုးကုတ်မြို့နယ်**
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## မိဘအမည်မှန်

အမှတ်(၃) ရဲလေ့ကျင့်ရေးကျောင်း၊ စည်သူတပ်ခွဲ၊ အမှတ်စဉ် (၃၈/၂၀၂၂)မှ သော်ဇင်အောင်၏ မိဘအမည်မှန်မှာ ဦးသိန်းအောင်-ဒေါ်သူဇာ(ခ) ခင်အုန်းမြင့် ဖြစ်ပါကြောင်း။

## မိဘအမည်မှန်

အမှတ်(၃) ရဲလေ့ကျင့်ရေးကျောင်း၊ စည်သူတပ်ခွဲ၊ အမှတ်စဉ် (၃၈/၂၀၂၂)မှ ရဲဝေလင်း၏ မိဘအမည်မှန်မှာ ဦးဝင်းသန်းထွန်း-ဒေါ်စန်းဝင်းကြည်(ခ)ဆန်းဝင်းကြည် ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9V/9282 ယာဉ်ယာဉ်လက်ဝယ်ရှိသူ ဒေါ်မိုးကွေ့ ၁၃/လရန(နိုင်)၀၆၆၅၉၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြင်ဦးလွင်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2I/5329 Nissan AD VY 12 Station Wagon (4x2) R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်လှ ၅/မမန(နိုင်)၀၁၈၈၇၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2I/8068 Daihatsu Hijet S20 Pickup (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးညီညီအောင် ၉/ခမစ (နိုင်) ၀၀၄၃၈၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇ဃ/၆၂၉၈၀ Yamaha FZ 150 ယာဉ်လက်ဝယ်ရှိသူ ဦးမင်းမင်းစိုး ၉/ခမစ(နိုင်)၀၇၂၇၁၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ) ရပ်ကွက်၊ အကွက်အမှတ် (ဟ-၁၀)၊ ဦးပိုင်အမှတ် (၁၇)၊ ၆၃ x ၆၄ လမ်း၊ ပျူစောထီးနှင့် ကျန်စစ်သားလမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သော ဇနီးဖြစ်သူ ဒေါ်သန်းနု ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် (၂၉၉၁/၂၀၂၀) ဖြင့် ခင်ပွန်းဖြစ်သူ ဦးတင်အောင်မှ အမွေဆက်ခံခဲ့ပြီး (ဖခင်) ဖြစ်သူ ဦးတင်အောင်ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် (၁၃၆၈/၂၀၂၁) ဖြင့် အမွေဆက်ခံခဲ့သော သား/သမီး များဖြစ်သည့် ဒေါ်ချိုချိုအောင် ၉/အမရ(နိုင်)၀၁၇၃၄၂၊ ဦးညီညီအောင်၊ ၉/အမရ(နိုင်)၀၁၇၃၅၆၊ ဒေါ်နွယ်နီအောင် ၉/အမရ(နိုင်)၀၁၇၃၆၀ တို့က သက်တမ်းတိုး၊ အမည်ပြောင်းလျှောက်ထားဆဲ ဖြစ်ရာ ဂရန်မိတ္တူဖြစ်ပါ၍ ဂရန်ပေါ်တွင် တောဂရန်ပျောက်ဆုံးသည်ဟု လျှောက်ထားလာသဖြင့် လက်ခံနှင့်စိစစ်ပြီး ဂရန်မိတ္တူထုတ်ပေးခြင်းဖြစ်သည်။ ဂရန်စာချုပ်မူရင်းပြန်လည်တွေ့ရှိပါက ယခုထုတ်ပေးထားသော မိတ္တူမှန်သည် ပျက်ပြယ်သည် ဟူသော မင်နီမှတ်ချက်ရေးသားခြင်းအား ပယ်ဖျက်၍ သားရေဖုံးဂရန် စာချုပ်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (ရလပ-၂၂)၊ မြေကွက်အမှတ်(၅၄၂)၊ အကျယ်အဝန်း(၄၀ပေx၆၀ပေ)ရှိ ဦးခင်မောင်ဆွေ ၉/ကဆန(နိုင်)၀၂၂၆၂၃ အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင်လက်ရှိပိုင်ဆိုင်သူ ဦးဟန်ရွှေ ၁၂/ကမတ(နိုင်) ၀၀၃၄၄၁ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့် ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်း၊ ပါမစ်မူရင်းတို့နှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ရွှေဇင်အိ(LL.B,D.B.L,D.I.L)**
**အထက်တန်းရှေ့နေ(စဉ်-၄၃၀၆၄/၂၀၁၃)**
**တိုက်(၃၉၀/၄)၊ စက်မှု(၁)လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၄၂၀၀၉၇၀၇၃**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ လှည်းငုတ်ချောင်းကျေးရွာ၊ ကွင်းအမှတ်(၆၁၂/က)၊ ကွင်းအမည်-သင်တောရိုး ဦးပိုင်အမှတ်(၂၇/၁) လက်ရှိပြေစာအမည်ပေါက် ဦးထွန်းလင်း၏မြေကွက်အကျယ် ၀ ဒသမ ၃၁ ဧကမှ ဦးချစ်ထွေးဆိုသူအား ၂၀၁၀ ပြည့်နှစ်၊ စက်တင်ဘာ ၂၂ ရက်တွင် အလျား ၃၀ပေx အနံ ၁၂၂ ပေ ကို ပြေစာ အမည်ပေါက် ဦးထွန်းလင်း၏သား/သမီးများဖြစ်သည့် ဦးအောင်မြင့်နှင့် ဒေါ်မြကြည်တို့မှ ရောင်းချခဲ့ပါသည်။ ယခုအခါ ကျွန်ုပ်၏မိတ်ဆွေများမှ ယင်းမြေကွက်ကို လက်ရှိပိုင်ဆိုင်နေသည့် ဦးချစ်ထွေးထံမှ ပြန်လည်ဝယ်ယူမည်ဖြစ်ပါ၍ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက အထက်ဖော်ပြပါမြေကွက်နှင့်ပတ်သက်သည့် အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သဲနုဝင်း LL.B,D.B.L**
**အထက်တန်းရှေ့နေ**
**စဉ်-၄၅၅၇၇/၂၆-၁-၂၀၁၅**
**အမှတ်-၆၀(B-2)၊ သီရိလမ်း၊ ၂ ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၄၅၀၀၄၆၆၈၆၊ ၀၉-၄၀၁၁၅၄၆၀၀**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၇)ရပ်ကွက်၊ ရှုခင်းသာလမ်းသွယ်၊ မြေကွက်အမှတ်(၃/၁)တွင် တည်ဆောက်ထားသော တိုက်(G)၊ အခန်းအမှတ်(၄၀၄)၊ Pilon Village Residences ၊ တိုက်ခန်း(၁)ခန်းအား ပိုင်ဆိုင်၍ ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ငွေငွေကြည် ၁၂/ကမရ(နိုင်)၀၀၅၈၅၅ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စန္ဒာအေး ၁၁/စတန(နိုင်)၁၀၂၁၆၈ က အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက် အတွင်း ခိုင်မာသောအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ကျော်မိုး(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၂၆၆၁၈/၀၇)**
**ဖုန်း-၀၉-၈၉၂၀၉၀၁၇၂**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၅)ရပ်ကွက်၊ နေခြည်လမ်း၊ မြေကွက်အမှတ်(၉၅၃)၊ ဧရိယာပေ(၄၀x၆၀)ရှိ ဂရန်မြေအတွင်းမှ တရားဝင်မခွဲစိတ်ရသေးသော ခေါင်းရင်းခြမ်း ဧရိယာပေ(၂၀x၆၀)မြေနှင့် ယင်းမြေပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံးကို ဝယ်ယူပိုင်ဆိုင်၍ ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်အုန်းမြင့်ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မြင့်မြင့်မိုးက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက် အတွင်း ခိုင်မာသောအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ကျော်မိုး(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၂၆၆၁၈/၀၇)**
**ဖုန်း-၀၉-၈၉၂၀၉၀၁၇၂**

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (ရွှေလင်ပန်း ၂၃)၊ မြေကွက်အမှတ်(၁၃၈၀)၊ အကျယ်အဝန်း(ပေ၄၀ x ပေ၆၀)ရှိ ဦးထွေးမြ ၁၂/မဂဒ(နိုင်)၀၅၇၆၀၈ အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင်လက်ရှိပိုင်ဆိုင်သူ ဦးနိုင်ငွေး ၁၂/လသယ(နိုင်) ၀၇၃၅၃၅ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်း၊ ပါမစ်မူရင်းတို့နှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ရွှေဇင်အိ(LL.B, D.B.L, D.I.L)**
**အထက်တန်းရှေ့နေ(စဉ်-၄၃၀၆၄/၂၀၁၃)**
**တိုက်(၃၉၀/၄)၊ စက်မှု(၁)လမ်း၊ ဗဟန်းမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၀၀၉၇၀၇၃**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၁၃)ရပ်ကွက်၊ ကွင်းအမှတ်(၅၇-က)၊ ကညင်ကျွန်းကွင်း၊ မြေကွက်အမှတ်(M-၉၀)၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ မြို့မြေကို ဦးစိုးလွင်အမည်ဖြင့် မြေပေးမိန့်ထုတ်ပေးပါရန် လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့် ရက်မှစ၍ ၁၅ ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ အကျိုးအကြောင်းဖော်ပြ၍ ကာယကံရှင်ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပုသိမ်မြို့နယ်**

## ပြန်ကြားရေးဝန်ကြီးဌာန
## ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါလျှောက်လွှာခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနရှိ ရန်ကုန်ပုံနှိပ်စက်ရုံများမှ ထွက်ရှိသော ဘေးထွက်ပစ္စည်းများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပါမည်။

၂။ အသုံးမပြုတော့သည့် ဘေးထွက်ပစ္စည်းဟောင်းများ၏ အိတ်ဖွင့်တင်ဒါပုံစံလျှောက်လွှာနှင့် စည်းကမ်းချက်များကို ၁၉-၅-၂၀၂၂ရက်မှ ၂၄-၅-၂၀၂၂ရက်အထိ နေ့စဉ် နံနက် ၉:၃၀နာရီမှ ညနေ ၄:၀၀နာရီအတွင်း ဝယ်ယူနိုင်ပြီး တင်ဒါပိတ်မည့်ရက်နှင့် အချိန်မှာ ၂၄-၅-၂၀၂၂ရက် ညနေ ၄:၀၀နာရီဖြစ်ပါသည်။

၃။ သတ်မှတ်ချိန်ထက် ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၁-၂၅၁၉၀၈ထံသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူစိစစ်ရောင်းချရေးအဖွဲ့**
**ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန**
**ပြန်ကြားရေးဝန်ကြီးဌာန**
**အမှတ်(၂၂၈)၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊**
**ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁၈) မြေကွက်အမှတ်(၇၂၈) ကနောင်မင်းသားကြီးလမ်း၊ အကျယ်အဝန်း(၄၀ပေ × ၆၀ပေ)ရှိ ဒေါ်မေပေါ်ဦး (ခ) ဒေါ်မေမောင် အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ဝယ်ယူခဲ့ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းလာသူ ဒေါ်မိုးမိုးရည် (၁၂/ဒဂရ(နိုင်)၀၁၉၀၀၂)ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဖြစ်သူကဝယ်ယူရန် အရောင်းအဝယ် ပြုလုပ်သည့်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်မာသော စာချုပ်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - **ဒေါ်အေးမြမွန် (LL.B, LL.M)**
**အထက်တန်းရှေ့နေ( စဉ်-၃၄၆၇၉)**
အမှတ်(၆)၊ ၄လွှာ(ယာ)၊ ၁၂၃-လမ်း၊သပြေကုန်းရပ်ကွက်၊မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၇၉၅၆ ၈၃၃၇၈

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ကံ့ကော်လမ်းနှင့် (၂၂)လမ်းထောင့်၊ မြေတိုင်းရပ်ကွက်အမှတ် ရွှေနံ့သာစံပြ၊ မြေကွက်အမှတ် ၆၇၈၊ ဧရိယာ(၈၀x၆၅) ပေရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ရှင် ဒေါ်ကျန်လန့်(ခ)ဒေါ်မြမြသိန်း ၁၃/သပန(နိုင်)၀၂၈၁၄၇ ထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုသည့်တန်ဖိုးငွေ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံတွင် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နှင်းအိသူ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၃၉၂)**
**အမှတ် ၄၂၀၊ တပင်ရွှေထီးလမ်း၊ ငွေနံ့သာစံပြ၊ လှည်းကူးမြို့နယ်၊**
**ဖုန်း-၀၉-၄၂၀၂၁၄၉၆၆**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၆/၄)၊ သုမန(၃)လမ်း၊ မြေကွက်အမှတ်(၈၈၄/ခ)၊ အကျယ်အဝန်း(၂၀'x၆၀')ပေရှိ နှစ် (၆၀) ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ နှစ်ထပ်တိုက်အပါအဝင် အကျိုးခံစားခွင့်အားလုံးကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးထွန်းထွန်း ၁၂/သဃက(နိုင်)၁၁၈၆၄၅ ကွယ်လွန်ခဲ့ပြီးဖြစ်၍ ၎င်း၏ဇနီးဖြစ်သူ ဒေါ်မိမိဆွေ ၁၂/သဃက(နိုင်)၁၁၈၆၄၂မှ အမွေဆက်ခံပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်မာသော အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမြင့်ထွန်း(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၉၅၇၅)**
**ဖုန်း-၀၉-၄၂၇၂၅၅၂၀၊ ၀၉-၇၈၅၁၄၉၄၅၆**

## ကြော်ငြာစာ
## (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃)
## မန္တလေးခရိုင်တရားရုံးတော်
## ၂၀၂၂ ခုနှစ် တရားမအထွေထွေမှုအမှတ် – ၆၈

**ကွယ်လွန်သူ ဦးခွေးနှင့် ဒေါ်အုန်းကြည်တို့၏ ကျန်ရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု**

အမရပူရမြို့နယ်၊ တမုတ်ဆိုးကျေးရွာအုပ်စု၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးခွေးနှင့် ဒေါ်အုန်းကြည်တို့၏ (သေတမ်းစာအတည်ပြုသည့်လက်မှတ် / ကျန်ရစ်သောပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ်) ထုတ်ပေးပါမည့်အကြောင်းနှင့် ဦးဇော်ခိုင်က အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၂ ခုနှစ် ဇွန် ၃ ရက် (၁၃၈၄ ခုနှစ် နယုန်လဆန်း ၅ ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးခွေးနှင့်ဒေါ်အုန်းကြည်တို့၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်)ဆိုခဲ့သော ၂၀၂၂ ခုနှစ် ဇွန် ၃ ရက် (၁၃၈၄ခုနှစ် နယုန်လဆန်း ၅ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ (သေတမ်းစာအတည်ပြုချက်လက်မှတ် / အမွေထိန်းလက်မှတ်) လာရောက်ဆိုင်ဆိုရန်နှင့် မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဦးဇော်ခိုင်၏ လျှောက်လွှာ အပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၂ ခုနှစ် မေလ ၁၉ ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ငွေငွေမော်)**
**တွဲဖက်ခရိုင်တရားသူကြီး(၁)**
**မန္တလေးခရိုင်တရားရုံး**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပုလဲငွေရောင်ရပ်ကွက်၊ အကွက်အမှတ် (၁၅၈)၊ ဦးပိုင်အမှတ်(၆+၇+၂၀-ဃ၊ ၂)ထဲမှ ခဲစင်းပြဧရိယာ ၀ ဒသမ ၀၁၂၄ ဧက၊ ၂၁ လမ်း၊ ၈၂x၈၃ လမ်းကြားရှိ ချဟာဘီလ်ဒတ္တအမည်ပေါက် ဘိုးဘမြေကွက်အား ဒေါ်ဖြူဖြူအေး ၉/မနမ(နိုင်)၁၁၂၀၃၈ က အိမ်ဆောက်မိန့်တင်ရန်အတွက် မြေတိုင်းတာ ပေးပါရန်နှင့် မြေပုံရေးကူးခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါ သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ် (လ-၈)၊ ဦးပိုင်အမှတ်(၅၇)၊ ၆၇x၆၈ လမ်း၊ ဆင်ဖြူရှင်နှင့် ဝေသာလီလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ တပ်ကြပ်ကြီး ဦးအောင်ကျော်ထွန်း ၉/မနမ(နိုင်)၀၉၆၅၃၃ ၏အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၂၆၀၂/၂၀၁၇) ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်နန်းအေး ၉/မရတ(နိုင်)၁၁၉၉၃၁ က သက်တမ်းတိုးလျှောက်ထားဆဲဖြစ်ရာ ဂရန်မိတ္တူဖြစ်ပါ၍ ဂရန်ပေါ်တွင် "ဂရန်ပျောက်ဆုံးဟု လျှောက်ထားလာသဖြင့် ရုံးလက်ခံနှင့်စိစစ်၍ ဂရန်မိတ္တူထုတ်ပေးခြင်းဖြစ်သည်။ ဂရန်မူရင်းပြန်လည်တွေ့ရှိပါက ယခုထုတ်ပေးထားသော မိတ္တူမှန်သည် ပျက်ပြယ်သည်"ဟူသော မင်နီမှတ်ချက်ရေးသားခြင်းအား ပယ်ဖျက်၍ သားရေဖုံးဂရန်စာချုပ် ထုတ်ယူခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ အမှတ်(၁၃)ရပ်ကွက်၊ ဆီဇုန်လမ်းနေ ဒေါ်ခင်သီတာထွန်းက ပုသိမ်မြို့၊ အမှတ်(၁၃)ရပ်ကွက်၊ ကွင်းအမှတ်(၅၂)၊ ရေနံ့ဇုန်၊ ဦးပိုင်အမှတ်(M-၁၈)၊ ဧရိယာ ၀ ဒသမ ၀၆၉ ဧကရှိ မြို့မြေကို မြေပေးမိန့် လျှောက်ထားချက်များနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင်လာရောက် ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပုသိမ်မြို့နယ်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5L/5853 Toyota VANGUARD ACA33 Station Wagon(4x4)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်အားစိမ်း ၁၃/တယန(နိုင်)၀၃၅၇၀၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။**ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 15U/5380 Bajaj 200 Three Wheel Vehicle ယာဉ်လက်ဝယ်ရှိသူ ဦးထိန်လင်းလတ် ၉/ပသက(နိုင်)၀၉၀၀၃၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။**ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊မန္တလေးမြို့**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ နွားထိုးကြီးမြို့နယ်၊ ရွာကြီးရွာသစ်နေ ဦးကျော်အောင်ငွေး၊ ဒေါ်သန်းသန်းဦးတို့၏ သမီး မအေးနန္ဒာကျော်(ခ)မီးမီး ၉/နထက(နိုင်)၁၄၃၄၀၆ သည် မိဘတို့၏ ဆိုဆုံးမမှုကို မနာခံသည့်အပြင် မိဘဆွေမျိုးများ ဂုဏ်သိက္ခာ ကျဆင်း၍ အရှက်ရစေရန် ပြုမူဆောင်ရွက်ပါသဖြင့် ကြော်ငြာပါသည့် ရက်မှစ၍ သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်ပြီးဖြစ်ပါကြောင်း ၎င်းနှင့် ပတ်သက်သောကိစ္စအဝဝသည် မိဘဆွေမျိုးများနှင့် သက်ဆိုင်ခြင်းမရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မေးမြန်းစုံစမ်းခြင်းသည်းခံပါ။**

**ဦးကျော်အောင်ငွေး-ဒေါ်သန်းသန်းဦး**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျိုကုန်းရပ်ကွက်၊ အကွက်အမှတ် (အ-၂၂)၊ ဦးပိုင်အမှတ်(၆၄)၊ ၆၇x၆၈လမ်း၊ မင်းကြီးရန်နောင်နှင့် မင်္ဂလာလမ်းကြားရှိ ဦးဘကျော် အမည်ပေါက်တောဂရန်မြေကွက်အား ဦးဘကျော်(လူပျိုကြီးဘဝ)ဖြင့် ကွယ်လွန်၍ ညီအရင်းအဖြစ်သူ ဦးဘသော် ၈/မမန(နိုင်) ၀၇၆၉၀၈၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၃၈၃၀/၂၀၂၀)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးဘိုးထွန်း ၈/မမန(နိုင်) ၁၂၁၁၅၀က မြေကွက်၏ ငွေသွင်းပြေစာမူရင်းမှာ ပျောက်ဆုံးနေပါသဖြင့် ပျောက်ဆုံးကြောင်း ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ မြေပုံ၊ မြေရာဇဝင်(၁-က)စာရင်းတွင် ဦးဘကျော်အမည်ပေါက် မှတ်သားခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက် လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

**တို့နိုင်ငံဟာ တိုင်းရင်းသားလူမျိုးပေါင်း ၁၀၀ ကျော် စုစည်းနေထိုင်တဲ့ ပြည်ထောင်စုကြီးဖြစ်တဲ့အတွက် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုတဲ့ ဒို့တာဝန်အရေးသုံးပါးဟာ တို့တပ်မတော်သားတွေ အမြဲတမ်းထိန်းသိမ်း ကာကွယ်စောင့်ရှောက်ရမယ့် အမျိုးသားရေးတာဝန်ပဲ ဖြစ်တယ်။ အမျိုးသားရေး ဆိုတာ တစ်မျိုးသားလုံးရဲ့အကျိုးစီးပွားနဲ့ ဘာသာ၊ သာသနာ၊ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းအစဉ်အလာတို့ကို ကာကွယ်စောင့်ရှောက်ခြင်းကို ဆိုလိုတယ်။ နိုင်ငံတော်မှာ မည်သည့်နိုင်ငံရေးစနစ်၊ မည်သည့်အစိုးရ ဦးဆောင်သည်ဖြစ်စေ တပ်မတော်အနေနဲ့ တစ်မျိုးသားလုံးနဲ့ သက်ဆိုင်တဲ့ အမျိုးသားရေးမူဝါဒဖြစ်တဲ့ ဒို့တာဝန်အရေးသုံးပါးကို ဆက်လက်ထိန်းသိမ်းသွားရမှာ ဖြစ်တယ်။ တပ်မတော်ရဲ့ အမျိုးသားနိုင်ငံရေးကို အကောင်အထည်ဖော်ရာမှာ ပြည်သူ ပြည်သားများနဲ့အတူ လက်တွဲညီညီ အစွမ်းကုန်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြောကြားလိုတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမဟာသရေစည်သူ မင်းအောင်လှိုင်၏ ဘွဲ့ရ အမျိုးသမီး ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၈) သင်တန်းဆင်းပွဲ အခမ်းအနားတွင် ပြောကြားခဲ့သည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

၂၂-၁၂-၂၀၂၁

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့(၁၄)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲပြုလုပ်

**နေပြည်တော် မေ ၁၉**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၄) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်ဦး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ဝန်ကြီးဌာနအသီးသီးမှ ကိုယ်စားလှယ်များ၊ တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် ပြည်တွင်းသတင်းဌာနများ၊ နေ့စဉ်ထုတ်သတင်းစာများ၊ ပြည်တွင်းရုပ်မြင်သံကြားသတင်းဌာနများ၊ ပြည်တွင်းအခြေစိုက် ပြည်ပသတင်းဌာနများမှ သတင်းထောက်များ တက်ရောက်ကြသည်။

*စာမျက်နှာ ၇ ကော်လံ ၁* ❖



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၄) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ ကျင်းပစဉ်။

## အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ပိုက်ကျော်ခြင်းအားကစားနည်းမှ မြန်မာနိုင်ငံအတွက် ရွှေတစ်ခု၊ ကြေးတစ်ခု ထပ်မံဆွတ်ခူးရရှိ

**ဗီယက်နမ် မေ ၁၉**

ဗီယက်နမ်နိုင်ငံ၌ အိမ်ရှင်အဖြစ် လက်ခံ ကျင်းပလျက်ရှိသည့် (၃၁) ကြိမ်မြောက် အရှေ့တောင် အာရှအားကစား ပြိုင်ပွဲများကို မြို့အသီးသီးရှိ အားကစားကွင်း/ အားကစားရုံများ၌ ကျင်းပလျက် ရှိရာ ယနေ့မွန်းလွဲပိုင်းတွင် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့ရှိ Hoang Mai အားကစားရုံ၌ ပိုက်ကျော်ခြင်း အားကစားနည်း

*စာမျက်နှာ ၈ ကော်လံ ၁* ◆



## (၃၁) ကြိမ်မြောက် SEA Games အမျိုးသမီးဘောလုံးပြိုင်ပွဲ မြန်မာအမျိုးသမီးဘောလုံးအသင်း တတိယနေရာလုပွဲ ယှဉ်ပြိုင်မှုအား တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် မေ ၁၉**

ဗီယက်နမ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲမှ တတိယနေရာလုပွဲအဖြစ် မြန်မာအမျိုးသမီး ဘောလုံးအသင်းနှင့် ဖိလစ်ပိုင်အမျိုးသမီးဘောလုံးအသင်းတို့သည် မေ ၂၁ ရက် မြန်မာစံတော်ချိန် မွန်းလွဲ ၃ နာရီခွဲတွင် ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ထိုသို့ ယှဉ်ပြိုင် ကစားကြပုံများကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား MRTV–HD Channel၊ MRTV Sports Channel၊ MRTV NRC Channel နှင့် မြန်မာ့အသံရေဒီယိုတို့မှ တိုက်ရိုက် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်